# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ်(၁၂၂)





ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်။

သတင်းစဉ်

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

## ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေး ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး** က အမှိုက်ပြဿနာဖြေရှင်းရာတွင် အသိပညာပေးရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ ပြဋ္ဌာန်းထားသည့် မြို့တော်စည်ပင်ဥပဒေတွင် စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းနှင့် ပတ်သက်၍ ချမှတ်ရမည့် ပြစ်ဒဏ်များကို ထိထိရောက်ရောက်ချမှတ်ပေးရန် အရေးကြီးပါကြောင်း၊ ယခုချေးငွေသည် သက်သာမှုရှိသည့် ချေးငွေဖြစ်သော်လည်း ပေးဆပ်ကာလမှာ ၆၇ နှစ် ဖြစ်နေသည့်အတွက် ပြုပြင်သန့်စင်စက်အား သက်တမ်းရှည်စေရန်အတွက် ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါကြောင်း၊ ယခုစီမံကိန်းသည် ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်းရှိခြင်း၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံး ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေနှင့် ကြွေးမြီနှင့် ဖွံ့ဖြိုးမှုဆိုင်ရာမဟာဗျူဟာ မူဝါဒများနှင့် ကိုက်ညီသည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်**က အမှိုက်ချေဖျက်ပြုပြင်သန့်စင်သည့် စနစ်ကြောင့် မြို့တော်နေပြည်သူများအတွက် သန့်ရှင်းသာယာသော ပတ်ဝန်းကျင်တစ်ခုဖြစ်စေခြင်း၊ လေထု၊ ရေထု၊ မြေထုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ကာကွယ်နိုင်ခြင်း၊ ရန်ကုန်မြို့အတွက်သာမက နိုင်ငံ့အတွက်ပါ အနာဂတ်ကာလရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများတိုးမြှင့်စေပြီး


*စာမျက်နှာ ၅ ကော်လံ ၁* ❑



**ဒုတိယအကြိမ်လွှတ်တော်များ၏ လေးနှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် ပြည်ထောင်စု လွှတ်တော်၏ ၄ နှစ်တာခရီး ဆောင်ရွက်ချက်မှတ်တိုင်များ** စာ ၆

**ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်း ကျင်းပ** စာ ၈

**(၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် ၁၅ ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနဒ္ဓဇာနည်အရှင်မြတ် တစ်ပါးပေါ်ထွန်း** စာ ၁၀

**ဆီးရီးယားအစိုးရတပ်ဖွဲ့က နိုင်ငံအနောက်မြောက်ပိုင်း အချက်အချာ မြို့တစ်မြို့ကို ပြန်လည်ရယူ** စာ ၁၅





## ကျန်းမာရေးနှင့် ညီညွတ်၍ အန္တရာယ်ကင်းစေမှု အစားအစာဘေးကင်းလုံခြုံရေး အထူးဂရုပြု

လူတို့အသက်ရှင်သန်ရန်အတွက် လိုအပ်သည့်အာဟာရဓာတ်ကို ရရှိစေရန်အလို့ငှာ အစားအစာကို မဖြစ်မနေစားကြရသည်။ ယင်းသို့ မဖြစ်မနေစားကြရသည့် အစားအစာသည်လည်း သန့်ရှင်းရန်၊ ကျန်းမာရေးနှင့် ညီညွတ်ရန်လိုသည်။ စားလိုက်သည့် အစာအာဟာရတို့ မသန့်မရှင်း၊ ဘေးမကင်းပါက အသက်ကိုပင် အန္တရာယ်ပြုနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်သုံးမြို့နယ်ရှိ ဈေးအချို့တွင် ရောင်းချသော ကြက်သားအစိမ်းများ၌ ဆဲလ်မိုနဲလားရောဂါပိုး တွေ့ရှိကြောင်း (၄၈) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ ဆေးသုတေသန ညီလာခံတွင် တင်သွင်းခဲ့သော စာတမ်းကို အကြောင်းပြု၍ စားသုံးသူများအကြား စိုးရိမ်မှုများ ဖြစ်ပေါ်ခဲ့သလို မြန်မာတို့၏ ချက်ပြုတ်စားသုံးမှု ဓလေ့အရ အသားငါးတို့ကို ကောင်းစွာနူးနပ်သည်အထိ ချက်ပြုတ်စားသောက်ပါက အန္တရာယ်မရှိနိုင်ကြောင်း အကြံပြုချက်များ ထွက်ပေါ်လာခြင်းကြောင့် စိတ်သက်သာရာ ရခဲ့ကြသည်။

ဆဲလ်မိုနဲလားသည် ဗက်တီးရီးယား ပိုးတစ်မျိုးဖြစ်ပြီး မျိုးကွဲပေါင်း ၂၆၀၀ ကျော်ရှိကြောင်း၊ လူနှင့် တိရစ္ဆာန်များ၏ အူလမ်းကြောင်းတွင် သဘာဝအလျောက် တွေ့ရလေ့ရှိပြီး အန္တရာယ်ရှိနိုင်သည့် ဆဲလ်မိုနဲလား ဗက်တီးရီးယားမျိုးကွဲမှာ အနည်းငယ်သာရှိကြောင်း၊ အန္တရာယ်ရှိသည့် ဆဲလ်မိုနဲလား ဗက်တီးရီးယားကြောင့် အစာအဆိပ်သင့်ခြင်းနှင့် အူရောင်ငန်းဖျား (တိုက်ဖွိုက်)ရောဂါတို့ဖြစ်နိုင်ကြောင်း စသည့်ဗဟုသုတများကိုလည်း ရရှိခဲ့ကြသည်။

မြန်မာနိုင်ငံနှင့်တကွ အိမ်နီးချင်းနိုင်ငံများ လတ်တလောစိုးရိမ်နေကြရသည်မှာ ၂၀၁၉ - နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ခေါ် ပြင်းထန်အဆုတ်ရောင် ရောဂါပိုးကူးစက်ပြန့်ပွားနေမှုဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သတ္တမမြောက်အကြီးဆုံးမြို့ကြီးဖြစ်သည့် ဝူဟန်မြို့ရှိ ဟွာနန်ပင်လယ်စာ လက်ကားဈေးကြီးမှ စတင်ပြန့်ပွားလာခြင်းဖြစ်သည်ဟူ၍ ယူဆထားသည့် အဆိုပါ ပြင်းထန်အဆုတ်ရောင်ရောဂါပိုးသည် လင်းနို့၊ မြွေ စသည့် တောရိုင်းတိရစ္ဆာန်များနှင့် ဆက်စပ်နေသည်ဟု သတင်းများတွင် တွေ့ရသလို ဟွာနန်ဈေးကြီးတွင် တောရိုင်းတိရစ္ဆာန်များကို စားသောက်ရန်အတွက် တရားမဝင်ရောင်းချနေသည့် ဈေးကွက်ရှိနေကြောင်းလည်း တွေ့ရသည်။ အဆိုပါ တောကောင် အသွေးအသားများကို အကြောင်းပြု၍ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လူတို့တွင် ကူးစက်ပြန့်ပွားလာရခြင်း ဖြစ်သည်ဟူ၍ လတ်တလော ကောက်ချက်ချထားရာ တောကောင်အသားစားကြသူများ သတိပြုဖွယ် ပင်ဖြစ်သည်။

အထက်ဖော်ပြပါ ပြည်တွင်းပြည်ပ ဖြစ်စဉ်နှစ်ခုတွင် အစားအစာများ ဘေးကင်းစိတ်ချလုံခြုံရေးအတွက် ဈေးများ၏ အရေးပါပုံကို တွေ့မြင်ရသည်။ ထို့အပြင် စားသုံးရန်အတွက် သားငါးများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဈေးကွက်၌ရောင်းချခြင်း အဆင့်ဆင့်တို့၌ သန့်ရှင်းမှုနှင့် စနစ်ကျနမှုတို့ လိုအပ်ကြောင်း၊ သန့်ရှင်းမှုနှင့် နည်းစနစ်ကောင်းတို့ မရှိပါက မမျှော်မှန်းနိုင်လောက်အောင်ပင် အန္တရာယ်ကြီးမားလှကြောင်းတို့ကိုလည်း သုံးသပ်ကြည့်မြင်နိုင်မည် ဖြစ်သည်။ မွေးမြူသည့်ခြံများတွင် ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ်များကို အမှန်တကယ်ကျင့်သုံးစေခြင်း၊ သားသတ်ရုံများ၊ လက်လီရောင်းချသည့် ဈေးကွက်များ၌ စနစ်တကျသန့်ရှင်းစွာ ထုတ်လုပ်ရောင်းချစေခြင်း၊ အသားထုတ်လုပ်မှုနှင့် ရောင်းချမှုတို့တွင် ပါဝင်ဆောင်ရွက်သူအားလုံး ကျန်းမာသန့်ရှင်းစေခြင်းတို့ကို ပုံမှန်စစ်ဆေးဆောင်ရွက်ခြင်းအားဖြင့် အစားအစာဘေးကင်းလုံခြုံမှုကို ရရှိနိုင်မည်ဖြစ်သလို ဈေးကွက်အတွင်း တရားမဝင်ရောင်းချမှုများကိုလည်း ထိထိရောက်ရောက်ဖော်ထုတ် အရေးယူနိုင်ရန် လိုအပ်မည်ဖြစ်သည်။

အစားအစာဘေးကင်းလုံခြုံရေးတွင် အဓိကအကျဆုံးလူမှာ စားသုံးသူဖြစ်သည်။ စားသုံးသူများကိုယ်တိုင်က အန္တရာယ်ကင်းသည့် အစားအစာ၊ သန့်ရှင်းသည့် အစားအစာတို့ကိုသာ ရွေးချယ်ဝယ်ယူစားသုံးကြရန်ဖြစ်သည်။ အစားအစာဘေးအန္တရာယ် ကင်းရှင်းမှုက မိမိ၏ ကျန်းမာရေးနှင့် အသက်ရှည်ရာရှည်ကြောင်းဖြစ်သည့်အလျောက် လူတိုင်းက ဘေးကင်းသည့်အစားအစာကိုသာ ရွေးချယ်ခြင်းဖြင့် ဈေးကွက်ကိုယ်နှိုက်က လိုက်ပါပြောင်းလဲလာမည် ဖြစ်သည်။ တစ်ဖက်တွင်လည်း စားသုံးသူပြည်သူများ ကျန်းမာသန့်ရှင်းသည့် အစားအစာကို ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဘေးအန္တရာယ်ကင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံသည့် အစားအစာဈေးကွက်များ ပေါ်ပေါက်လာအောင် တွန်းအားပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်မှာ

❖ တစ်မြေတည်း နေ
တစ်ရေတည်း သုံး
ဒို့အားလုံး **“မြန်မာ”** ဆိုတဲ့ စိတ် . . ။

❖ အညာ အကြေ
တောင်ပေါ် မြေပြန့်
နေရာဒေသ မခွဲ
**တစ်သားတည်း** ဆိုတဲ့ စိတ် . . ။

❖ မရှိအတူ ရှိအတူ
အေးအတူ ပူအမျှ
အတူတကွ လက်တွဲ
**တစ်သွေးတည်း** ဆိုတဲ့ စိတ် . . ။

❖ ကိုယ့်အမျိုး ကိုယ့်ဘာသာ
ကိုယ့်ရိုးရာ ယဉ်ကျေးမှု
စံပြု ဂုဏ်ယူတတ်တဲ့ စိတ် . . ။

❖ နိုင်ငံ့အရေး၊ သားချင်းအရေး
အရေးပေါ်တိုင်း၊ တုံ့မဆိုင်းဘဲ
“ဒိုင်း” နှယ် ရန်တား၊ “ဓား ”နှယ် ရန်ရှင်း
စောင့်ရှောက်ခြင်းနဲ့
**သွေးရင်းပီသတဲ့** စိတ် . . ။

❖ ဥလည်း မကွဲ၊ သိုက်လည်း မပျက်
တွဲလက်ခိုင်မာ၊ ချစ်ကြည်စွာနဲ့
မြန်မာ ဒို့ပြည်၊ အစွန့်ရှည်အောင်
ရည်ဆောင် ကြိုးပမ်းလိုတဲ့ စိတ် . . ။

❖ တစ်အူထုံ့ဆင်း၊ ညီနောင်ရင်းကြား
**“တရားမျှတ လွတ်လပ်ခြင်း**
**ခွင့်တူညီမျှ ချစ်ကြည်ခြင်း**
**များလူခပ်သိမ်း ငြိမ်းချမ်းခြင်း”**
ကောင်းခြင်းဖြာဖြာ၊ မင်္ဂလာနဲ့
မြန်မာပြည်ကြီး၊ ခံ့ထည်ဟည်းအောင်
ပေါင်းစည်းလုပ်ဆောင်လိုတဲ့ စိတ် . . ။

❖ အို . . နောင်ညီငဲ့
**“ပြည်ထောင်စုသား၊ အသိတရားဖြင့်**
**ပြည်ထောင်စုသွေး၊ အပြည့်မွေးလျက်**
**ပြည်ထောင်စုစိတ်၊ ပြည့်လျှံဖိတ်”** ကာ
အတိတ် ပစ္စုပ္ပန် အနာဂတ်၊ ဖြောင့်ဖြူးလတ်အောင်
တတ်သည့် ပညာ၊ သာသည့် စွမ်းရည်
အလီလီဖြင့်
ပြည်မြန်မာကြီး၊ ရှေ့ခရီးကို
စုစည်း သယ်ပိုး နိုင်စေသော်ဝ် ။
မြင့်မြတ်မြန်မာ နိုင်ငံတော် ။
ကမ္ဘာအရှည် တည်စေသော်ဝ် ။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

(၇၃ နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုလျက်)

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **မိုး/ဇလ**

**အသီးတစ်ရာ အညှာတစ်ခု**
**ဒို့ညီနောင်ထု ဒို့တည်ထောင်မှု**
**ဒို့ပြည်ထောင်စု။**


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Maanat Wongwat အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Maanat Wongwat အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အပြန်အလှန်ဆွေးနွေး**

တွေ့ဆုံစဉ် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်အား တုံ့ပြန်ကာကွယ်ခြင်း HADR (Humanitarian Assistance and Disaster Responce) လုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေ၊ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ရေး၊ သင်တန်းသားများ စေလွှတ်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Maanat Wongwat အား လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော် (ဘိုကလေး) ဖွင့်ပွဲ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဘိုကလေး ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှု၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော် (ဘိုကလေး) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဘိုကလေးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဂျွဲမိုးမြတ်မြတ်သူ၊ တာဝန်ရှိသူများနှင့် လူရည်ချွန်မယ် မဆုပြည့်စုံထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က ဘိုကလေးမြို့နယ် ကလေးစာပေပွဲတော်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း (၂၁) ကြိမ်မြောက် ကျင်းပသည့် ပွဲတော်ဖြစ်ကြောင်း၊ ကလေးစာပေပွဲတော်များ ကျင်းပပေးခြင်းသည် ကလေးများ အနေဖြင့် ပျော်ရွှင်ကျေနပ်မှု၊ မိမိကိုယ်ကိုမိမိယုံကြည်မှု၊ ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာမှုများ ရရှိလာမည့်အပြင် ဘဝတစ်လျှောက်လုံးမှာ ခံယူကျင့်သုံးရမည့် အသိအမြင် ဗဟုသုတများ ရရှိလာခြင်းများသည် တန်ဖိုးမဖြတ်နိုင်သည့် ဘဝအတွေ့အကြုံများဖြစ်ကြောင်း၊ ကလေးများ၏ အနာဂတ်ကို ပိုမိုထွန်းတောက်စေမည့် စိတ်ကူးအိပ်မက်များကို မြှင့်တင်ပေးနိုင်ခဲ့ခြင်းကိုလည်း မိဘများ၊ ဆရာ ဆရာမများနှင့် ကလေးများ ကိုယ်တိုင်တွေ့မြင်ခဲ့ပြီဖြစ်ကြောင်း၊ ကလေးများကို ဦးတည်၍ ကျင်းပသည့် ကလေးစာပေပွဲတော်ဖြစ်သည့်အတွက် ရည်ရွယ်ချက်အနေဖြင့် အမြင့်မားဆုံးရှိသည်ဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဧည့်သည်တော်များက ကျောင်းသားကျောင်းသူများ၏ တေးသရုပ်ဖော်၊ အကပဒေသာများကို ကြည့်ရှုအားပေးပြီး ကလေးစာပေပွဲတော် (ဘိုကလေး) ရှိ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ စာအုပ်ဈေးရောင်းပွဲ ကျင်းပနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်း၌ (၂၁) ကြိမ်မြောက် ကျင်းပသည့် ကလေးစာပေပွဲတော် (ဘိုကလေး) ကို ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်၊ ဝင်းကြိုင်၊ မိုးစက်၊ အောင်ဝင်းနိုင် (ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူမားနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သတင်းမီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံတွင် အိန္ဒိယရုပ်ရှင်ပြပွဲ ကျင်းပရန်နှင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မီဒီယာဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ မီဒီယာအဖွဲ့ဝင်များ အပြန်အလှန် တွေ့ဆုံဆွေးနွေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူမားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့မွန်းလွဲ ၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ဒေသအရေးကိစ္စနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၀ပြည့်နှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

၂၀၂၀ ပြည့်နှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဒုတိယနေ့ အစီအစဉ်အား ယနေ့ နံနက် ၉ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂ (MICC-2)၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက်ရောက်သည်။

ရှေးဦးစွာ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်မောင်ဝင်းက အခြေခံပညာကဏ္ဍ လွှမ်းခြုံမှုရှိသော လုပ်ငန်းများအပေါ် ပြန်လည်ဆန်းစစ်လေ့လာမှု စာတမ်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းက အရည်အသွေးအာမခံမှု စံသတ်မှတ်ချက်များဖြင့် အခြေခံပညာကျောင်း အရည်အသွေးမြင့်တင်ခြင်းစာတမ်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကြီးကြပ်အကဲဖြတ်) ဒေါ်သင်းနုနုစိန်က ၂၁ ရာစု၏ ပြောင်းလဲလာသော အခြေခံပညာကဏ္ဍနှင့် ကြီးကြပ်အကဲဖြတ်ခြင်း အစီအစဉ်များ စာတမ်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း၊ စာရင်းအင်း) ဦးခင်အောင်ရီက အရေးပေါ်အခြေအနေများတွင် ဆက်လက်ပညာသင်ကြားနိုင်ရေး စာတမ်းတို့ကို ဖတ်ကြားကြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတကာဆုရ ကျောင်းသား ကျောင်းသူများနှင့် မြန်မာနိုင်ငံ ကိုယ်စားပြုအုပ်ချုပ်သူ ဆရာဆရာမများအား ဆုချီးမြှင့်သည်။

ယင်းနောက် ဆွေးနွေးပွဲစာတမ်းများကို အဖွဲ့ငယ်လေးဖွဲ့ခွဲ၍ အုပ်စုအလိုက် ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ အဖွဲ့ငယ်အသီးသီးက အဖွဲ့လိုက်ဆွေးနွေးချက်များကို ပြန်လည်တင်ပြကြပြီး ဆွေးနွေးညှိနှိုင်းမှုများကို စုစည်း၍ မှတ်တမ်းတင်သည်။

ထို့နောက်အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ၂၀၂၀ ပြည့်နှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) တွင် အဖွဲ့အသီးသီး၏ စိတ်ပါဝင်စားစွာ တက်တက်ကြွကြွ ဆွေးနွေးညှိနှိုင်းမှုများအား ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ယခုနှီးနှောဖလှယ်ပွဲတွင် စာတမ်းကိုးစောင်ဖတ်ကြားတင်သွင်းခဲ့ပါကြောင်း၊ မိဘပြည်သူများအား တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သည့် ပညာရေးဝန်ဆောင်မှုများ ပေးနိုင်အောင် ပညာရေးမိသားစုများ ဝိုင်းဝန်းလက်တွဲ၍ ညီညီညွတ်ညွတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဆရာတို့စာ ကျွန်တော်တို့အမြင် သူတို့စကား သုတရသစာပေစကားဝိုင်းဆွေးနွေးပွဲဒုတိယနေ့ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

Thihayadanar Entertainment က စီစဉ်တင်ဆက်သည့် ဆရာတို့စာ ကျွန်တော်တို့အမြင် သူတို့စကား သုတရသစာပေစကားဝိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

**ဆွေးနွေး**

အဆိုပါဆွေးနွေးပွဲတွင် စာရေးဆရာမနတ်မောက်အနီချို၏ "လမ်းဆုံးတော့ ရွာနှင့် အခြားဝတ္ထုရှည်များ"၊ စာရေးဆရာ မြေလတ်မောင်မြင့်သူ၏ "ရေနည်းငါးတစ်ကောင်၏ ဘဝအားမာန် လူငယ်လူရွယ်ဆိုင်ရာအက်ဆေးများ"၊ စာရေးဆရာ ထက်မြက်၏ "ကမ္ဘာကျော်ဖိနပ်များနှင့် အခြားအက်ဆေးများ" စာအုပ်တို့နှင့် ပတ်သက်၍ စာရေးဆရာလေးကိုတင်က ဦးဆောင်ပြီး စာရေးဆရာ ဆောင်းဝင်းလတ်နှင့် စာရေးဆရာမမီမိုးတို့က ဝိုင်းဖွဲ့ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် စာပေဝါသနာရှင်လူငယ်များက သိလိုသည်များကို မေးမြန်းကြရာ စာရေးဆရာများက ပြန်လည်ဖြေကြား ဆွေးနွေးကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မကြာမီ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း၊ ဓာတ်ပုံ - ရီရီမြင့်**




ဆရာတို့စာ ကျွန်တော်တို့အမြင် သူတို့စကား သုတရသစာပေစကားဝိုင်း ဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း နော်ဝေနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Tone Tinnes နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော၊ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် စံပြရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်နေမှု၊ အခြေခံမဲဆန္ဒရှင်စာရင်းများ စိစစ်ပြင်ဆင်နေမှုနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးခွင့်ရရှိစေရေး စီစဉ်ဆောင်ရွက်နေမှု၊ အမျိုးသမီးများ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာနိုင်စေရေး ဆောင်ရွက်နေမှု၊ လူမှုကွန်ရက်ပေါ်တွင် အမုန်းစကားများ၊ သတင်းအမှားများ ဖြန့်ဝေခြင်းတို့ကို ကာကွယ်တားဆီးရေးနှင့် သတင်းအမှန်ထုတ်ပြန်သည့် အစီအစဉ်များ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့် သင်တန်းများ ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမအကြိမ် မဲပေးမည့် လူငယ်များအတွက် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Tone Tinnes အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်



ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇) မှ ဦးကျော်တုတ်



ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း



မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း



သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) မှ ဒေါ်ထုမေ

❑ *ရှေ့ဖုံးမှ*

အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းစသည့် အကျိုးကျေးဇူးများအပြင် ယခုစီမံကိန်းမှ ရရှိလာသည့် ထွက်ကုန်များမှ ရရှိမည့်ဝင်ငွေသည် တစ်နှစ်လျှင် အနည်းဆုံးငွေကျပ် ၁၇၅၂ သန်းရရှိမည်ဖြစ်သည့်အတွက် နှစ်စဉ်ပြန်လည်ပေးဆပ်ရမည့် အတိုး၊ အရင်းများကို ယခုစီမံကိန်းမှရရှိသည့် ငွေဖြင့် ပြန်လည်ပေးဆပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်စီမံကိန်းအတွက် ပိုလန်အစိုးရထံမှ ချေးငွေ ယူရိုသန်း ၅၀ ရရှိရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

### ယခုစီမံကိန်းအပါအဝင် စွန့်ပစ်ပစ္စည်း ပြဿနာများအား ရေတို၊ ရေရှည်အစီအမံများချမှတ်၍ စနစ်တကျ ဖြေရှင်းဆောင်ရွက်သွားစေလို

**ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း** က ယခုချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းသည် အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မအစီအစဉ်တွင်လည်း အကျိုးဝင်အထောက်အကူပြုနေသည့်အတွက် ထောက်ခံပါကြောင်း၊ သို့သော် ယခုစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီ ဆိုပါကလည်း စွန့်ပစ်အမှိုက်၊ စွန့်ပစ်ရေဆိုးများကြောင့် ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုပြဿနာများသည် စိန်ခေါ်မှုများအဖြစ် ရှိနေမည်ဖြစ်ပြီး လိုအပ်သည့်နည်းပညာ အကူအညီ၊ လုံလောက်သော အထောက်အကူပစ္စည်းကိရိယာများဖြင့် စနစ်တကျဆက်လက်ဖြေရှင်း ဆောင်ရွက်သွားလိုပါကြောင်း၊ ထို့ပြင် ယခုစီမံကိန်း အပါအဝင် စွန့်ပစ်ပစ္စည်း ပြဿနာများအား ရေတို၊ ရေရှည်အစီအမံများချမှတ်၍ စနစ်တကျ ဖြေရှင်း ဆောင်ရွက်သွားစေလိုပါကြောင်း၊ ထို့ကြောင့် ပိုလန်နိုင်ငံအစိုးရထံမှ ချေးငွေ ရရှိရေး အစီအစဉ်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစိုးသိန်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဒုတိယတွဲ (၁/၂၀၂၀)**ကို ဖတ်ကြားတင်ပြပြီး ယင်းအစီရင်ခံစာကို ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

### အစီရင်ခံစာ ဒုတိယတွဲ (၁/၂၀၂၀) အပေါ် ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် က အဆိုပါ အစီရင်ခံစာ ဒုတိယတွဲ (၁/၂၀၂၀) အပေါ် ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ပထမတွဲ (၁၆/၂၀၁၉)** အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း** က အစီရင်ခံစာတစ်ခုလုံးကို ခြုံငုံကြည့်မည်ဆိုပါက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြသည့် ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှုအားနည်းခြင်းကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများ၊ ကြန့်ကြာမှုများ၊ အလေအလွင့်များစွာဖြစ်ပေါ်နေသည်ကို မြင်တွေ့နေရပါကြောင်း၊ ထို့ပြင် နိုင်ငံတော်ဘဏ္ဍာငွေ ရသင့်သလောက်မရရှိခြင်း၊ မဆုံးရှုံးသင့်ဘဲဆုံးရှုံးနေရခြင်းများ ဖြစ်ပေါ်နေပါကြောင်း၊ အထူးသဖြင့် ပြည်ပချေးငွေများဖြင့် ဆောင်ရွက်ရသည့် စီမံကိန်းအများစုသည် သတ်မှတ်ကာလအတွင်း ရာခိုင်နှုန်းအနည်းငယ်သာပြီးစီးခြင်း၊ အချို့အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ပြည်သူအတွက် အကျိုးရှိသင့်သလောက် မရှိခြင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွင်လည်း သက်ဆိုင်ရာမှ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်မှုများ လိုအပ်နေသည်ကို တွေ့ရှိရပြီး ဘက်ပေါင်းစုံမှ ပြောင်းလဲရန် အချိန်တန်ပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

**သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း** က စာရင်းစစ်ချုပ်အစီရင်ခံစာတွင် မြစိမ်းရောင်ချေးငွေစီမံကိန်းသည် လက်တွေ့တွင် အကောင်အထည်ဖော်မှု အားနည်းခြင်း၊ ချေးငွေများ ပြန်မဆပ်နိုင်ခြင်းများကို ပြည်သူလူထုအား စည်းရုံးရေးနည်းဖြင့် ဆောင်ရွက်ရန် အကြံပြုခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယင်းသို့ စည်းရုံးရာတွင် မိမိအနေဖြင့် ထပ်ဆင့်အကြံပြုလိုသည်မှာ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကို လူထုဆန္ဒအတိုင်း လွတ်လပ်စွာ အကောင်အထည်ဖော်ခွင့်ပေးရန်၊ ဈေးကွက်ဝင်သီးနှံများကို ရှာဖွေပေးရန်နှင့် ရင်းနှီးငွေလုံလောက်စေရန်အတွက် ဘုံစနစ်သို့ ပြောင်းပေးရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ** က အစီရင်ခံစာပထမတွဲ (၁၆/၂၀၁၉) ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ် ထောက်ပံ့အသုံးစရိတ်နှင့် သမ္မတပညာသင်ဆု ဘွဲ့ကြိုနှင့် ဘွဲ့လွန်တန်းချီးမြှင့်မှု အသုံးစရိတ်အကြောင်းအရာနှင့် ပတ်သက်၍ သမ္မတပညာတော်သင်ဆု ရွေးချယ်စေလွှတ်ရေးကို (၃) နှစ်တာအတောအတွင်း အကောင်အထည်ဖော် မဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အဆင့်မြင့် ပညာရပ်သင်ကြားမည့် လူငယ်အနည်းဆုံး ၄၀၀ ကျော်ကို မွေးထုတ်နိုင်ခြင်း မရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

### ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဝန်ထမ်းများ၊ လူငယ်လူရွယ်များသည် ရသင့်ရထိုက်သည့် အချိန်တွင် အဆင့်မြင့်ပညာသင်ဆုများကို ရယူပြီး နိုင်ငံကိုအကျိုးပြုရန် လိုအပ်နေ

ထို့ကြောင့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဝန်ထမ်းများ၊ လူငယ်လူရွယ်များသည် ရသင့်ရထိုက်သည့် အချိန်တွင် အဆင့်မြင့်ပညာသင်ဆုများကို ရယူပြီး နိုင်ငံကိုအကျိုးပြုရန် လိုအပ်နေပါကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် (၃) နှစ်ကျော်မျှ အချိန်ယူရေးဆွဲနေသည့် နိုင်ငံတော်ပညာသင်ဆုချီးမြှင့်ရေး စီမံချက်မူကြမ်းကို အတည်ပြုပြီး အမြန်ဆုံးကြိုးပမ်း၍ နိုင်ငံအတွက် အရည်အချင်းမီသည့် ပညာတော်သင်များ ရွေးချယ်စေလွှတ်နိုင်ရေးကို အမြန်ဆုံးကြိုးစားအကောင်အထည်ဖော်ရန် အကြံပြုတိုက်တွန်းလိုက်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာပထမတွဲ (၁၆/၂၀၁၉) အပေါ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၄) မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇) မှ ဦးကျော်တုတ်၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းနှင့် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇန်နဝါရီ ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ဒုတိယအကြိမ်လွှတ်တော်များ၏ လေးနှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားနှင့် ပြည်ထောင်စုလွှတ်တော်၏ ၉ နှစ်တာခရီး ဆောင်ရွက်ချက်မှတ်တိုင်များ

သန်းဖြိုးနိုင်(ကညင်ကျိုး)

**ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၇၄ အရ ပြည်ထောင်စုလွှတ်တော်ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ စတင်ခေါ်ယူဖွဲ့စည်း၍ အစည်းအဝေးများ ကျင်းပခဲ့ရာ ၎င်း၏ သက်တမ်းသည် ယခု ဇန်နဝါရီလ ၃၁ ရက်နေ့ဆိုလျှင် ၉ နှစ်တာခရီးကို ရောက်ရှိခဲ့ပြီဖြစ်သည်။ ထိုနေ့တွင် ဒုတိယအကြိမ် လွှတ်တော်များ၏ လေးနှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။ ထို ၉ နှစ်တည်းဟူသော အချိန်ကာလတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ၎င်း၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သော ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်းနှင့် အပြန်ပြန်အလှန်လှန်ထိန်းကျောင်းခြင်းတာဝန်များအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များမှ ပေးအပ်သည့် တာဝန်များကိုပါ ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ ပြည်ထောင်စုလွှတ်တော်၏ ကိုးနှစ်တာခရီးအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ချက်များကို ပြည်သူအများ လေ့လာသိရှိနိုင်စေရန်အတွက် အကြောင်းအရာတစ်ခုချင်းအလိုက် ခြုံငုံတင်ပြပေးသွားမည်ဖြစ်ပါသည်။**

**အစည်းအဝေးများကျင်းပနိုင်ခဲ့မှု...**

ကိုးနှစ်တာကာလတွင် ပြည်ထောင်စုလွှတ်တော်တွင် အစည်းအဝေးများ ကျင်းပခဲ့မှုကို လေ့လာကြည့်သည့်အခါ ယခင်အစိုးရလက်ထက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် အထူးအစည်းအဝေးတစ်ကြိမ်နှင့် ပုံမှန်အစည်းအဝေးများကို ၁၄ ကြိမ် ကျင်းပခဲ့ပြီး ယခုအစိုးရလက်ထက် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကိုမူ ယနေ့အချိန်အထိ (၁၄)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း တွေ့ရသည်။ (၁၅)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးများကိုလည်း ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ ခေါ်ယူကျင်းပလျက်ရှိသည်။ ထိုသို့ မကျင်းပမီ လွှတ်တော်များ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီကို ပြည်ထောင်စုလွှတ်တော်နာယက၊ ဒုတိယနာယကနှင့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အစိုးရဌာနဆိုင်ရာများမှ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်အတွင်းမှ တာဝန်ရှိသူဝန်ထမ်းများဖြင့် ဖွဲ့စည်းပြီး ပုံမှန်အစည်းအဝေး ကျင်းပချိန်နီးတိုင်း အစည်းအဝေးခေါ်ယူကာ ဆွေးနွေးလျက်ရှိသည်ကို တွေ့ရသည်။

ထို့အပြင် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ဖွဲ့စည်းထားသည့် လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေး၊ နေရာချထားရေး၊ ကျွေးမွေးဧည့်ခံရေး၊ သတင်းထုတ်ပြန်ရေးတို့အတွက် လုပ်ငန်းကော်မတီအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရသည်။ ၎င်းအပြင် တစ်နှစ်တာအတွင်း လွှတ်တော်အစည်းအဝေးများ ကျင်းပရန် လျာထားချက် (လွှတ်တော်ပြက္ခဒိန်)၊ တစ်ပတ်တာ အစည်းအဝေး လျာထားချက်နှင့် တစ်ရက်ချင်းစီအလိုက် အစည်းအဝေးအစီအစဉ် လျာထားချက်များကိုလည်း ရေးဆွဲကာ လွှတ်တော်ကိုယ်စားလှယ်များနှင့် အများပြည်သူသိရှိရေး ပုံမှန်ထုတ်ပြန်လျက်ရှိသည်ကို တွေ့ရသည်။

**နှစ်အလိုက်ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ခဲ့မှု...**

ကနဦး ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုရေးကိစ္စကို လေ့လာကြည့်လျှင် ဥပဒေပြုရေးဆိုသည်မှာ ဥပဒေအသစ်များ ပြုစုရေးဆွဲနေခြင်းကို ဆိုလိုသည်မဟုတ်ဘဲ ဌာနဆိုင်ရာများတွင် လက်ရှိ အာဏာတည်ဆဲဥပဒေများကို အမြဲမပြတ် ဆန်းစစ်လေ့လာကာ ၎င်းတို့အထဲမှ ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ခြင်းနှင့်၊ နိုင်ငံသူ နိုင်ငံသားများအတွက် ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေအသစ်များကို ဆန်းစစ်သုတေသနပြုကာ ဆွေးနွေးအတည်ပြုထုတ်ပြန်ရေးတို့ကို ဆောင်ရွက်နေခြင်းဖြစ်သည်။

သို့အတွက် ဥပဒေများ ထုတ်ပြန်မှုကို ကြည့်လျှင် လွှတ်တော်များ စတင်ပေါ်ပေါက်လာသည့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ ယနေ့အထိ ထုတ်ပြန်ခဲ့သည့် ဥပဒေပေါင်းမှာ (၃၅၆)ခုရှိသည်ကို တွေ့ရသည်။ ၎င်းအထဲတွင်မှ ယခင်အစိုးရလက်ထက် ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ထုတ်ပြန်ခဲ့သည့် ဥပဒေမှာ ( ၂၃၂) ခု ရှိ ပြီး ပယ်ဖျက် (၁၇ )ခု၊ ပြင်ဆင် (၁၀၄)ခုနှင့် အသစ်ရေးဆွဲ(၁၁၁)ခုတို့ ဖြစ်သည်။ ယခုအစိုးရလက်ထက် ဒုတိယအကြိမ် သက်တမ်းတွင်မူ ထုတ်ပြန်ခဲ့သည့် ဥပဒေပေါင်းမှာ (၁၂၄)ခုရှိပြီး ပယ်ဖျက်(၉)ခု၊ ပြင်ဆင်(၄၉)ခုနှင့် အသစ်ရေးဆွဲ (၆၆)ခု ရှိခဲ့သည်ကို တွေ့ရသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ထိတွင် ဥပဒေစုစုပေါင်း (၁၅၃)ခုကို ပြင်ဆင်နိုင်ခဲ့ပြီး ဥပဒေ(၂၆)ခုကို ရုပ်သိမ်းပယ်ဖျက်ခဲ့သည်။ အသစ်ရေးဆွဲပြဋ္ဌာန်း ဥပဒေပေါင်းမှာ(၁၇၇)ခုရှိခဲ့သည်။ ထိုအသစ်(၁၇၇)ခုတွင် နှစ်စဉ်ပြဋ္ဌာန်းပေးရပြီး နှစ်ကုန်လျှင် ပျက်ပြယ်သွားသည့် ဘတ်ဂျက်၊ စီမံကိန်းနှင့် အခွန်ဥပဒေများလည်း ပါဝင်သည်။ ပြည်ထောင်စုလွှတ်တော် စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်က စပြီး နှစ်အလိုက် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများကို လေ့လာကြည့်လျှင် ၂၀၁၁ ခုနှစ်တွင် (၁၅ ) ခု၊ ၂၀၁၂ ခုနှစ်တွင် (၂၄)ခု၊ ၂၀၁၃ ခုနှစ်တွင် (၃၇)ခု၊ ၂၀၁၄ ခုနှစ်တွင် (၅၇)ခု၊ ၂၀၁၅ ခုနှစ်တွင် (၇၄)ခု၊ ၂၀၁၆ ခုနှစ်တွင် (၄၄)ခု၊ ၂၀၁၇ ခုနှစ်တွင် (၂၉)ခု၊ ၂၀၁၈ ခုနှစ်တွင် (၃၆) ခု နှင့် ၂၀၁၉ ခုနှစ်တွင် (၄၀)ခုတို့ ဖြစ်သည်။ ကဏ္ဍအလိုက်ခွဲခြားရလျှင် စီးပွားရေးကဏ္ဍ (၁၆၀)ခု၊ နိုင်ငံရေးကဏ္ဍ(၉၁)ခု၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍ(၇၂)ခု၊ မိခင်နှင့် ကလေးကဏ္ဍ (၂၆)ခု၊ အလုပ်သမားကဏ္ဍ (၁၀)ခု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ (၈)ခုနှင့် ပညာရေးကဏ္ဍ (၁၁)ခုတို့ ဖြစ်ကြောင်း တွေ့ရသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသည့် ဥပဒေကြမ်းများအား ပြဋ္ဌာန်းပေးနိုင်မှု ...**

ပြည်ထောင်စု အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်တွင်သာ ဆွေးနွေးရမည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေများကို နှစ်စဉ်နှစ်တိုင်း ဘတ်ဂျက်ရာသီအမီ ပြဋ္ဌာန်းပေးလျက်ရှိသည်။ ပြဋ္ဌာန်းပေးခဲ့သည့် ဥပဒေပေါင်းမှာ စီမံကိန်းဥပဒေ(၉)ခု၊ ဘတ်ဂျက်ဥပဒေ (၁၉) ခုနှင့် အခွန်အကောက်ဆိုင်ရာဥပဒေ(၇)ခုတို့ရှိခဲ့ပြီ ဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်တွင်သာ ဆောင်ရွက်ရသည့် ဘဏ္ဍာရေး၊ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ဥပဒေကြမ်း စုစုပေါင်း (၁၀၈)ခုနှင့် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်ပို့လာသည့် ဥပဒေကြမ်းပေါင်း(၁၂၉)ခုကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခြင်း၊ ဆွေးနွေးအတည်ပြုပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများ လက်ခံဆွေးနွေးမှုနှင့် အတည်ပြု ပြဋ္ဌာန်းပေးနိုင်ခဲ့မှု...**

ပြည်ထောင်စု လွှတ်တော်သည် ပြည်ထောင်စုလွှတ်တော်တွင်သာ တင်သွင်းဆွေးနွေးခွင့်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းများ တင်သွင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများနှင့် ပတ်သတ်၍လည်း ပထမအကြိမ် လွှတ်တော်သက်တမ်း (၉-၆-၂၀၁၅ ) ရက်တွင် ဦးသိန်းဇော် (မြစ်ကြီးနားမဲဆန္ဒနယ်)က တင်သွင်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း(၄၃၆-က နှင့် ၄၃၆-ခ) (၂)ခုကို လက်ခံဆွေးနွေးခဲ့သည်။ ထိုနှစ်ခုတွင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ(ပုဒ်မ ၄၃၆-ခ) နှင့် ဆိုင်သည့် ပြင်ဆင်သည့် ဥပဒေတစ်ရပ်ကို (၂၂-၇-၂၀၁၅)ရက်တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်(၄၅/၂၀၁၅)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းပေးခဲ့သည်ကို တွေ့ရသည်။ ၎င်းအပြင် ယခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကာလတွင်လည်း ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ် အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦးက တင်သွင်းထားသည့် ဥပဒေမူကြမ်း၊ ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)အပါအဝင်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦးက တင်သွင်းထားသည့် ဥပဒေမူကြမ်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးက တင်သွင်းထားသည့် ဥပဒေမူကြမ်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ် အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးက တင်သွင်းထားသည့် ဥပဒေမူကြမ်းနှင့် ဦးစိုင်းသန်းနိုင် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) အပါအဝင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၁၄၅ ဦးက တင်သွင်းထားသည့် ဥပဒေမူကြမ်းများကို လက်ခံဆွေးနွေးနေဆဲဖြစ်သည်ကို တွေ့ရသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နောင်ချိုမဲဆန္ဒနယ်)က ၂၃-၁-၂၀၂၀ ရက်စွဲဖြင့် လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦး လက်မှတ်ရေးထိုးတင်ပြလာသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း (ပုဒ်မ ၄၃၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)) (၂)ခုတို့ကိုလည်း ယခုရက်ပိုင်းတွင် လွှတ်တော်သို့ တင်သွင်းကာ လက်ခံဆွေးနွေးလျက်ရှိကြောင်းလည်းသိရသည်။

**လွှတ်တော်တွင် ဆွေးနွေးနေဆဲ ဥပဒေကြမ်းများ အခြေအနေ ...**

ယခုလက်ရှိအချိန်တွင် ဆွေးနွေးနေဆဲ ဥပဒေကြမ်းများအဖြစ် ပြည်သူ့လွှတ်တော်တွင် (၁၂)ခု၊ အမျိုးသားလွှတ်တော်တွင် (၁၃)ခု စုစုပေါင်း(၂၅)ခုတို့ ရှိကြသည်။ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လာသော ဥပဒေကြမ်း(၂)ခုလည်း လက်ရှိဆွေးနွေးဆဲအဖြစ်ရှိနေသည်ကို တွေ့ရသည်။

**နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ပေးနိုင်မှုနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များဦးရေနှင့် ဝန်ကြီးဌာနများ သဘောတူအတည်ပြု ဆုံးဖြတ်ပေးနိုင်မှု ...**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှစတင်ကာ ခေါ်ယူကျင်းပခဲ့ပြီးသည့်အချိန်မှစ၍ နိုင်ငံတော်သမ္မတ (၃) ဦးနှင့် ဒုတိယသမ္မတများကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ရွေးကောက်ခံ ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့တို့မှ အဆင့်ဆင့်ရွေးချယ်ခဲ့ကာ နောက်ဆုံးတွင် ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ(၁)နှင့် (၂)အဖြစ် ရွေးချယ်တင်မြှောက်ခြင်း၊ ကတိသစ္စာဆိုခြင်းများကို ၃ ကြိမ် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ခန့်အပ်မှုနှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ ဖွဲ့စည်းမှုအရေအတွက်တို့နှင့်စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခန့်ထားသူက တင်ပြပေးပို့လာသည့် အခါတွင်လည်း လွှတ်တော်အတွင်း ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးခြင်းများ ဆောင်ရွက်ခြင်း၊ ကတိသစ္စာပြုခြင်းများ ဆောင်ရွက်စေခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၎င်းအပြင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်အပါအဝင် ဥပဒေအရ ဖွဲ့စည်းကြသည့် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးရန်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုချက်ပေးခဲ့ကြသည်ကို တွေ့ရသည်။

**အပြန်ပြန်အလှန်လှန် ထိန်းကျောင်းခြင်းတာဝန်များ ထမ်းဆောင်နိုင်ခဲ့မှု ..**

ပြည်ထောင်စုလွှတ်တော်သည် အခြားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများသို့ အပြန်ပြန်အလှန်လှန် ထိန်းကျောင်းခြင်း တာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိသည်။ ထိုတာဝန်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ နှစ်စဉ်တင်သွင်းလာသည့် စီမံကိန်း၊ ဘတ်ဂျက်နှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများအပေါ် ၎င်းတို့တင်သွင်းလာသည့် အရအသုံးအပေါ် မူတည်ပြီး အားလုံးကို ခွင့်ပြုပေးခြင်းမျိုးမဟုတ်ဘဲ ပြည်ထောင်စုလွှတ်တော်အတွင်း ဖွဲ့စည်းထားသည့် ကော်မတီ၊ အဖွဲ့များမှ စိစစ်မှုမှ တွေ့ရှိလာရသည့်အပေါ် မူတည်ပြီး အသုံးစရိတ်များကို ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုပေးခြင်း၊ ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်လေ့ရှိသည်။ ၎င်းအပြင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းကာ သုံးစွဲခွင့်ပြုပေးလိုက်သည့် နိုင်ငံ့ဘဏ္ဍာများကို သုံးစွဲပြီး ဆောင်ရွက်ကြသည့် လုပ်ငန်းစီမံကိန်းများအပေါ်တွင်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများ၊ အခွန်အကောက်ဥပဒေပါ ရငွေသုံးငွေများအပေါ် အမှန်ကောက်ခံရရှိမှုစာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်

**ပြည်ထောင်စုလွှတ်တော်သည် အခြားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများသို့ အပြန်ပြန်အလှန်လှန် ထိန်းကျောင်းခြင်း တာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိ**

**ပြည်ထောင်စုလွှတ်တော်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်ခြေအထိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ တစ်မြို့နယ်လျှင် သိန်း ၁၀၀၀ သတ်မှတ်ပြီး နှစ်စဉ် ဘဏ္ဍာရေးနှစ်တိုင်းခွင့်ပြုပေး၍ ဆောင်ရွက်စေလျက်ရှိ**

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အစီရင်ခံစာများကို နှစ်ဝက်၊ နှစ်စဉ် ပုံမှန် ပြန်လည်တင်သွင်းစေပြီး ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ပြန်လည်စိစစ်ကာ လွှတ်တော်သို့တင်ပြခြင်း၊ ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ အကြံပြုချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနများသို့ ပေးပို့ခြင်းများဖြင့် ဌာနဆိုင်ရာများအပေါ် ထိန်းကျောင်းပေးလျက်ရှိသည်ကို တွေ့ရသည်။ ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က အကောင်အထည်ဖော်ပြီး ပြဋ္ဌာန်းပေးခဲ့သည့် ဥပဒေများအရ ဖွဲ့စည်းကြရသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့များသို့လည်း ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်စဉ်အစီရင်ခံစာများကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းစေပြီး ထိုအချက်များအပေါ် မူတည်ကာ လွှတ်တော်ကိုယ်စားလှယ်များက တစ်ဖန်ပြန်လည် ဆွေးနွေးခြင်း၊ အကြံပေးခြင်း၊ ထိန်းကျောင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

**“ပြည်ထောင်စုလွှတ်တော်ဆိုသည်မှာ ပြည်သူများ၏ အထက်နေရာတွင်ရှိသည့် ဌာနမျိုးမဟုတ်ဘဲ ပြည်သူ့အသံကို နားထောင်ပြီး ပြည်သူများ၏ မျှော်လင့်ချက်များကို အကောင်အထည်ဖော်ပေးနေသည့်နေရာ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုကာ ဥပဒေများ ပြုစုပေးနေသည့်နေရာနှင့် ပြည်ထောင်စု အစိုးရဌာနများ၏ လိုလားချက်များအပေါ် ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးနေသည့် နေရာအဖြစ် မြင်တွေ့ရမည်သာဖြစ်”**

**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှု ...**

ပြည်ထောင်စုလွှတ်တော် အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်ခြေအထိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ တစ်မြို့နယ်လျှင် သိန်း ၁၀၀၀ သတ်မှတ်ပြီး နှစ်စဉ် ဘဏ္ဍာရေးနှစ်တိုင်းခွင့်ပြုပေး၍ ဆောင်ရွက်စေလျက်ရှိသည်ကိုလည်း တွေ့ရသည်။ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေတစ်ရပ်ကို (၁၂-၃-၂၀၁၄) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်(၉/၂၀၁၄)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး လုပ်ထုံးလုပ်နည်းများ အသေးစိတ်ရေးဆွဲကာ အဓိကအားဖြင့် ကျေးလက်ဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူ ဖြစ်စေရန်၊ မဲဆန္ဒနယ်မြေရှိ ပြည်သူလူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ဒေသခံများ၏ ပါဝင်ပူးပေါင်းမှုဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီရရှိ သုံးစွဲစေရေးဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။ ထိုသို့ ဆောင်ရွက်နိုင်ရေး အတွက်လည်း ပြည်ထောင်စုလွှတ်တော် နာယကက ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ မြို့နယ်တစ်ခုချင်းစီအလိုက် ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများဖြင့်ပါ ဖွဲ့စည်းဆောင်ရွက်စေပြီး ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူစေကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက် ရှိသည်ကိုလည်း တွေ့ရသည်။

**ကော်မတီ၊ကော်မရှင်၊ ပူးပေါင်းကော်မတီ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့မှုများ ...**

ပြည်ထောင်စုလွှတ်တော် အနေဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၁ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးအတွက် လွှတ်တော်အတွင်းဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ကော်မတီ၊ ပူးပေါင်းကော်မတီ၊ အဖွဲ့နှင့် ကော်မရှင်များ စုစုပေါင်း (၂၃)ခု ရှိခဲ့သည်ကို တွေ့ရသည်။ ထို (၂၃)ခု အနက်တွင် အမြဲတမ်းဖွဲ့စည်းထားသည့် ကော်မတီ၊ ပူးပေါင်းကော်မတီ(၉)ခုရှိပြီး ထိုကော်မတီများမှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၊ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ၊ နိုင်ငံတကာ ပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ၊ ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ၊ လွှတ်တော်များ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့နှင့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့တို့ဖြစ်ကြသည်။ အခြားလုပ်ငန်းလိုအပ်ချက်အရ သက်တမ်းသတ်မှတ်ပြီး ဖွဲ့စည်းခဲ့သည့် ကော်မတီ၊ ပူးပေါင်းကော်မတီများအနေဖြင့် ယခင်ပထမအကြိမ် သက်တမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ၊ အလုပ်ရှင်အလုပ်သမားအခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မတီ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီနှင့် ယခု ဒုတိယအကြိမ် သက်တမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ(၆)ခု ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရသည်။

**မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (MPU–Myanmar Parliamentary Union)ဖွဲ့စည်းနိုင်ခဲ့မှုနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မှုများ**

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် အခြေခံလိုအပ်ချက်များကို ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များရှိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ပါဝင်သော မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် (၁ - ၃ - ၂၀၁၆) ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး အကြောင်းရှိပါက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများဖြင့် အစည်းအဝေးများ ပြုလုပ်ကာ ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်းလည်း သိရသည်။

**AIPA & IPU အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခဲ့မှုနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့မှုများ ...**

ပြည်ထောင်စုလွှတ်တော်သည် စတင်ဖွဲ့စည်းသည့် ၂၀၁၁ ခုနှစ်မှစ၍ ကိုးနှစ်တာအတွင်းတွင် လွှတ်တော်ရေးရာကိစ္စများနှင့် စပ်လျဉ်းပြီး ဒေသတွင်း အာဆီယံနိုင်ငံများမှ လွှတ်တော်များ၊ အပြည်ပြည်ဆိုင်ရာ လွှတ်တော်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံပါလီမန်များအဖွဲ့ (AIPA– ASEAN Inter–Parliamentary Assembly– ) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU–Inter Parliamentary Union) များသို့ အသင်းဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ကနဦးအဖြစ် AIPA သို့ ( ၂၀.၉.၂၀၁၁)ရက်နေ့တွင် ဝင်ရောက်ခဲ့ပြီး နောက်ပိုင်းတွင် ပြည်ထောင်စုအဆင့် လွှတ်တော် သုံးရပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ ပေါင်းစပ်ပြီး (Myanmar Parliamentary Union–MPU) ကို မူလဖွဲ့စည်းခဲ့ကြပြီးနောက်ပိုင်း နိုင်ငံတကာ ပါလီမန်များအဖွဲ့ (International Parliamentary Union–IPU)သို့ ဝင်ရောက်ကာ နှစ်စဉ်ကျင်းပပြုလုပ်သည့် အစည်းအဝေးများသို့ သွားရောက်တက်ရောက်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာလွှတ်တော်များသို့ လေ့လာရေးခရီးများ သွားရောက်၍ လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လေ့လာကြခြင်းနှင့် အပြန်ပြန်အလှန်လှန် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း စက်တင်ဘာလ (၃၀) ရက်နေ့တွင် အာဆီယံနိုင်ငံများ၏ လွှတ်တော်များ အထွေထွေညီလာခံကြီး(AIPAGA) ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(MICC –1)တွင် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ (၃၀)ရက်နေ့မှ အောက်တိုဘာလ(၃)ရက်နေ့ထိ (၄)ရက်တာ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။

**အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ကျင်းပနိုင်ခဲ့မှု ...**

ပြည်ထောင်စုလွှတ်တော် အနေဖြင့် ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီးသည့် နောက်ပိုင်းတွင် နိုင်ငံတကာပါလီမန်များနှင့် ချိတ်ဆက်ဆောင်ရွက်ကာ ဆောင်ရွက်ခဲ့သည့် နည်းတူ ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံတိုင်းတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကိုလည်း ၂၀၁၂ ခုနှစ်မှ စတင်ကာ ကျင်းပနိုင်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၈ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါနေ့တွင် နိုင်ငံအတွင်း အခြားသော မြို့ကြီးများတွင်လည်း ဒီမိုကရေစီပွဲတော်များ ကျင်းပခြင်း၊ ဒီမိုကရေစီနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပခြင်း၊ ဆုပေးခြင်းများ နှစ်စဉ် ဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။ ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးခဲ့သည့် ၂၀၁၁ ခုနှစ်မှာပင် အပြည်ပြည်ဆိုင်ရာ လွှတ်တော်များအဖွဲ့(Inter–Parliamentary Union– IPU )သို့ အသင်းဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ခဲ့ပြီး ထိုစဉ်မှစ၍ နှစ်စဉ် ဒီမိုကရေစီနေ့ အခမ်းအနားများကို ကျင်းပလာသည်မှာ ယနေ့အထိပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ပြောင်းလဲကျင့်သုံးလာခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို နယ်ပယ်အသီးသီးမှ စာတမ်းများတင်သွင်းစေကာ နှစ်စဉ် စည်စည်ကားကား ကျင်းပပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရသည်။

**အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ ဆက်ဆံရေးကိစ္စများ ဆုံးဖြတ်အတည်ပြုပေးနိုင်ခဲ့မှုများ ...**

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ကျင်းပခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေး (၂၈)ကြိမ်တွင် နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာပေးပို့ကာ လွှတ်တော်၏ အတည်ပြုချက်ရယူဆောင်ရွက်ရန်လိုသည့် ပြည်ပမှ ငွေချေးငှားခြင်းဆိုင်ရာ ကိစ္စ၊ အခြားသော သဘောတူညီမှုဆိုင်ရာ စာချုပ်များနှင့် နှစ်နိုင်ငံအကြား သဘောတူညီချက်များကိစ္စများ၊ ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံရေးထူထောင်မှုကိစ္စ၊ နိုင်ငံအတွင်း ကျေးရွာ၊ မြို့နယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်းကိစ္စများအပေါ်တွင်လည်း ဆွေးနွေးခြင်း၊ အတည်ပြုဆုံးဖြတ်ပေးခြင်း များစွာကို ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးခဲ့သည်ကို တွေ့ရသည်။

**ပြည်ထောင်စုလွှတ်တော်ရုံး ထူထောင်ဖွင့်လှစ်နိုင်ခဲ့မှု ...**

ပြည်ထောင်စု လွှတ်တော်ရုံးသည် လွှတ်တော်များ စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှစ၍ ၂၇-၁၂-၂၀၁၁ ရက်မှစ၍ လွှတ်တော်ရုံးအဖြစ်ဖြင့်သာ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံးတို့နှင့်အတူ တစ်ရုံးတည်းရှိနေရာမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၃၁-၁၀-၂၀၁၄ ရက်တွင် သီးခြားရုံးဖြစ်တည်လာခဲ့ပြီး ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်လာခဲ့သည်။ လက်ရှိအခြေအနေတွင် ဥပဒေပြုဌာနကြီး၊ နိုင်ငံတကာဆက်ဆံရေး၊ သုတေသန၊ စာကြည့်တိုက်နှင့် နည်းပညာဌာနကြီးနှင့် စီမံရေးရာဌာနကြီးဟူ၍ ဌာနကြီး သုံးခု ဖွင့်လှစ်ကာ အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရုံးပိုင်းဆိုင်ရာ အစည်းအဝေးအစီအစဉ်များ ကြိုတင်ပြုစုဖြန့်ဝေခြင်း၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊ အစီရင်ခံစာများ ပြုစုဖြန့်ဝေပေးခြင်း၊ အစည်းအဝေးခန်းမ နေရာချထားခြင်းနှင့် ပြင်ဆင်ခြင်း၊ အသံပိုင်း၊ လျှပ်စစ်ပိုင်း၊ လွှတ်တော်ဝန်း သန့်ရှင်းသာယာလှပရေးအပိုင်း၊ အစည်းအဝေးလုံးကောက်မှတ်တမ်းများဖော်ယူကာ သတင်းထုတ်ပြန်ပေးခြင်း၊ မှတ်တမ်းသိမ်းဆည်းခြင်း၊ လွှတ်တော်မှ အတည်ပြုဆွေးနွေးပြီးသည့် ဥပဒေကြမ်းများနှင့် အခြားကိစ္စများကို နိုင်ငံတော် သမ္မတရုံးနှင့် ဌာနဆိုင်ရာများသို့ ပေးပို့ခြင်းများကို တာဝန်ကျေပွန်စွာ ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရသည်။ ထို့အပြင် လွှတ်တော်ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးအတွက် ပြည်ပနိုင်ငံများ၏ လွှတ်တော်များသို့ လေ့လာရေးခရီးသွားရောက်ခြင်း၊ သင်တန်းများ တက်ရောက်ခြင်းနှင့် ဌာနအတွင်းတွင်လည်း အင်္ဂလိပ်စာ၊ ရုံးလုပ်ငန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများ ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရုံးခွဲများ ထူထောင်ပေးနိုင်ခဲ့မှု ...**

ပြည်ထောင်စုလွှတ်တော်သည် တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်လွှတ်တော်များရှိ ရုံးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ယခင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများကို တွဲဖက်ဆောင်ရွက်နေရာမှ နောက်ပိုင်းတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံးများရှိ ဝန်ထမ်းများ၏ ဖွဲ့စည်းပုံ သီးခြားဖြစ်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ရုံး၏အောက်တွင် ထားရှိကာ သီးခြားလွှတ်တော်ရုံးဝန်ထမ်းများအဖြစ် ဖွဲ့စည်းပုံရေးဆွဲတင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းမှုကိုလည်း ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိခဲ့ရသည်။

**ပြည်သူလူထုနှင့် ဆက်ဆံရေး၊ အသိပညာပေးရေး ဆောင်ရွက်နိုင်ခဲ့မှု ...**

ပြည်ထောင်စုလွှတ်တော် အနေဖြင့် ပြည်သူများနှင့် ဆက်ဆံရေးအပိုင်းတွင် ဥပဒေကြမ်းတစ်ခု ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းရောက်ရှိချိန်မှစတင်ကာ ပြည်သူအများ လေ့လာအကြံပြုနိုင်ရန် နိုင်ငံပိုင် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခြင်း၊ နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးသည့်အချိန်တွင် ထပ်မံထုတ်ပြန်ကြေညာပေးလျက်ရှိသည်။ ၎င်းအပြင် လွှတ်တော်အစည်းအဝေးများ ကျင်းပနေမှု သတင်းများကိုလည်း ပြည်သူလူထုများ အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ရေးအတွက် Pyidaungsu Hluttaw Facebook Page မှ Live Show တိုက်ရိုက်ထုတ်လွှင့်ပေးခြင်း၊ အစည်းအဝေးမှတ်တမ်းများ၊ ဥပဒေကြမ်းစာရင်းများ၊ အတည်ပြုပြီးသည့် ဥပဒေများစာရင်း၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်ရေးအချက်အလက်များ နှင့် ကျန်သည့် လွှတ်တော်ဆိုင်ရာ အချက်အလက်များကို ပြည်ထောင်စုလွှတ်တော် ဝက်ဘ်ဆိုက် https://pyidaungsu.hluttaw.mm/ တွင် ထည့်သွင်းဖော်ပြပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။ ၎င်းအပြင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်ချက် သတင်းများကို ပြည်သူများ သိရှိနိုင်ရေးအတွက်လည်း ၎င်းကော်မတီများ၏ Facebook Page များနှင့် ပြည်ထောင်စုလွှတ်တော် Facebook Page တွင် စဉ်ဆက်မပြတ် ဖော်ပြပေးခြင်းအပြင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးလျက်ရှိသည့် ဥပဒေမူကြမ်းများနှင့် ပတ်သက်၍ ပြည်သူများထံမှ ပေးပို့လာသည့် အကြံပြုချက်များကိုလည်း ရယူစုစည်းကာ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးများ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးများတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ဥပဒေကြမ်းများနှင့် ပတ်သက်၍ အကြံပြုချက်များ ပေးပို့လိုပါက ပြည်ထောင်စုလွှတ်တော် ဝက်ဘ်ဆိုက် https://pyidaungsu.hluttaw.mm/ , jointbillcommittee @gmail.com ၊ Pyidaungsu Hluttaw နှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ Face Page ၊ Fax. ၀၆၇ ၅၉၁၂၉၅၊ ဖုန်းအမှတ်၊ ၀၆၇ ၅၉၁၂၁၉၊ ၅၉၁၂၀၀၊ ၅၉၁၂၈၈ များသို့ ပေးပို့နိုင်ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ သို့*

# ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကျင်းပ

## သတင်းအဖွဲ့

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၌ တရားစွဲဆို လျှောက်ထားမှုကို ဇန်နဝါရီ ၂၃ ရက်တွင် ကြားဖြတ်စီမံဆောင်ရွက်ချက် (Provisional Measures) အဖြစ် အချက် (၄) ချက် ချမှတ်ခဲ့သည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဇန်နဝါရီ ၂၈ ရက် ညပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းကို ထုတ်လွှင့်ခဲ့သည်။

ယင်းစကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ဦးကိုကို(စက်မှုတက္ကသိုလ်)က ဆောင်ရွက်ပြီး ICJ တွင် ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (ပူးတွဲကိုယ်စားလှယ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး(အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့)၊ ဝါရှင်တန်ဒီစီအခြေစိုက် Law Firm တွင် ရှေ့နေအဖြစ် လုပ်ကိုင်ခဲ့ဖူးသူ၊ ဥပဒေရေးရာအကြံပေး အဖွဲ့ဝင် ဦးကျော်တင် (အဖွဲ့ဝင်၊ မြန်မာကိုယ်စားလှယ်အဖွဲ့) တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများ၏ ဆွေးနွေးချက်များကို ဖော်ပြလိုက်ပါသည် –




ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်း ကျင်းပစဉ်။

**ဦးကိုကို** ။ ။ ဒီကနေ့ ကျွန်တော်တို့ ပြောဆိုဆွေးနွေးမယ့် အကြောင်းအရာက ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများနဲ့ပတ်သက်ပြီး စကားဝိုင်းဖွဲ့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**ဦးကျော်တင့်ဆွေ** ။ ။ ICJ က ချမှတ်လိုက်တဲ့ ကြားဖြတ်စီမံချက်တွေနဲ့ ပတ်သက်လို့ ဒီစီမံချက်တွေ ချတာကို ကျွန်တော်တို့ မလိုလားပါဘူး။ သို့သော် ICJ က Genocide အမှုနဲ့ ပတ်သက်ပြီး ကြားဖြတ်စီမံချက်တွေ တောင်းလေ့ရှိပါတယ်။ အဲဒီလို Genocide Case မှန်သမျှ ကြားဖြတ်စီမံချက်တောင်းတိုင်း ရခိုင်နှုန်းပြည့် ကြားဖြတ်စီမံချက်တွေ ပေးလေ့ရှိပါတယ်ဆိုတဲ့အချက်ကို ဆွေးနွေးခဲ့ပါတယ်။

ဖြစ်နိုင်သလားဆိုတော့ ကျွန်တော် ပြောဖူးတဲ့စကားကို မှတ်မိသလောက် ပြန်ပြောရမယ်ဆိုရင် ကုလားထိုင်မှာ ထိုင်နေတာကို **"ထိုင်"** လို့ ပြောတဲ့ သဘောမျိုး ကြားဖြတ်စီမံချက်တွေ ချမှတ်နိုင်ပါတယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။ အခု ကျွန်တော်တို့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးသီဟန်မျိုးညွန့် ဒီနေ့ စကားဝိုင်းမှာ မပါပါဘူး။ ဦးသီဟန်မျိုးညွန့်ပါရင် ကျွန်တော် ခန့်မှန်းတဲ့ကိစ္စ ရာခိုင်နှုန်းပြည့်မှန်တယ်၊ သူ့အနေနဲ့ မှန်းတာ ဘယ်လောက် မှန်တယ်ဆိုတဲ့ အကြောင်း ထုတ်ပြောလိမ့်မယ်လို့ ထင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ချမှတ်လိုက်တဲ့ ကြားဖြတ်စီမံချက် (Provisional Measures) ရဲ့ အဓိက (၁) နဲ့ (၂) ဆိုတဲ့အချက်ကို ဦးသီဟန်မျိုးညွန့်လည်း ခန့်မှန်းထားပါတယ်။ ဒီအချက်တွေက ဘာလဲဆိုတော့ ကျွန်တော်တို့အနေနဲ့ Genocide Convention ဝင်ထဲက အဖွဲ့ဝင်တစ်ဦး လိုက်နာရမယ့်ကိစ္စတွေကို လိုက်နာပါလို့ ချမှတ်လိုက်တဲ့ ကြားဖြတ်စီမံချက်တွေ ဖြစ်ပါတယ်။

**ဦးကိုကို** ။ ။ ပြည်ထောင်စုဝန်ကြီးတို့ ICJ မှာ ရှိနေတဲ့အချိန် မြန်မာနိုင်ငံမှာလည်း Live ပြတာကိုကြည့်ပြီး Provisional Measures နဲ့ ပတ်သက်လို့ အမျိုးမျိုးပြောနေကြတာ ရှိပါတယ်။ တချို့က တို့ရှုံးပြီ၊ တချို့က နိုင်တယ်၊ တချို့က မရှုံးဘူး/မနိုင်ဘူး စသည်ဖြင့် အမျိုးမျိုး ဝေဖန်ပြောဆိုနေကြတာတွေ ရှိပါတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးတို့ ဟိုမှာ တကယ်ကို မျက်ဝါးထင်ထင် တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ ဆက်စပ်ပြီး နည်းနည်း ရှင်းလင်းဆွေးနွေးပေးပါဦး။

**ဦးကျော်တင့်ဆွေ** ။ ။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြီးခဲ့တဲ့စကားဝိုင်းမှာ ပြောခဲ့ပါတယ်။ Provisional Measures အချခံရရင်လည်း ကိုယ်ရှုံးပြီလို့ မယူဆပါနဲ့၊ Provisional Measures အချမခံရဘူးဆိုရင်လည်း နိုင်ပြီမယူဆပါနဲ့လို့ ပြောခဲ့တာ ကျွန်တော် မှတ်မိပါတယ်။

Provisional Measures ဆိုတဲ့အပိုင်းက အမှုကို မစသေးပါဘူး။ အဲဒီတော့ ဝေဖန်တဲ့အလုပ်က သူတို့ ဝေဖန်ရမယ့်အလုပ်ဖြစ်ပါတယ်။ ဒါမျိုးဝေဖန်တာက ကျွန်တော်တို့နိုင်ငံသာမက အခြားနိုင်ငံတွေမှာလည်း ဒီလို Talk Show Gurus တွေ ရှိပါတယ်။ အဲဒီ Talk Show Gurus တွေက သူတို့ထင်တဲ့အရာ ပြောပါတယ်။ အဲဒီလိုပြောတာကလည်း ပြောပိုင်ခွင့်မို့လို့ ဘာမှမပြောလိုပါဘူး။

သို့သော် အဲဒီပြောဆိုချက်တွေက မှန်ကန်မှုရှိဖို့ လိုပါတယ်။ အဲဒီပြောဆိုချက်တွေက ပြည်သူကို ထိတ်လန့်တကြားဖြစ်အောင် ပြောတာမျိုး မဟုတ်ဖို့ လိုပါတယ်။ ဒီကိစ္စက ကျွန်တော်တို့ ထိတ်လန့်စရာအချက် တစ်ခုမှမပါပါဘူး။ အခုချမှတ်လိုက်တဲ့ Provisional Measures တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာကို ထိခိုက်စေမယ့်အချက်တွေ လုံးဝမပါပါဘူး။

တောင်းဆိုထားတဲ့ Provisional Measures တွေထဲမှာ ကျွန်တော်တို့အတွက် အခက်အခဲဆုံးဖြစ်စေမယ့် Fact–Finding Mission တွေကို နိုင်ငံအတွင်းမှာ ကြိုက်သလိုလာရောက်ခွင့် ဆိုတဲ့အချက်ကို Provisional Measures ချတဲ့အချိန်မှာ လုံးဝထည့်ပြီး ချထားခြင်း မရှိပါဘူး။ ဒါက **Beauty is In the Eye of the Beholder** ဆိုသလို ချောသလား၊ လှသလားဆိုတာကို ကြည့်တဲ့သူက မြင်ပါလိမ့်မယ်။

ကျွန်တော်တို့ တကယ့်ကို အမှန်ကို အမှန်တိုင်းပြောရမယ်ဆိုရင် ဒီကိစ္စက ပဏာမအဆင့်ပဲ ရှိပါသေးတယ်။ ဒီပဏာမအဆင့်မှာ ချထားတဲ့ Provisional Measures တွေက မချရင်ကောင်းပါတယ်။ ကျွန်တော်တို့ကလည်း မချစေချင်ပါဘူး။ သို့သော် သူရဲ့ Trend ကို ကြည့်မယ်ဆိုရင် Provisional Measures Genocide Cases မှာကို တောင်းဆိုတဲ့အခါတိုင်း ရာခိုင်နှုန်းပြည့်ချတဲ့ ထုံးတမ်းစဉ်လာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ Provisional Measures က လိုရမည်ရဆိုတဲ့ အနေအထားမျိုး ဆောင်ရွက်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို Provisional Measures ချလိုက်တဲ့အတွက် ရှုံးနိမ့်တယ်လို့ ပြောလို့မရပါဘူး။ ချလိုက်တဲ့ Provisional Measures တွေကလည်း ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိခိုက်စေမယ့် Provisional Measures မျိုး မဟုတ်ပါဘူး။

အဓိကအချက် (၂) ချက်ဖြစ်တဲ့ Provisional Measures နှစ်ခုလုံးက ကျွန်တော်တို့အနေနဲ့ Convention ဝင်ကတည်းကိုက ဒီအတိုင်း လိုက်နာကျင့်သုံးပါမယ်ဆိုတဲ့ Commitment တွေကို ချမှတ်ခြင်းဖြစ်ပါတယ်။ အဲဒါကို ကျွန်တော် အလေးထား ပြောကြားချင်ပါတယ်။

**ဦးကိုကို** ။ ။ ပြည်ထောင်စုဝန်ကြီးက အတွေ့အကြုံလေးနဲ့ ခြုံငုံပြီး ရှင်းပြသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒီချမှတ်လိုက်တဲ့ ကြားဖြတ်စီမံဆောင်ရွက်ခြင်း (Provisional Measures) (၄) ချက်ရှိတာကို ကျွန်တော် မှတ်သားထားပါတယ်။ အချက် (၁) နဲ့ (၂) ကို ပြည်ထောင်စုဝန်ကြီး ပြောသွားတဲ့အထဲမှာပါတော့ အဲဒီအချက် (၁) နဲ့ (၂) ပတ်သက်ပြီး ဆရာဦးချမ်းအေးက အသေးစိတ်ကလေး ဆွေးနွေးပေးပါဦးခင်ဗျာ။

**ဦးချမ်းအေး** ။ ။ ICJ က ချခဲ့တဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက် (၁) က ကျွန်တော်တို့နိုင်ငံ ပါဝင်လက်မှတ်ထိုးပြီး လိုက်နာဖို့ရှိတဲ့ Genocide Convention Article – 2 ကို ဆိုလိုတာပါ။ Article – 2 မှာ ဘယ်လိုဖော်ပြထားလဲဆိုတော့ Genocide ကျူးလွန်တဲ့ပြစ်မှုတွေနဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ဖော်ထားတယ်။ ဘယ်လိုဖော်ပြထားသလဲဆိုတော့ နိုင်ငံတစ်နိုင်ငံမှာ ရှိတဲ့ လူမျိုး၊ လူမျိုးစု၊ လူမျိုးရေးနဲ့ ပတ်သက်တာ ဒါမှမဟုတ် ဘာသာရေးနဲ့ ပတ်သက်တဲ့ အုပ်စုတစ်ခုအပေါ်မှာ ကျူးလွန်မှုတွေ မလုပ်ရဘူး။

တမင်တကာ ရည်ရွယ်ချက်နဲ့ ကျူးလွန်မှုတွေ မလုပ်ရဘူး။ မလုပ်ရတဲ့ ပြစ်မှုတွေက ဘာတွေလဲဆိုတာကို ဖော်ပြထားပါတယ်။ နံပါတ်(၁)က သတ်ဖြတ်တာ၊ နံပါတ်(၂)က ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကြီးကြီးမားမား ထိခိုက်စေတာမျိုး မပြုလုပ်ဖို့၊ နံပါတ်(၃)က တမင် ရည်ရွယ်ချက်ရှိရှိနဲ့ အုပ်စုကို ဖျက်ဆီးတာမျိုး၊ ဖျက်လိုဖျက်ဆီးလုပ်တာမျိုး၊ နံပါတ်(၄)က ဒီအုပ်စုတွေထဲမှာရှိတဲ့ ကလေးမွေးဖွားဖို့ ပိတ်ပင်တားဆီးတာ၊ နောက်ဆုံး နံပါတ်(၅)က အုပ်စုတစ်ခုမှာရှိတဲ့ ကလေးတွေကို တခြားအုပ်စုတစ်ခုကို အတင်းအကျပ် ပို့ဆောင်တာမျိုး ဒါတွေလုပ်တယ်ဆိုရင် Genocide မြောက်တယ်။

အဲဒါကြောင့် ဒါတွေကိုမလုပ်ဖို့ Provisional Measures နံပါတ်(၁)က ဆိုလိုတာကို ကျွန်တော်တို့ လိုက်နာမယ်ဆိုပြီး မိမိရဲ့ သဘောဆန္ဒနဲ့ ကတိကဝတ်ပြုထားတာဖြစ်ပါတယ်။ ဒါက ပြဿနာမရှိပါဘူး။ ဂမ်ဘီယာက သူလိုလားချက်နဲ့ တောင်းဆိုတာတွေကို စာသားအသစ်တွေ၊ မဆိုင်တာတွေကို မထည့်ပါဘူး။

Provisional Measures နံပါတ်(၁)ကို ICJ က Genocide Convention ရဲ့ Article – 1 အရ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်ရမယ်။ အရင်ကလည်း လိုက်နာဆောင်ရွက်မယ်လို့ ကတိကဝတ်ပြုထားတယ်။

**ဦးကိုကို** ။ ။ အဲဒီတော့ Genocide Convention မှာ ပါပြီးသား အချက်အလက်တွေကို ကျွန်တော်တို့က ဒါတွေကို လိုက်နာပါမယ်ဆိုပြီး ကတိကဝတ်ပြုထားတဲ့ ကိစ္စတွေကို Measures နံပါတ်(၁)မှာ ပြန်ဖော်ပြတဲ့သဘောကို ပြောချင်တာလား။

**ဦးချမ်းအေး** ။ ။ ဟုတ်ပါတယ်။ ဂမ်ဘီယာနိုင်ငံက တောင်းဆိုထားတဲ့ စာသားအသစ် ထည့်တာတွေကို ICJ က မထည့်ပေးပါဘူး။ နောက်တစ်ခုက Rape လုပ်တာ အဓမ္မပြုကျင့်တာမျိုးတွေ၊ နောက်တစ်ခါ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တာတွေ၊ နောက်တစ်ခါ နေအိမ်တွေ၊ ရွာတွေကို မီးရှို့တာတွေ၊ နောက်ပြီး မြေယာတွေ၊ ပိုင်ဆိုင်မှုတွေကို ဖျက်ဆီးတာတွေ၊ နောက်တစ်ခုက စားနပ်ရိက္ခာတွေ မရအောင် တားဆီးပိတ်ပင်တာတွေ၊ ဒါတွေကို ဂမ်ဘီယာနိုင်ငံက အဆိုပြုတဲ့အချိန်တုန်းက ထည့်ထားပါတယ်။ ဒါတွေကို တရားရုံးက လက်မခံဘဲ Genocide Convention စာချုပ်ရဲ့ Article – 2 မှာပါတဲ့အတိုင်း ဒါတွေမလုပ်ရဘူး။ Article – 1 မှာ ဒါတွေကို တားဆီးရမယ်၊ အရေးယူရမယ်ဆိုတာ ရှိထားပြီး ဖြစ်ပါတယ်။ ဒါက Provisional Measures နံပါတ်(၁) ဖြစ်ပါတယ်။

နံပါတ်(၂)က မြန်မာနိုင်ငံမှာရှိတဲ့ တပ်မတော်၊ ပုံမှန်မဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ သူတို့ရဲ့ထိန်းချုပ်မှုအောက်မှာ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ရှိတဲ့ ဘယ်အဖွဲ့အစည်းမဆို၊ ဘယ်လူပုဂ္ဂိုလ်မဆို Provisional Measures နံပါတ်(၁)မှာ ရှိတာတွေကို မကျူးလွန်ရဘူးဆိုပြီး ပြောပါတယ်။ ပြောပြီးမှ ဘယ်လိုပုံစံနဲ့ မကျူးလွန်ရဘူးလဲ၊ ဘယ်လိုမျိုးတွေ မကျူးလွန်ရဘူးလဲဆိုတာကို သူက ထပ်ပြောပါတယ်။ ထပ်ပြောတော့ စာချုပ်ရဲ့ Article–3 မှာ ပါတဲ့အတိုင်းကို အတိအကျဖော်ပြထားပါတယ်။ ဥပမာ – Genocide ကျူးလွန်တဲ့အခါမှာ ကြံစည်မှု မလုပ်ရဘူး။ လျှို့ဝှက်ကြံစည်မှု မလုပ်ရဘူး။ နောက်ပြီး ဒါတွေကို ပြည်သူတွေ လှုံ့ဆော်တဲ့ဟာမျိုး မလုပ်ရဘူး။ ကြိုးစားအားထုတ်မှု မလုပ်ရဘူး။ ဒ့ါအပြင် ပါဝင်ကြံစည်တာမျိုးမှာ အတူပါဝင်တာမျိုး မလုပ်ရဘူး။ ဒါတွေက Article – 3 မှာ ပါပြီးသားဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့နိုင်ငံက လက်ခံထားပြီး ဖြစ်ပါတယ်။ ဒီဟာကို Article – 3 အတိုင်း ICJ က ဖော်ပြပေးပါတယ်။

*စာမျက်နှာ ၉ သို့*

**"ကျွန်တော်တို့ တကယ့်ကို အမှန်ကို အမှန်တိုင်းပြောရမယ်ဆိုရင် ဒီကိစ္စက ပဏာမအဆင့်ပဲ ရှိပါသေးတယ်။ ဒီပဏာမအဆင့်မှာ ချထားတဲ့ Provisional Measures တွေက မချရင်ကောင်းပါတယ်။ ကျွန်တော်တို့ကလည်း မချစေချင်ပါဘူး။ သို့သော် သူရဲ့ Trend ကို ကြည့်မယ်ဆိုရင် Provisional Measures Genocide Cases မှာကို တောင်းဆိုတဲ့အခါတိုင်း ရာခိုင်နှုန်းပြည့်ချတဲ့ ထုံးတမ်းစဉ်လာရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ Provisional Measures က လိုရမည်ရဆိုတဲ့ အနေအထားမျိုး ဆောင်ရွက်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို Provisional Measures ချလိုက်တဲ့အတွက် ရှုံးနိမ့်တယ်လို့ ပြောလို့မရပါဘူး"**

*စာမျက်နှာ ၈ မှ*

ဂမ်ဘီယာက ဒီနေရာမှာ Provisional Measures နံပါတ်(၁)မှာ တောင်းဆိုတဲ့အတိုင်း စာသားအသစ်တွေ ထပ်ထည့်ပါတယ်။ ဒါတွေကို တရားရုံးက လက်မခံဘဲ Article – 3 အတိုင်းရှိတဲ့အတွက် ပြည်ထောင်စုဝန်ကြီးပြောသလို Provisional Measures နံပါတ် (၁)နဲ့ (၂)ကို ကျွန်တော်တို့ ကိုယ်တိုင်လိုက်နာပါမယ်လို့ ကတိကဝတ်ပြုထားတဲ့အတိုင်း လိုက်လည်း လိုက်နာနေပါတယ်။ ဆက်ပြီး လိုက်နာရမှာတွေကို ဖော်ပြထားတာပါ။ ဒါကြောင့် ကျွန်တော်တို့တွေ့တာက ဒီမှာ စာသားအသစ်တွေ မပါဘူး။ ကျွန်တော်တို့ကို ထိခိုက်နိုင်မယ့်၊ အချုပ်အခြာအာဏာကို ထိပါးစေတဲ့အရာမျိုးလည်း မတွေ့ရပါဘူး။

**ဦးကျော်တင့်ဆွေ** ။ ။ တစ်နည်းအားဖြင့် ဒီစာချုပ်အဖွဲ့ဝင်ဖြစ်ကတည်းကိုက လုပ်ပါမယ်ဆိုတဲ့ ကိစ္စတွေကို လုပ်ပါလို့ ပြောခြင်းဖြစ်ပါတယ်။ ဒါကြောင့် ထပ်ပြောရရင် ကျွန်တော်တို့ ထိုင်နေတာကို ထိုင်ပြီးနေပေးပါလို့ ပြောတဲ့သဘောမျိုး သက်ရောက်တယ်လို့ ပြောချင်ပါတယ်။

တစ်ဆက်တည်း ကျွန်တော်ပြောချင်တာက ဒါနဲ့ပတ်သက်ပြီး တရားရုံးတော်က ချလိုက်တာက သတ်သတ်၊ အဲဒီအပေါ်မှာ မူတည်ပြီး စကားလုံးလေးတွေပြောင်းပြီး နိုင်ငံတကာမီဒီယာမှာ ထည့်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ တာဝန်က ဘာလဲဆိုတော့ To Prevent ဖြစ်သလို အခုချမှတ်တာလည်း To Prevent ပဲဖြစ်ပါတယ်။ အဲဒါမျိုးကို တချို့နိုင်ငံတကာမီဒီယာမှာ To Stop ဆိုပြီး ဒါတွေလုပ်နေတာကို မလုပ်နဲ့ဆိုတဲ့ ပုံစံမျိုးကို ဖောင်းပေးရေးထားတာ တွေ့ပါတယ်။ ကျွန်တော်တို့က ဒါတွေကို လုပ်နေတာ မဟုတ်ဘူးလို့ နဂိုက ပြောထားတယ်။ အခုက ကျွန်တော်တို့ကို မလုပ်နဲ့လို့ ပြောတာလည်း မဟုတ်ဘူး။ မူလကတိကဝတ်အတိုင်း ဒါတွေမဖြစ်အောင် Prevent လုပ်ပေးပါဆိုတဲ့ အချက်ကိုပြောခြင်း ဖြစ်ပါတယ်။

**ဦးကိုကို** ။ ။ ပြည်ထောင်စုဝန်ကြီးပြောတာတွေကို ကျွန်တော်လည်း သတိထားမိပါတယ်။ Provisional Measures မှာ Prevent ဆိုတဲ့စကားလုံးကို အသေအချာသုံးထားတာ တွေ့မြင်ပေမယ့်၊ ရည်ရွယ်ချက်ရှိရှိနဲ့ Stop ဆိုပြီးသုံးတာကို ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်ရှင်းပြမှ ပိုပြီးရှင်းသွားတာပါ။

**ဦးကျော်တင်** ။ ။ ဦးချမ်းအေးပြောတာ မှန်ပါတယ်။ ဥပဒေအရ ချမှတ်တဲ့ အချက်အလက်တွေကို ဖတ်မယ်ဆိုရင် သူတို့ခေါ်တာ chapeau ။ ခုနကပြောသွားတဲ့ အမှုတွေ၊ လူသတ်မှုတွေအားလုံးကို Article – 2 မှာ ရေးထားတာက Genocidal Intent လူမျိုးပြုန်းတီးအောင် ရည်ရွယ်ချက်ဖြင့် ဒီအမှုတွေကို ဆောင်ရွက်မယ်ဆိုရင် Genocide Convention ကို ချိုးဖောက်မှု ဖြစ်ပါတယ်။ ဒီအမှုတွေအားလုံးက chapeau နဲ့အတူတူ ဖတ်ရမယ်လို့ ကျွန်တော် ဖြည့်ပြောချင်ပါတယ်။

**ဦးကျော်တင့်ဆွေ** ။ ။ chapeau က Article – 1 မှာ ပါတာပါ။

**ဦးကိုကို** ။ ။ နံပါတ် (၁) နဲ့ (၂) ကို ဆရာဦးချမ်းအေးရှင်းပြတော့ တော်တော်သိသွားပါတယ်။ နံပါတ် (၃) အချက်ကို ဆက်ပြီး ကျွန်တော် အသေးစိတ်သိလိုပါတယ်။ ဆရာမ ဒေါ်သီတာဦးအနေနဲ့ ဥပဒေရေးရာ ရှုထောင့်ကနေ သုံးသပ်ဆွေးနွေးပေးပါဦး ခင်ဗျာ။

**ဒေါက်တာသီတာဦး** ။ ။ ကျွန်မတို့ မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက ICJ မှာ ရင်ဆိုင်ဖြေရှင်းဖို့ တောင်းဆိုတဲ့ အချိန်ကစပြီး စကားဝိုင်းတွေကို စဉ်ဆက်မပြတ် ကျင်းပလာခဲ့ပါတယ်။ ဒီစကားဝိုင်းတွေရဲ့ ရည်ရွယ်ချက်က အဖြစ်အပျက်အကြောင်းတွေ၊ သတင်းအချက်အလက်အမှန်တွေ၊ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေ အဲဒါတွေကို ပြည်သူကို စဉ်ဆက်မပြတ်မျှဝေချင်လို့ပဲ ဖြစ်ပါတယ်။

ICJ ကနေ Provisional Measures (၄) ချက် ချခဲ့တယ်။ နံပါတ် (၁) နဲ့ (၂) ကို ရှင်းပြပြီးဖြစ်တဲ့အတွက် တတိယအချက်ကို ရှင်းလင်းတင်ပြပေးချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးကို ဇန်နဝါရီ ၂၀ ရက်မှာ တင်ပြခဲ့တယ်။ ဒီအစီရင်ခံစာပါ အချက်တွေနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတရုံးကနေ စစ်ဥပဒေချုပ်ရုံးနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို အစီရင်ခံစာပါ ကိစ္စတွေကို ဆက်လက်ပြီး စုံစမ်းဖော်ထုတ်ဖို့၊ တရားစွဲဆိုအရေးယူခြင်းတွေ ပြုလုပ်ဖို့ ညွှန်ကြားခဲ့ပါတယ်။

ဒီညွှန်ကြားချက်တွေအရ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စစ်ဥပဒေချုပ်ရုံးကနေပြီး အစီရင်ခံစာပါ လေ့လာတွေ့ရှိချက်တွေကို ဆက်လက်ပြီး စုံစမ်းဖော်ထုတ်သွားမယ်။ အထောက်အထားခိုင်လုံမှုတွေနဲ့အတူ တရားစွဲဆို အရေးယူသွားမယ်ဆိုတဲ့ ကြေညာချက်တွေ အသီးသီးထုတ်ပြန်ခဲ့ပါတယ်။ ဒီထုတ်ပြန်ကြေညာချက်တွေ ပြုလုပ်ခဲ့တာက ကျွန်မတို့နိုင်ငံကို ICJ ကနေ Provisional Measures ချမှတ်တဲ့ ဇန်နဝါရီ ၂၃ ရက် မတိုင်ခင်က ဖြစ်ပါတယ်။

ကျွန်မတို့က ဒီအစီရင်ခံစာတွေအရ၊ ကြေညာချက်တွေအရ စုံစမ်းအရေးယူဖော်ထုတ် တရားစွဲမယ်ဆိုရင် မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွေ၊ သက်သေခံဥပဒေတွေ၊ ရာဇသတ်ကြီးဥပဒေတွေနဲ့ အစဉ်အလာအတိုင်း အရေးယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလို တရားစွဲဆို စုံစမ်းအရေးယူဖော်ထုတ်မယ်ဆိုတဲ့ ကိစ္စတွေမှာ အထူးသဖြင့် ကျွန်မ ရှင်းလင်းတင်ပြချင်တာက ရာဇသတ်ကြီးဥပဒေရဲ့ ပုဒ်မ ၂၀၁ မှာ “ပြစ်မှုကျူးလွန်သူကို ကာကွယ်ရန်အလို့ငှာ အဲဒီပြစ်မှုကျူးလွန်ခြင်းနဲ့ စပ်လျဉ်းတဲ့ သက်သေခံချက်တွေ၊ သက်သေခံအထောက်အထားတွေ ဒါတွေကို ဖျောက်ဖျက်ခဲ့မယ်ဆိုရင်” ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၀၁ မှာ ထိရောက်တဲ့ ပြစ်ဒဏ်တွေကို ပြဋ္ဌာန်းထားပါတယ်။ ပြစ်ဒဏ်အမျိုးအစားအလိုက် (၇) နှစ်သော်လည်းကောင်း၊ (၃) နှစ်သော်လည်းကောင်း ပြစ်ဒဏ်နဲ့အတူ ငွေဒဏ်ကို ချမှတ်ထားပါတယ်။

ဒါက သက်သေခံပစ္စည်းဖျောက်ဖျက်ခြင်း၊ သက်သေခံအထောက်အထားတွေ ဖျောက်ဖျက်ခြင်းနဲ့ ပတ်သက်ပြီး နဂိုကတည်းက ဥပဒေပြဋ္ဌာန်းချက်အတိအကျရှိတယ်။ သက်သေခံပစ္စည်းတွေနဲ့ အထောက်အထားတွေ မဖျောက်ဖျက်ရ၊ ဖျောက်ဖျက်ရင် အရေးယူမယ်ဆိုတာ ကျွန်မတို့မှာ ရှိပြီးသားဖြစ်ပါတယ်။

ICJ ကနေ ကြားဖြတ်စီမံချက် ချမှတ်တဲ့ တတိယအချက်က Genocide ပြစ်မှုကျူးလွန်ခြင်းနဲ့ စပ်လျဉ်းတဲ့ သက်သေခံအထောက်အထားတွေ၊ အချက်အလက်တွေကို ဖျောက်ဖျက်ခြင်းမပြုရအောင် ကာကွယ်ရမယ်လို့ ကျွန်မတို့ကို ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီချမှတ်ခဲ့တဲ့ အချက်ကလည်း ကျွန်မတို့နိုင်ငံက လက်ရှိမှာ ဥပဒေပြဋ္ဌာန်းထားပြီးတဲ့ အချက်ဖြစ်ပါတယ်။ ထပ်ပြီး တာဝန်ပိုလာတဲ့ သတ်မှတ်ပြဋ္ဌာန်းချက် မဟုတ်ဘူးလို့ ကျွန်မက ICJ ရဲ့ တတိယအချက်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြချင်ပါတယ်။

**ဦးကိုကို** ။ ။ ဆရာမပြောချင်တာက နိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေက ဒါတွေကို လေးစားလိုက်နာဖို့၊ ကာကွယ်ပေးဖို့ ရှိပြီးသားဖြစ်တယ်လို့ ပြောချင်တာဖြစ်တယ်။

**ဦးကျော်တင့်ဆွေ** ။ ။ ဆရာမ ဒေါ်သီတာဦးပြောသွားသလို ကျွန်တော်တို့က ဒီကိစ္စတွေကို စုံစမ်းစစ်ဆေးမယ်ဆိုတာ ICJ က စီရင်ချက် မချခင်ကတည်းက ကိုယ့်ဟာကိုယ် ဆုံးဖြတ်ထားတဲ့ ကိစ္စဖြစ်တယ်။ ဒါတွေနဲ့ ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားချက်ထုတ်တယ်။ ဒါ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်သားတွေ ကျူးလွန်တဲ့အမှုကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက တရားစွဲဆို စုံစမ်းတာတွေ လုပ်ရမယ်။ တကယ်လို့ တပ်မတော်သားအပါအဝင် လုံခြုံရေးအဖွဲ့အစည်းတွေက ကျူးလွန်တယ်လို့ စွပ်စွဲတဲ့ကိစ္စတွေကို သူ့ရဲ့ Judge Advocate General အပိုင်းက စုံစမ်းစစ်ဆေးရမှာ ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ကျွန်တော်တို့ ထုတ်လိုက်တဲ့ ကြေညာချက်တွေက ဒါတွေကို လုပ်မယ်ဆိုပြီး တစ်ခါတည်း ဆုံးဖြတ်ပြီးသား ဖြစ်ပါတယ်။ ICJ ရဲ့ Provisional Measures (၃) ကြောင့် ကျွန်တော်တို့ လုပ်တာ မဟုတ်ပါဘူး။ အဲဒီမတိုင်ခင်ကတည်းက ကျွန်တော်တို့ လုပ်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် ဒါလုပ်မယ်ဆိုတာ ခုနတုန်းက Penal Code အရ သက်သေခံပစ္စည်း မဖျောက်ဖျက်ရဆိုတာ နိုင်ငံရဲ့ လုပ်ထုံးလုပ်နည်းနဲ့ တာဝန်ဖြစ်ပါတယ်။ ထပ်ပြောရမယ်ဆိုရင် ဒါက ထိုင်နေတဲ့ကိစ္စကို ထိုင်ပါလို့ ပြောတာနဲ့ အတူတူပါလို့ ကျွန်တော် ပြောချင်ပါတယ်။

**ဦးကိုကို** ။ ။ နံပါတ် (၁) နဲ့ (၂) ကို ဆရာဦးချမ်းအေးက ဆွေးနွေးပေးတယ်။ နံပါတ် (၃) ကို ဆရာမဒေါ်သီတာဦးက သေချာဆွေးနွေးပေးတယ်။ နံပါတ် (၄) အချက်မှာ အစီရင်ခံစာ လုပ်ရမယ်၊ Report လုပ်ရမယ်ဆိုတာ ပါတယ်။ အဲဒီအချက်နဲ့ စပ်ဆက်ပြီး ဒီလိုမျိုးလုပ်ရမယ်ဆိုရင် ဒါ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးတာ၊ ဘာလို့လုပ်ရမလဲဆိုပြီး ဝေဖန်ပြောဆိုသုံးသပ်ပြောဆိုနေတာတွေ ရှိပါတယ်။ ကျွန်တော်တို့ စကားဝိုင်းရဲ့ ရည်ရွယ်ချက်တစ်ခုက ဒီလို သို့လော၊ သို့လောတွေကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောရမှာ ဖြစ်ပါတယ်။ ဆရာဦးကျော်တင်အနေနဲ့ အချက် (၄) ကို နည်းနည်း ဆွေးနွေးပေးပါ။

**ဦးကျော်တင်** ။ ။ ကျွန်တော် အဲဒါတွေကို ကြားမိပါတယ်။ မြန်မာပြည်နဲ့ ဂမ်ဘီယာ အမှု(Case)တစ်ခုမှာပဲ အစီရင်ခံစာ တင်ခိုင်းတာ မဟုတ်ပါဘူး။ တခြား Cases တွေမှာလည်း ရှိပါတယ်။ ဥပမာ ရုရှားနဲ့ ဂျော်ဂျီယာ Case ၊ ICJ မှာ ကြားဖြတ်အစီအမံနဲ့ အစီရင်ခံစာ တင်ခိုင်းပါတယ်။ ဒါက ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ရုရှားကိုတောင် ချမှတ်ခဲ့ပါတယ်။ တကယ်လို့ Report တင်တာက အချုပ်အခြာအာဏာကို ထိခိုက်မယ်ဆိုရင် ရုရှားနိုင်ငံက ဘယ်လက်ခံမှာလဲ။ တခြားနိုင်ငံတကာဖြစ်စဉ်တွေမှာ အစီရင်ခံစာတင်ဖို့ တာဝန်တွေရှိကြတာကို ကျွန်တော် ကြားဖူးပါတယ်။

ကျွန်တော့်အနေနဲ့ အစီရင်ခံစာတင်ရတာက အခွင့်အလမ်းကောင်းတစ်ခုလို့ မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့သိတဲ့အတိုင်း မြန်မာပြည်ရဲ့ Narrative ၊ မြန်မာပြည်မှာ လုပ်နေတဲ့ လုပ်ငန်းတွေ၊ ရခိုင်ပြည်နယ်ရဲ့ အခြေအနေကို ကောင်းမွန်အောင်လုပ်နေတဲ့ လုပ်ငန်းတွေကို နိုင်ငံတကာ တင်ပြဖို့ခက်နေတာကို သိပြီးသားဖြစ်ပါတယ်။ ကျွန်တော် မြင်တာက အစီရင်ခံစာတင်ခြင်းသည် ကုလသမဂ္ဂရဲ့ ဘောင်အတွင်း Report တွေ၊ ကိုယ့်ရဲ့ Narrative တွေကို တင်ပြလို့ရမယ့် အခွင့်အလမ်းကောင်းတစ်ခုလို့ မြင်ပါတယ်။

**ဦးကျော်တင့်ဆွေ** ။ ။ ကုလသမဂ္ဂမှာ စာချုပ်တွေနဲ့ ပတ်သက်ပြီး Reporting Obligation ဆိုတာ ရှိပါတယ်။ အဲဒီစာချုပ်ဝင်တယ်ဆိုရင် Reporting Obligation လုပ်လေ့ရှိတယ်။ ဒီမှာက Report လုပ်ပါဆိုပြီး ကြားဖြတ်စီမံချက်တွေ ချမှတ်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ (၁) ကျွန်တော်တို့ Genocide လုပ်သလား၊ မလုပ်ဘူး။ မလုပ်တဲ့အကြောင်းကို အထောက်အထားနဲ့ ကျွန်တော်တို့က ရုံးတော်ကို ကြိုပြီးတင်ပြနိုင်တဲ့ အခွင့်အလမ်းလို့ သတ်မှတ်လို့ ရပါတယ်။

ဘာကြောင့်လဲဆိုတော့ အမှုက အခုပြီးဦးမှာ မဟုတ်ဘူး။ ဒါပြီးရင် ကျွန်တော်တို့ အနေနဲ့ တရားရုံးက စီရင်နိုင်ခွင့် ရှိသလား၊ မရှိဘူးလားဆိုတာကို စောဒကတက်နိုင်ပါသေးတယ်။ လူပိန်းစကားနဲ့ပြောရရင် Jurisdiction ကို Challenge လုပ်လို့ရတဲ့ အခွင့်အလမ်း ရှိပါသေးတယ်။ ပြီးတဲ့အခါ Merits Case ဆိုတဲ့အခါ ဒါရဲ့အနှစ်သာရ Genocide ကျူးလွန်မှု ရှိ၊ မရှိ ဆိုတဲ့အပိုင်းလည်း နောက်တော့ ရောက်လာပါဦးမယ်။

ဒါနဲ့စပ်လျဉ်းတဲ့ Talk Show တွေမှာ ပြည်သူကို လှန့်နေတာ တွေ့ရပါတယ်။ ဘယ်လိုလှန့်တာလဲဆိုတော့ အချက်အလက်တွေကြည့်ပြီး၊ အကြာရှည်ဆုံး Case တွေကို ကြည့်ပြီး (၁၂) နှစ်ကြာမယ်၊ (၁၃) နှစ်ကြာမယ်၊ ဒို့တော့ ဒုက္ခရောက်ပါမယ်။ အဲဒီလိုကြာတဲ့ Case ရှိသလို၊ အဲဒီလောက်ကြာမယ်လို့ အပြတ်ပြောလို့ မရပါဘူး။

Provisional Measures က အဖွဲ့ဝင်နိုင်ငံတစ်ခုအနေနဲ့ လိုက်နာရမယ့်

> **“ကျွန်တော်ပြောချင်တာက ဒါနဲ့ပတ်သက်ပြီး တရားရုံးတော်က ချလိုက်တာက သတ်သတ်၊ အဲဒီအပေါ်မှာ မူတည်ပြီး စကားလုံးလေးတွေ ပြောင်းပြီး နိုင်ငံတကာမီဒီယာမှာ ထည့်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ တာဝန်က ဘာလဲဆိုတော့To Prevent ဖြစ်သလို အခုချမှတ်တာလည်း To Prevent ပဲ ဖြစ်ပါတယ်။ အဲဒါမျိုးကို တချို့နိုင်ငံတကာ မီဒီယာမှာ To Stop ဆိုပြီး ဒါတွေ လုပ်နေတာကို မလုပ်နဲ့ဆိုတဲ့ ပုံစံမျိုးကို ဖောင်းပေးရေးထားတာ တွေ့ပါတယ်”**

ကိစ္စဖြစ်ပါတယ်ဆိုတာ အမှန်ပါ။ အဲဒီလို လိုက်နာရတဲ့အခါမှာ Provisional Measures ချလိုက်တဲ့အတွက် နိုင်ငံအကြီးအကျယ် ဒုက္ခရောက်ပါပြီဆိုပြီး ScareTactics ပြည်သူလူထုကို ကြောက်လန့်အောင် ပြောနေတာတွေကို တွေ့နေရပါတယ်။ ကျွန်တော်တို့ အခက်အခဲမဟုတ်ဘူးလား၊ အခက်အခဲ မရှိဘူးလား ရှိပါတယ်။

ကျွန်တော်တို့ ဘယ်မှာကတည်းက အခက်အခဲရှိသလဲဆိုတော့ Genocide Convention ကို ဖောက်ဖျက်ပါတယ်လို့ စွပ်စွဲခံရတာကိုက အင်မတန်မှ ရင်နာစရာကောင်းတဲ့အခက်အခဲပါ။ ဒီအခက်အခဲကို ကျော်လွှားအောင်ဆိုပြီး ကျွန်တော်တို့ အခု နည်းမျိုးစုံနဲ့ လုပ်နေပါတယ်။ အခုလို ICJ က ချမှတ်လိုက်တဲ့ အချက်တွေကလည်း မချရင်တော့ ကျွန်တော်တို့ အများကြီးဝမ်းသာမှာပါ။ သို့သော် သူ့ရဲ့ လုပ်ရိုးလုပ်စဉ်၊ သူ့ရဲ့ ဥပဒေကြောင်းအရ Provisional Measures ကို ချလိုက်တယ်။ ချလိုက်တာကလည်း Convention အရ လိုက်နာရမယ့်အချက်တွေကို ကျွန်တော်တို့ရဲ့ ပြည်တွင်းဥပဒေအရ ကိုယ်တိုင်လုပ်ဆောင်ရမယ့် အချက်တွေ၊ လုပ်ဆောင်ရမယ့် ကိစ္စမျိုးတွေ ဖြစ်ပါတယ်။

ဒါကြောင့် ဒီ Reporting Obligation ကနေပြီး ကျွန်တော်တို့ Genocide မရှိအောင် ဘာတွေလုပ်ဆောင်နေတယ်ဆိုတာကို ထိထိရောက်ရောက် တင်ပြနိုင်တယ်ဆိုရင် နောက်ပိုင်း Case ဖြစ်တဲ့ အဲဒီ Case မျိုး ရောက်လာတယ်ဆိုရင် Merit Case မှာ နိုင်အောင် အထောက်အကူပြုမယ့် ခြေလှမ်းတစ်ခုလို့ ယူဆလို့ ရပါတယ်။ ဒါက သူတို့ပြောသလိုပဲ Challenge Into Opportunity ဆိုသလို စိန်ခေါ်မှုတွေရှိတယ်။ စိန်ခေါ်မှုတွေကို သုံးတတ်ရင် အခွင့်အရေး ဖြစ်ပါတယ်။ အဲဒီအချက်ကို ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။

**ဦးကိုကို** ။ ။ ပြည်ထောင်စုဝန်ကြီး ဒီဟာနဲ့ ဆက်စပ်ပြီး ပြောတဲ့ကိစ္စကို တချို့သော သတင်းစာဆရာတွေကလည်း အဲဒီလိုအချက်ကို အပြုသဘောနဲ့ ထောက်ပြသွားတာ ကျွန်တော် ကြားလိုက်မိပါတယ်။ ကျွန်တော် ဆက်ပြီးဆွေးနွေးချင်တာက ဂမ်ဘီယာကနေပြီး တရားရုံးမှာ လျှောက်ထားတဲ့ အချက် (၆) ချက်အနက် နံပါတ် (၆) အချက်ကို တရားရုံးက လုံးဝကို မထည့်ခဲ့ဘူး။ အဲဒါ ဘာကြောင့်လဲဆိုတာ ပြောပြပေးပါဦး။


**ဦးကျော်တင့်ဆွေ** ။ ။ ဘာကြောင့်လဲဆိုတော့ ပထမဦးဆုံး မတရားလို့ပါ။ ကျွန်တော်တို့ကို အခုစွပ်စွဲထားတာက ဘယ်ပေါ် မူတည်ပြီးလဲဆိုတော့ FFM ရဲ့ ခိုင်လုံမှုမရှိတဲ့၊ FFM ရဲ့ သူများတွေပြောတဲ့ လုပ်ဇာတ်ကို စိစစ်မှုမရှိဘဲနဲ့ ထည့်ထားတဲ့ အစီရင်ခံစာအပေါ် မူတည်ပြီး ကျွန်တော်တို့ကို ဒီတရားစွဲဆိုမှုကို အခြေခံထားတာပါ။

Provisional Measures ချတာကလည်း FFM ရဲ့ Report အပေါ် မူတည်ပြီး ဖြစ်ကောင်းဖြစ်နိုင်ဖွယ် Prima Facie ရှိတယ်ဆိုပြီး ဒါချထားခြင်း ဖြစ်ပါတယ်။ FFM ကို ကျွန်တော်တို့က နဂိုတုန်းက လက်မခံနိုင်ပါဘူးလို့ ပြောထားပါတယ်။ လက်မခံပါဘူးလို့ ပြောတဲ့အခါမှာ လက်ခံဖို့ဆိုပြီး အတင်းအကျပ်ပြောတယ်ဆိုရင် ကျွန်တော်တို့က ဒီအချက်ကို လက်ခံမှာလားဆိုတာတဲ့ အချက်ကို တရားသူကြီးတွေ တွေးမှာပါ။

နောက် တရားသူကြီးတွေက ဘာလိုချင်သလဲဆိုတော့ Unanimity ဆိုတာကို လိုချင်ပါတယ်။ အားလုံးက သဘောတူပါသည်ဆိုတဲ့ အချက်ကို လိုချင်တယ်။ ဒါကြောင့်မို့ Unanimity ရတယ်လို့ ပြောတဲ့နေရာမှာ Unanimity ရမှာပေါ့၊ အားလုံးသဘောတူမှာပေါ့၊ သူတို့ ချမှတ်တဲ့အချက်တွေက Convention အရ ကျွန်တော်တို့ လိုက်နာရမယ့်အချက်တွေကို ထည့်သွင်းချမှတ်တာ ဖြစ်ပါတယ်။ အဲဒီတော့ တရားသူကြီးဆိုတာ တရားရတယ်လေ။

တရားရတာဖြစ်တဲ့အတွက် ဒီချမှတ်ချက်တွေကို ချမှတ်တဲ့အခါမှာ လိုက်နာရမယ့် အချက်တွေကို လိုက်နာပါလို့ ပြောတဲ့အချက်ကို ဘယ်တရားသူကြီးက လက်မခံဘူးလို့ ပြောလို့ရမှာလဲ။ *စာမျက်နှာ ၁၁ သို့*

# (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ၁၅ ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါး ပေါ်ထွန်း



**နေပြည်တော် ဇန်နဝါရီ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၇၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၉ ရက်အထိ ကျင်းပခဲ့ရာ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ ဘဒ္ဒန္တပညာဝံသာဘိဝံသ သက်တော်(၄၅)နှစ်၊ သိက္ခာတော်(၂၄)ဝါသည် ၁၅ ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒအဖြစ် သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့သည်။

(၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ ပေါ်ထွက်ခဲ့ပြီးနောက်ပိုင်း ၃-နှစ်ကြာမှသာ ယခုနှစ် (၇၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် တစ်ပါး ထပ်မံပေါ်ထွန်းခဲ့ခြင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ အဘိဓမ္မကောဝိဒဘွဲ့နှင့် တိပိဋကကောဝိဒဘွဲ့ရ အရှင်ပညာဝံသာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်**

အရှင်ပညာဝံသာဘိဝံသသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်နောက်ရွာ၊ ခမည်းတော် ဦးချစ်ဖေ+မယ်တော် ဒေါ်တင်ရတို့မှ ၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄)ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

**ဥပသမ္ပဒမင်္ဂလာ**

၁၃၄၇ ခုနှစ်၊ ပြာသိုလတွင် တောင်လှအရှေ့ကျောင်း ဆရာတော် ဦးဣန္ဒဝံသကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၅၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၈)ရက် ဗုဒ္ဓဟူးနေ့တွင် တောင်လှတောင်ကျောင်း ဆရာတော် ဦးသောမကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း ရွှေကန္ဒရီအဆင့်မြင့်အိမ်ရာ၊ အမှတ်-ဘီ(၄၁)နေ ဒုတိယဗိုလ်မှူးကြီးစံတင်(ငြိမ်း)+ ဒေါ်သိန်းသိန်းစံ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကျောက်ပန်းတောင်းမြို့နယ်၊ တောင်နောက်ရွာ ဦးသန်းလေး+ဒေါ်ညို သား ကိုရဲနိုင်+မသန်းသန်းဝင်း မိသားစု။ ဒေါ်မြကြည် သား ကိုဖိုးထူး+မအေးခင် မိသားစု။ ဦးမြို့ကျော်+ဒေါ်သန်းမြ သား ကိုသန်းစို+မထွေးထွေး မိသားစု။ ဦးကြည်ဝင်း+ဒေါ်စန်းမြင့် မိသားစု။ ရန်ကုန်မြို့၊ လှိုင်မြို့နေ ဦးသိန်းလွင်+ဒေါ်ကံကြည် မိသားစု၊ မိဘနှစ်ပါး မိသားစု။ ရန်ကုန်မြို့၊ ဇနိတာရာမရိပ်သာ ဒေါ်စိန်မြမြ မိသားစု။ တောင်နောက်ရွာ၊ ဦးမောင်ဝင်း+ ဒေါ်လှလှဝင်း မိသားစု။ အောင်မင်္ဂလာရပ်၊ ဦးစန်းချို+ ဒေါ်စန်းမြင့် မိသားစု။ သီရိမင်္ဂလာရပ်၊ ဦးမျိုးမင်း+ ဒေါ်မြမြသင်း မိသားစု။ လက်ပန်ကျင်းရွာ ဦးမျိုးမြင့်+ ဒေါ်ငွေကြိုင် မိသားစု။ တောင်နောက်ရွာ ဦးတင်လှဝင်း+ ဒေါ်ခင်ကြိုင် မိသားစု။ ဦးကျောက်ဒိုး+ဒေါ်ငြိမ်းတင် သား ကိုအောင်ကျော်မြင့်+မသင်းသင်းခိုင် မိသားစု။ သုံးခွမြို့ ဦးစန်းမြင့်+ဒေါ်အေးပို မိသားစု။ ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ် ဦးတင်ဝင်း+ဒေါ်ခင်မျိုးနွယ် မိသားစု။ ရန်ကုန်မြို့၊ အင်းစိန်၊ အောင်ဆန်းမြို့ ဦးလှသိန်း+ဒေါ်ငွေမြိုင် သား ကိုရဲအောင်+မနီလာဝင်း မိသားစု။ ရန်ကုန်မြို့၊ မောင်ကိုကို+မဌေးဌေးဦး မိသားစု။ မိုးကုတ်မြို့၊ ကျပ်ပြင်၊ ပန်းမရပ် ဦးလွင်မြင့်+ဒေါ်ရီရီထွေး မိသားစု။ ရန်ကုန်မြို့ ဦးကျောက်ဒိုး+ဒေါ်မြညွန့် မိသားစု။ တောင်နောက်ရွာ၊ ဦးသန်းမောင်+ဒေါ်စောအေး မိသားစု။ ရန်ကုန်မြို့၊ ဦးတင်ဝင်း+ဒေါ်ခင်ကြည်၊ ဆန်းကိုကို မိသားစု။ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် ဒေါက်တာဦးအောင်သန်းဦး+ဒေါ်လှလှဌေး မိသားစု။ ရန်ကုန်မြို့ ဦးတင့်ထွန်းလွင်+ဒေါ်လင်းလင်း ထိုက် မိသားစု။ ရန်ကုန်မြို့ ကိုသော်ဇင်လင်းထွန်း+ ဒေါ်ကျော့ကေသီဝင်း မိသားစု။ စင်ကာပူနိုင်ငံ ဦးအောင်ကျော်မြင့်+ဒေါ်ပြုံးပန်းဝေအောင် သမီး မေဘယ်လွှမ်းဝင့်အောင်(ခ) ဂါဂါး မိသားစု။ ဦးသန်းလှိုင်+ဒေါ်သန်းသန်းဦး မိသားစု။ ကျောက်ပန်းတောင်းမြို့၊ ဦးအောင်ဝင်းကြည်+ ဒေါ်ခင်မျိုးမြင့် မိသားစု။ ဦးစိုးအောင်+ဒေါ်ဆယ်တင် မိသားစု။ ဦးမြင့်စိုးသန်း+ ဒေါ်သင်းသင်း မိသားစု။ ခရမ်းမြို့ ဆရာမ ဒေါ်စန်းစန်းဝေ။ ရန်ကုန်မြို့ ဦးကျေး+ဒေါ်ချိုပြုံး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သိက္ခာထပ် ရဟန်းအဖြစ် ကို ခံယူတော်မူခဲ့ပါသည်။

**ကျေးဇူးရှင်ဆရာတော်များ**

ကျောက်ပန်းတောင်းမြို့နယ်၊ တောင်နောက်ရွာ တောင်လှအရှေ့ကျောင်းဆရာတော် ဦးဣန္ဒဝံသ၊ ဦးဓမ္မိကတို့အထံတွင် အခြေခံစာပေများ သင်ကြားခဲ့သည်။

ကျောက်ပန်းတောင်းမြို့၊ စိတ္တပါလဂူကျောင်း စာသင်တိုက် ဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးလာဘ၊ ဦးဇဋိလ၊ ဦးတေဇိန္ဒ၊ ဦးနန္ဒာစရိယ၊ ဦးဥေယျာဘိဝံသ စသော ဆရာတော်များအထံတွင် (၆)နှစ် သီတင်းသုံးကာ အခြေခံမူလတန်းမှ ပထမကြီးတန်း အောင်မြင်သည်အထိ ပရိယတ္တိစာပေများ သင်ကြားခဲ့ပါသည်။

အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တဣန္ဒောဘာသာဘိဝံသ၊ ဘဒ္ဒန္တမဟိန္ဒစသော မဟာနာယက အနုနာယက၊ စာချဆရာတော်များအထံတွင် (၁၂)နှစ် သီတင်းသုံးကာ သာမဏေကျော်၊ ဓမ္မာစရိယ၊ အဘိဝံသ၊ နိကာယ်ဆိုင်ရာ ပိဋကတ်စာပေများ လေ့လာသင်ယူခဲ့ပြီး ဂဏဝါစက စာချတာဝန်ကိုလည်း (၈)နှစ် ထမ်းဆောင်ခဲ့သည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ပိဋက နှစ်ပုံခွဲဆောင် ဘဒ္ဒန္တသြဘာသာ ဘိဝံသတို့ အထံတွင် ၁၃၆၆ ခုနှစ်မှ ယနေ့အချိန်အထိ သီတင်းသုံးကာ ပါဠိပါရဂူ၊ နိကာယ်အသီးသီး၊ ပိဋကသုံးပုံဆိုင်ရာစာပေများ လေ့လာသင်ယူခဲ့ပါသည်။

**အောင်မြင်ခဲ့သော စာမေးပွဲများနှင့် ဘွဲ့များ**

မန္တလေးမြို့၊ ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်ဘွဲ့၊ မဟာဂန္ဓာရာမိက သာသနာလင်္ကာရအကျော်ဘွဲ့၊ မဟာဂန္ဓာရာမိကဓမ္မာစရိယဘွဲ့၊ အစိုးရစာမေးပွဲ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယပါဠိပါရဂူဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့(တစ်ပြည်လုံးပထမ)၊ ဒီဃနိကာယဝိဒူဘွဲ့(တစ်ပြည်လုံးဒုတိယ)၊ ဝိနယမဟာဝိဒူဘွဲ့၊ ဒီဃနိကာယမဟာဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူဘွဲ့(၁)၊ အဘိဓမ္မဝိဒူဘွဲ့(၂)၊ ရန်ကုန် စေတိယင်္ဂဏအဘိဝံသဘွဲ့(ပထမ)၊ စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစကဘွဲ့၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့၊ ရန်ကုန်နိကာယ် နိကာယုဇ္ဈောတကဝိနယဓရဘွဲ့၊ နိကာယုဇ္ဈောတက ဝိနယဓရ ဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဈောတက ဓမ္မဝိသာရဒ ဒီဃဘာဏကဘွဲ့၊ နိကာယုဇ္ဈောတက ဒီဃနိကာယ ဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဈောတက မူလအာဘိဓမ္မိကဘွဲ့၊ နိကာယုဇ္ဈောတက မဇ္ဈိမအာဘိဓမ္မိကဘွဲ့၊ မိုးကုတ်နိကာယ ဝုဍ္ဎိသမိတိမူလ အဘိဓမ္မ ကောဝိဒဘွဲ့၊ မဟာဂန္ဓဝင် မဟာဂန္ဓဝံသဝိနယာဂမဘွဲ့၊ မဟာဂန္ဓဝံသဒီဃာဂမဘွဲ့၊ မဟာဂန္ဓဝံသဒီဃနိကာယ ကောသလ္လဘွဲ့၊ မဟာဂန္ဓဝံသ မူလအဘိဓမ္မာဂမဘွဲ့၊ တိပိဋကဓရစာမေးပွဲ ဝိနယဓရဘွဲ့(၁၃၆၇)၊ ဝိနယကောဝိဒဘွဲ့(၁၃၆၉)၊ ဒီဃဘာဏကဘွဲ့(၁၃၇၀)၊ ဒီဃ နိကာယကောဝိဒဘွဲ့(၁၃၇၂)၊ မူလ အာဘိဓမ္မိကဘွဲ့(၁၃၇၃)၊ မူလအဘိဓမ္မကောဝိဒဘွဲ့(၁၃၇၅)၊ နိကာယ ဝုဍ္ဎိသမိတိမူလအဘိဓမ္မကောဝိဒဘွဲ့(၁၃၇၆)၊ အဘိဓမ္မ ဝိဒူဘွဲ့(၁၃၇၆)၊ နိကာယုဇ္ဈောတကမဇ္ဈိမ အာဘိဓမ္မိက ဘွဲ့(၁၃၇၆)၊ အဘိဓမ္မဝိဒူဘွဲ့(၂)(၁၃၇၇)၊ မဟာဂန္ဓဝံသ အဘိဓမ္မာဂမဘွဲ့(၁၃၇၇)၊ နိကာယုဇ္ဈောတက ဥပရိမဘာဂ အာဘိဓမ္မိကဘွဲ့(၁၃၇၈)၊ နိကာယုဇ္ဈောတက တိပိဋကဓရဘွဲ့(၁၃၇၈)၊ အစိုးရနိကာယ်စာမေးပွဲ အဘိဓမ္မ မဟာဝိဒူဘွဲ့(၁၃၇၈)၊ နိကာယုဇ္ဈောတက မဇ္ဈိမဘာဂ ဓမ္မာစရိယဘွဲ့(၁၃၇၈)၊ နိကာယုဇ္ဈောတက ဥပရိမဘာဂ ဓမ္မာစရိယဘွဲ့(၁၃၇၉)၊ မဟာဂန္ဓဝံသ အဘိဓမ္မ ကောသလ္လဘွဲ့(၁၃၈၀)၊ အာဘိဓမ္မိကနှင့် တိပိဋကဓရဘွဲ့(၁၃၇၇)တို့ကို ရရှိအောင်မြင်ခဲ့ပါသည်။

**အဘိဓမ္မကောဝိဒဘွဲ့လက်မှတ်**

ယခုနှစ် (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက အဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်း သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် **“အဘိဓမ္မကောဝိဒ”** ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည် ဖြစ်ပါသည်။

**တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်**

အရှင်ပညာဝံသာဘိဝံသသည် သင်ရိုးပိဋကသုံးပုံလုံးကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် **“တိပိဋကဓရ၊ တိပိဋကကောဝိဒ”** ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်၊ အရိုးဝါကနက္ကဒင်္ဂါ ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့ အထက်တန်းခရီးသွား လက်မှတ်(ရာသက်ပန်)(တပည့်နှစ်ဦးအပါအဝင်)လစဉ် ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည် ဖြစ်ပါသည်။

## (၇၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

**ရေးဖြေအောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင် တိပိဋကကောဝိဒ (၁)ပါး**

၁။ ပလ္လင်အမှတ်(၂၃၇) အရှင်ပညာဝံသာဘိဝံသ၊ အသက်(၄၅)နှစ်၊ သိက္ခာ(၂၄)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၂)ပါး**

၁။ ပလ္လင်အမှတ်(၂၅၇) အရှင်ဇနိန္ဒ၊ အသက်(၄၃)နှစ်၊ သိက္ခာ(၂၃)ဝါ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၂၆၄) အရှင်ဝါသဝါလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်း သဘောရေးဖြေအောင် ဝိနယကောဝိဒ (၅)ပါး**

၁။ ပလ္လင်အမှတ်(၃၀၃) အရှင်ပညိန္ဒ(ခင်ဦး)၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၂၁) အရှင်အဂ္ဂသီလ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၂၅) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၃၃) အရှင်ဇနိတာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၃၃၇) အရှင်စန္ဒသာရာလင်္ကာရ၊အသက်(၂၉)နှစ်၊သိက္ခာ(၉)ဝါ မြစ်ကွေ့ကျောင်း၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၉)ပါး**

၁။ ပလ္လင်အမှတ်(၃၅၁) အရှင်ရေဝတ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၆၀) အရှင်ပညာဝံသ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ ရွှေကျင်တိုက်သစ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၃၇၈) အရှင်ဇောတိကာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၃၈၅) အရှင်ပညာသီဟာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၄၀၈) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၄၁၀) အရှင်နန္ဒကာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၄၂၃) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၄၃၂) အရှင်ဝိသုတာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၄၃၃) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

*(ဆက်လက်ဖော်ပြပါမည်)*

*စာမျက်နှာ ၇ မှ*

**ပြည်သူများ ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုများနှင့် လာရောက်လေ့လာမှုများ အခြေအနေ…**

ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် အစည်းအဝေးများ၊ ပြည်ထောင်စုလွှတ်တော်ဝန်းအတွင်းရှိ အဆောက်အဦများ၊ စာကြည့်တိုက်၊ E-Library နှင့် သင်ကြားရေးခန်းမများ၊ လွှတ်တော်ရေးရာကော်မတီဆောင်များနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများသို့ လာရောက်လေ့လာလိုကြသည့် မဲဆန္ဒရှင်ပြည်သူများ၊ အကြံပြုချက်များဆွေးနွေးရန် လာရောက်တွေ့ဆုံလိုကြသည့် ပြည်သူများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများအတွက် လွယ်လင့်တကူ လာရောက်တွေ့ဆုံ၊ လည်ပတ်လေ့လာနိုင်ရန် Online Registration System ကို ဖွင့်လှစ်ထားရှိပြီး ထိုဝက်ဘ်ဆိုက်တွင် (၃)ရက်ကြိုတင်ကာ ဝင်ရောက်မှတ်ပုံတင်ခြင်းဖြင့်ပင် အဝေးမှနေ၍ လာရောက်တွေ့ဆုံ၊ လည်ပတ်ခွင့်ရနိုင်ခြင်းများအထိ ရရှိနိုင်စေရန် ဆောင်ရွက်ထားကြောင်း သိရှိရသည်။ လွှတ်တော်များ စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အချိန်ထိလည်း တိုင်းရင်းသားဒေသမှ တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီအသီးသီးမှ ပါတီဝင်များ၊ မိဘပြည်သူများ၊ တက္ကသိုလ်ပေါင်းစုံ၊ အခြေခံပညာကျောင်းများမှ ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ၊ ပြည်ပမှ ဧည့်သည်များသည် လွှတ်တော်အစည်းအဝေးကျင်းပသည့်နေ့တိုင်းတွင် လာရောက်လေ့လာမှုများ ရှိခဲ့ကြောင်းနှင့် ထိုလာရောက်သူများအတွက်လည်း လွှတ်တော်ရုံးမှ တာဝန်ရှိသူများမှ ခရီးဦးကြိုဆိုခြင်း၊ လွှတ်တော်အဆောက်အဦအတွင်း လိုက်လံပြသပေးခြင်း၊ အစည်းအဝေးခန်းမအတွင်း စနစ်တကျနေရာချထားပေးခြင်းနှင့် လွှတ်တော်ဝန်ထမ်းအကြီးအမှူး၊ အကြီးအကဲများမှ အခါအားလျော်စွာ လက်ခံတွေ့ဆုံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နိဂုံးချုပ်အကျဉ်းချုပ်တင်ပြချက်…**

သို့အတွက် အထက်တွင်ဖော်ပြခဲ့သည့် ပြည်ထောင်စုလွှတ်တော်၏ ကိုးနှစ်တာခရီးတွင် ဆောင်ရွက်ခဲ့သည့် မှတ်တိုင်များကို လေ့လာကြည့်လျှင် ပြည်ထောင်စုလွှတ်တော်ဆိုသည်မှာ ပြည်သူများ၏ အထက်နေရာတွင်ရှိသည့် ဌာနမျိုးမဟုတ်ဘဲ ပြည်သူ့အသံကို နားထောင်ပြီး ပြည်သူများ၏ မျှော်လင့်ချက်များကို အကောင်အထည်ဖော်ပေးနေသည့်နေရာ၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုကာ ဥပဒေများ ပြုစုပေးနေသည့်နေရာနှင့် ပြည်ထောင်စုအစိုးရဌာနများ၏ လိုလားချက်များအပေါ် ဆွေးနွေးဆုံးဖြတ် အတည်ပြုပေးနေသည့်နေရာအဖြစ် မြင်တွေ့ရမည်သာ ဖြစ်ပါသည်။

ထိုဆောင်ရွက်ချက် အကြောင်းအရာများစွာကိုလည်း ပြည်သူများထံသို့ နိုင်ငံပိုင်သတင်းစာများ၊ ရေဒီယိုများ၊ သတင်းစာများ၊ လူမှုကွန်ရက်အင်တာနက်စာမျက်နှာနှင့် ဝက်ဘ်ဆိုက်များမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်အရ အကောင်အထည်ဖော်လာသည့် ပါတီစုံဒီမိုကရေစီစနစ်တွင် အဓိကကျသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းပေးခြင်းများ၊ နိုင်ငံတော်သမ္မတကို ရွေးချယ်ခန့်အပ်ခြင်းနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆုံးဖြတ်အတည်ပြုပေးခြင်း စသည့် အဓိကကျသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်က ဖော်ဆောင်ပေးနိုင်ကြောင်း တွေ့ရသည်။

ထို့အပြင် ခေတ်ကာလအဆက်ဆက်မှ ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းခြင်းများကိုလည်း တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ပြည်ပမှ ချေးငွေရယူခြင်းဆိုင်ရာကိစ္စများ၊ သံခင်းတမန်ခင်းဆိုင်ရာကိစ္စများအတွက် ဆွေးနွေးအတည်ပြုပေးခြင်းများ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှုများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ လွှတ်တော်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့မှုများအပြင် ပြည်သူ့ဆက်ဆံရေးကိစ္စများကိုပါ အောင်မြင်ထိရောက်အောင် ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့အတွက် ယခုကျရောက်သည့် ကိုးနှစ်ပြည့်နှစ်ပတ်လည်နေ့မှစ၍ နောင်နှစ်များစွာတိုင်တည်တံ့လျက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ပြည်ထောင်စုလွှတ်တော်အဖြစ် သမိုင်းတွင် မှတ်ကျောက်တင်ကျန်ရစ်နိုင်စေရေး လွှတ်တော်နာယက၊ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအားလုံးက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုကာ ဆတက်ထမ်းပိုးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ပြည်ထောင်စုလွှတ်တော်၏ လုပ်ငန်းတာဝန်များကို သိရှိအကြံပြုကြခြင်း၊ လာရောက်လေ့လာခြင်းများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။ ။

*စာမျက်နှာ ၉ မှ*

နံပါတ် (၆) ကို ချလိုက်မယ်ဆိုရင် လက်မခံတဲ့ တရားသူကြီးတွေ အများကြီးရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး သူတို့အနေနဲ့ ဘယ်နှယောက်က ထောက်ခံပါတယ်။ ဘယ်နှယောက်က ကန့်ကွက်ပါတယ်ဆိုတာမျိုးတွေ ပေါ်လာမယ်။ ကန့်ကွက်တဲ့ကိစ္စကတောင် ပိုရင်ပိုဦးမယ်။ အဲဒီအချက်တွေအပေါ်မူတည်ပြီး အကုန်စဉ်းစားတယ်လို့ ထင်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြောရရင် အဲဒီတောင်းဆိုချက်က တရားမျှတမှု မရှိဘူး။ နောက်တစ်ခုက တရားရုံးမှာ တကယ်ဒါမျိုးကို ခွင့်ပြုလေ့မရှိဘူး။ ခွင့်ပြုလေ့မရှိတဲ့ အချက်ကို သူတို့က ရလိုရငြား တောင်းဆိုတာပါ။ အဲဒီတော့ အဲဒါ မရပါဘူး။ မရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အများကြီးဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စဟာ ချမှတ်သင့်တဲ့ကိစ္စ မဟုတ်တဲ့အတွက် မချမှတ်ဘူးဆိုတာကို ကျွန်တော်တို့ သိရှိပြီး ကျေနပ်တယ်လို့ ပြောရမှာပါ။

**ဦးကိုကို** ။ ။ ပြည်ထောင်စုဝန်ကြီး ရှင်းပြတဲ့အထဲမှာ ဒီအချက် (၄) ချက်နဲ့ ပတ်သက်ပြီး ဘာကြောင့် တရားရုံးကနေပြီး တရားသူကြီးတွေအားလုံးက သဘောတူခဲ့တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိရပါပြီ၊ အဲဒီမှာ ဆက်စပ်ပြီး လူတွေစိတ်ဝင်စားတဲ့အချက်က တချို့သော တရားသူကြီးတွေက Separate Opinion တွေ ပေးတဲ့ကိစ္စလေးလည်း တော်တော်လေး စိတ်ဝင်စားကြပါတယ်။ အဲဒီထဲမှာမှ နှစ်ဦးကို တော်တော်လေး စိတ်ဝင်စားတယ်။ Social Media တွေအပေါ်မှာ ပြောကြ၊ ဆိုကြတာရှိပါတယ်။ တစ်ခုက တရုတ်၊ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အက်စ်ဟော့ တရားသူကြီး။ တရုတ်ကိုယ်စားပြုတဲ့ တရားသူကြီးက ICJ တရားရေးအဖွဲ့မှာလည်း ဒုတိယဥက္ကဋ္ဌအနေနဲ့ ဒုတိယတရားသူကြီးချုပ်သဘောမျိုး တာဝန်ထမ်းဆောင်နေတော့ သူရဲ့ Separate Opinion ပတ်သက်ပြီး ဆရာမအနေနဲ့ ဘယ်လိုများ မြင်ပါသလဲခင်ဗျာ။

**ဒေါက်တာသီတာဦး** ။ ။ ပြည်ထောင်စုဝန်ကြီး ရှင်းပြသွားသလို ဒီ Convention မှာပါတဲ့ တာဝန်ရှိမှုတွေကို လိုက်နာဖို့ တိုက်တွန်းတဲ့ Provisional Measures ဖြစ်တာရယ်။ နောက်တစ်ခုက ကျွန်မတို့ကို စွပ်စွဲထားတဲ့ ဒီခေါင်းစဉ်က လူမျိုးပြုန်းတီးမှုဆိုင်ရာ တားဆီးရေးဆိုတဲ့ ခေါင်းစဉ်ကလည်း ဒီအမှု မှန်ခြင်း၊ မမှန်ခြင်းက နောက်တစ်ပိုင်းပေါ့။

လောလောဆယ်မှာ တရားရုံးက သူ့ရဲ့တာဝန်ရှိမှုကို သူက ကာကွယ်ချင်တာရယ်ဆိုတဲ့အတွက်ကြောင့် ဒီ Convention ကို လိုက်နာပါလို့ တိုက်တွန်းတဲ့ သဘောမျိုးတွေ ဖြစ်နေတဲ့အတွက်ကြောင့်မို့ တညီတညွတ်တည်း ဆုံးဖြတ်ချက် Unanimous Decision ဆုံးဖြတ်တယ်လို့ ဆိုပေမယ့် ဆရာဦးကိုကို မေးတဲ့ ကွဲပြားသော Opinion လေးတွေ ရှိတယ်ဆိုတာကို တင်ပြသွားခဲ့ပါတယ်။

တင်ပြသွားတဲ့အထဲမှာ ICJ ရဲ့ ဒုတိယဥက္ကဋ္ဌ(Vice-President) တရုတ်ပြည်သူ့သမ္မတနိုင်ငံက တရားသူကြီး Miss Xue ကနေပြီး သူ့ရဲ့ ကွဲပြားချက်ကို ဘယ်လိုရှင်းပြသွားသလဲဆိုတော့ သူက အဓိက (၂) ချက် ပြောပါတယ်။ သူကပြောတာက Genocide ဆိုတဲ့ ဒီစကားလုံးရဲ့ အတိမ်အနက်နဲ့ လေးနက်မှုဟာ တော်တော်ကြီးကို အဓိပ္ပာယ်ဖွင့်ဆိုရ အရမ်းခက်တယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စက လူနည်းစုအုပ်စု Minority Group တစ်ခုကို Ill-Treatment ဖောက်ဖျက်ကျူးလွန်ခြင်းတွေ ရှိကောင်းရှိလိမ့်မယ်။

ဒါပေမယ့် အဲဒီကိစ္စတွေကို မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရေရှည်ခိုင်မာမယ့် အဖြေတစ်ခု ။ သူပြောတာက A Durable Solution တစ်ခုရဖို့အတွက် Closer Cooperation လုပ်နေတာလည်း မြင်သာနေတယ်။ မြင်သာနေတဲ့ အချက်ကြီးရှိတာကို Genocide ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ယူဆပြီး Provisional Measures ချခြင်းကို သူ့အနေနဲ့ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ယူဆခြင်းကို လက်မခံနိုင်တဲ့ ကွဲပြားတဲ့အမြင်ရှိတယ်လို့ ပြောပါတယ်။ ဒုတိယတစ်ချက်က မြန်မာနိုင်ငံကနေပြီး ပထမတစ်ကြိမ် လျှောက်လဲခဲ့စဉ်တုန်းက ကျွန်မတို့ ပြောခဲ့ပါတယ်။ ဒီဂမ်ဘီယာနိုင်ငံက တိုက်ရိုက်အကျိုးထိခိုက်တဲ့နိုင်ငံ မဟုတ်ဘူး။ ဒါကြောင့် Genocide နဲ့ ကျွန်မတို့ကို စွဲဆိုရန် အကြောင်းမရှိဘူးလို့ ရှင်းပြခဲ့ပါတယ်။ ဒါကို တရားရုံးကနေပြီး ဘယ်လိုသုံးသပ်သလဲဆိုတော့ တိုက်ရိုက်ထိခိုက်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အများအကျိုး Common Interest ရှိလို့ရှိရင် တရားစွဲလို့ရတယ်။

ဒါကို သူက ဘယ်စီရင်ထုံး Case ကို ကိုးကားလိုက်သလဲဆိုတော့ Belgium Vs Senegal Case ကို သုံးပါတယ်။ အဲဒီ Case မှာဆိုရင် Convention Against Torture ညှဉ်းပန်းနှိပ်စက်မှုကို ဆန့်ကျင်သော ကွန်ဗင်းရှင်းအရ ဒီဘယ်လ်ဂျီယံနိုင်ငံက ဆီနီဂေါနိုင်ငံကို Common Interest နဲ့စွဲတာကို တရားရုံးကနေလက်ခံခဲ့တဲ့ Citation ဆိုတဲ့ စီရင်ထုံးရှိခဲ့တယ်ဆိုတာကို သူက ကိုးကားပြီး ဂမ်ဘီယာက စွဲလို့ရတယ်လို့ တရားရုံးက သုံးသပ်ခဲ့ပါတယ်။

အဲဒီလို သုံးသပ်ခဲ့တာကို ကျွန်မတို့ရဲ့ ဒုတိယဥက္ကဋ္ဌ Miss Xue ကနေပြီး အဲဒီလိုသုံးသပ်ခြင်းဟာ လွဲမှားပြီးကိုးကားတယ်လို့ သူက ယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂမ်ဘီယာနိုင်ငံက တိုက်ရိုက်ထိခိုက်ခြင်း မရှိပေမယ့် ခုနကတုန်းက တရားစွဲသွားတဲ့ Belgium Vs Senegal ကိစ္စမှာ ဘယ်လ်ဂျီယံနိုင်ငံက Common Interest မဟုတ်ဘူး Specific Interest ရှိတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ ဆီနီဂေါနိုင်ငံသားတစ်ယောက်က ဘယ်လ်ဂျီယံတရားရုံးမှာ တရားစွဲခံထားရတာ။ သူနဲ့ သက်ဆိုင်ပတ်သက်မှုရှိတဲ့ Specific Interest ရှိတယ်။ Specific Interest ရှိတဲ့အတွက်ကြောင့် သူက တရားရုံးက ဒါက လက်ခံခဲ့ရတဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒါကို တရားရုံးကနေပြီး ကျွန်မတို့ Case မှာ လွဲမှားပြီး ကိုးကားသွားတယ်လို့ သူ့ရဲ့ Separate Opinion ကို ပြောတာပါ။

အဲဒီတော့ ကျွန်မတို့ရဲ့ ရှေ့နေကြီး မစ္စတာ ရေးဗတ်ကနေပြီး ကျွန်မတို့နဲ့ အပြင်မှာ ဆွေးနွေးတဲ့အခါ ဒုတိယဥက္ကဋ္ဌရဲ့ တင်ပြသုံးသပ်ချက်ဟာ Case ကို ဖယ်လိုက်ရင်တောင် ရတဲ့ Ground ရှိတယ်လို့ ပြောပါတယ်။ ဒုတိယဥက္ကဋ္ဌ Miss Xue ကနေပြီး သူ့ရဲ့ အခုလို သုံးသပ်ချက်တွေဟာ တရားရုံးကနေပြီး နောက်ပိုင်းမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ဖြစ်ပါတယ်လို့ နောက်ဆုံး ပြောသွားပါတယ်။

**ဦးကျော်တင့်ဆွေ** ။ ။ ဒီဟာက ကျွန်တော်တို့အတွက် အင်မတန်မှ အရေးကြီးတဲ့ သုံးသပ်ချက်ဖြစ်ပါတယ်။ ဆရာမပြောသွားသလို ကျွန်တော်တို့ရဲ့ Genocide နဲ့ ပတ်သက်ပြီးတော့ ကမ္ဘာမှာ အတော်ဆုံးလို့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်ထဲမှာပါတဲ့ ကျွန်တော်တို့ရှေ့နေ Professor Mr. William Schabas က ဒါနဲ့ပတ်သက်လို့ Standing ခေါ်တာပေ့ါ။ Standing မရှိဘူး၊ Standing မရှိတဲ့အတွက် ဒီ Case ကို ပလပ်လို့ရတယ်လို့ သူက အဲဒီလို သုံးသပ်ထားတာ ပါတယ်။ နောက်တစ်ခုက Vice-President Miss Xue လို့ သုံးချင်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကိုယ်စားလှယ် မဟုတ်ပါဘူး။ သူ့အနေနဲ့ သူ့ရဲ့ အရည်အချင်းများကြောင့် ဒီထဲကို သူရောက်နေခြင်း ဖြစ်ပါတယ်။ သဘောက တရုတ်နိုင်ငံကိုယ်စားလှယ်မို့လို့ ကျွန်တော်တို့ အဲဒါမျိုးပြောတာ မဟုတ်ဘူး။ တရားဥပဒေကို နားလည်ကျွမ်းကျင်တဲ့ ပညာရှင် ဒုတိယဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ပြောကြားတဲ့အချက်ပဲ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ မှတ်ယူပါတယ်။

**ဦးကိုကို** ။ ။ အဲဒီတော့ ဆရာမ ရှင်းပြတာတွေကို တော်တော်လေး သဘောပေါက်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက ဒါ အမှန်တရားဘက်နေပြီး Separate Opinion က နောက်ဆုံးအချက်လေးကို ဖတ်လိုက်ရပါတယ်။ သူက ဒါကို အလေးထားပြီး ပြောသွားပါတယ်။ ကျွန်တော်တို့ ဒီအမှုကိစ္စဖြစ်လာတဲ့အခါမှာ ဒါတွေကို အလေးထားစဉ်းစားရမယ်။ သူ့ရဲ့ သုံးသပ်ချက်တွေကို တရားရုံးက စဉ်းစားဖို့ဆိုပြီး ပြောသွားပါတယ်။ သူပြောသွားတာတွေကို ကျွန်တော်လည်း မှတ်သားမိလိုက်ပါတယ် ခင်ဗျ။

နောက်စိတ်ဝင်စားတာက ကျွန်တော်တို့ခန့်ထားတဲ့ တရားသူကြီးကနေပြီး Separate Opinion ပေးခဲ့သလဲ။ ကျွန်တော်တို့ဆီမှာ ပြောနေကြတာက ကျွန်တော်တို့ခန့်လိုက်တဲ့ တရားသူကြီးကိုယ်တိုင်က ဘယ်လိုဖြစ်လို့ ထောက်ခံမဲသွားပေးရလဲဆိုတာကို ပြည်ထောင်စုဝန်ကြီး ပြောပြတော့ ရှင်းသွားပါတယ်။ ဘာကြောင့် ဒီလိုပေးရလဲဆိုတာကို အရှေ့ပိုင်းမှာ ရှင်းသွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ခန့်အပ်ထားတဲ့ တရားသူကြီးရဲ့ Separate Opinion နဲ့ ပတ်သက်ပြီး ဆရာဦးကျော်တင် ဆွေးနွေးပေးပါဦး ခင်ဗျာ။

**ဦးကျော်တင်** ။ ။ ဟုတ်ကဲ့ အခုမေးတာကိုမဖြေခင် ကျွန်တော် နည်းနည်း ရှင်းပြချင်တာက ဒီတရားရုံးတွေမှာ ဘာလို့ တရားသူကြီးတွေ အများကြီးထိုင်ကြတယ်ဆိုတာကို ရှင်းပြချင်ပါတယ်။ အဲဒါက ဘာကြောင့်လဲဆိုတော့ အဓိက သူတို့က ဥပဒေအမှန်ကို ထောက်ပြဖို့ ဖြစ်ပါတယ်။ အခြားတရားသူကြီးတွေက တကယ်ဥပဒေကို အမှန်တိုင်း လုပ်လား/မလုပ်လား ဆိုတာ သူတို့က ထောက်ပြဖို့ အဲဒီရည်ရွယ်ချက်တစ်ခု ရှိတာပေ့ါ။

ICJ ဆိုရင် နှစ် ၇၀ ကျော်က ထူထောင်ခဲ့တာပါ။ အဲဒါ လူတစ်ယောက်၊ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ သူ့ရဲ့ ဥပဒေအားလုံးကို မသိနိုင်ဘူးလေ။ အဲဒါကြောင့် ဒီတခြားတရားသူကြီးတွေက ထောက်ပြတာပေ့ါနော်။ ပြည်ထောင်စုဝန်ကြီး ပြောသလိုပဲ ထိုင်နေတာကို ထိုင်ခိုင်းမယ်ဆိုရင် ငါတို့ သဘောတူမယ်။ ဒါပေမယ့် တခြားကိစ္စတွေမှာဆိုရင်တော့ ငါတို့ Separate Opinion ရေးမယ်ဆိုတာ ကျွန်တော်တို့ရဲ့ ခန့်ထားတဲ့ တရားသူကြီးကလည်း အဲဒီလို ပုံစံမျိုး ဖြစ်ပါလိမ့်မယ်။

ဒါပေမယ့် သူက ထပ်မံပြောတာကတော့ ဒီကြားဖြတ်စီမံချက်မှာ စံနှုန်းက နိမ့်လွန်းပါတယ်။ ဒီအဆင့်မှာ သူက မယ်ဂျော်လေ်ဂျီက ပြောတဲ့အတိုင်း သူလက်ခံပါမယ်။ မကန့်ကွက်ပါဘူး။ ဒါပေမယ့် နောက် Stages တွေမှာ သူက သေသေချာချာကြည့်ဖို့၊ သုံးသပ်ဖို့ လိုပါတယ်လို့ သူပြောပါတယ်။ အဓိက သူပြောသွားတာက ဒီ Plausibility ပေ့ါနော်။ ဂမ်ဘီယာက စွပ်စွဲထားတဲ့ အချက်တွေအားလုံးက ဖြစ်နိုင်ပ့ါမလားဆိုတဲ့ စံနှုန်းက အခုအဆင့်မှာ နိမ့်လွန်းပါတယ်။ ဒါပေမယ့် နောက်အဆင့်တွေမှာ သေသေချာချာ သုံးသပ်ရမယ်။ သူက ပညာရှင်ဆိုတော့ ဂမ်ဘီယာက ပြောတာတွေ၊ စွပ်စွဲထားတာတွေက ဖြစ်နိုင်ဖွယ်ရာလို့ သူ မထင်ဘူးလို့ သွယ်ဝိုက်ပြီး ပြောတာပါ။ သူက ပညာရှင်ဆိုတော့ တိုက်ရိုက်မပြောပါဘူး။

**ဦးကျော်တင့်ဆွေ** ။ ။ ဒီမှာ ကျွန်တော် ရှင်းပြချင်တာလည်း (၁) ကျွန်တော်တို့ ခန့်ထားတဲ့ တရားသူကြီးဆိုတဲ့နေရာမှာ တိတိကျကျပြောရင် ကျွန်တော်တို့ Nominate လုပ်တဲ့ တရားသူကြီးပေ့ါ။ Nominate လုပ်တဲ့ တရားသူကြီးကို ရုံးတော်ကနေ ခန့်တယ်ဆိုတာ သူ့ရဲ့ ပညာအရည်အချင်း၊ သူ့ရဲ့ သမာသမတ်ရှိမှုအပေါ် မူတည်ပြီး၊ ဥပဒေကျွမ်းကျင်တဲ့အပေါ် မူတည်ပြီး ဒါရုံးတော်က ခန့်တာပေ့ါ။ ဒီမှာ သိရမှာက ဒါကျွန်တော်တို့ခန့်တဲ့ တရားသူကြီးမဟုတ်ဘူး။ ကျွန်တော်တို့ခန့်တဲ့ တရားသူကြီးဆိုရင်လည်း အဲဒါ ကျွန်တော်တို့ရဲ့ ရှေ့နေမဟုတ်ဘူး။ ရှေ့နေကပဲ ကျွန်တော်တို့ရဲ့ လိုလားချက်၊ ရပ်တည်ချက်ကို မားမားမတ်မတ်ရပ်တည်ပြီး ပြောရမယ်။ တရားသူကြီးရဲ့ တာဝန်က ဒီဥပဒေကြောင်းအရ ဘယ်လိုရှိလဲဆိုတဲ့ အချက်ကိုပဲ သူကြည့်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ခန့်လိုက်တဲ့ တရားသူကြီးက ကန့်ကွက်မပြောဘူးဆိုတော့ အဲဒီ တရားသူကြီးခန့်တယ်ဆိုတဲ့ဟာက ကျွန်တော်တို့ကို ကန့်ကွက်ပြောဖို့ ပြောတာမဟုတ်ဘူး။ တရားရေးမဏ္ဍိုင်ကို တည့်မတ်စွာ ဆောင်ရွက်နိုင်ဖို့အတွက်ကို လုပ်ခြင်းဖြစ်တယ်။ နောက်တစ်ခုကလည်း Unanimous ချလိုက်တဲ့ ကိစ္စတွေကလည်း ကျွန်တော်တို့အနေနဲ့ လိုလိုလားလား ၁၉၅၆ ခုနှစ်ကတည်းက ဒီကိစ္စတွေကို လုပ်ဆောင်ပါမယ်လို့ ကတိကဝတ်ပြုထားတဲ့ အချက်တွေအပေါ် မူတည်ပြီး ချမှတ်တာမို့လို့ ဒီတရားသူကြီးတွေအနေနဲ့ ကန့်ကွက်ခြင်း မဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ သုံးသပ်ချက်ကို ပြောပြချင်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ Director နှင့် Negotiator ဖြစ်သူ Mr. Hiromichi Kitada နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန (MAFF)မှ Directorနှင့် Negotiator ဖြစ်သူ Mr. Hiromichi Kitada နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံ MAFF နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန Task Force Member များ ညှိနှိုင်း၍ ရေးဆွဲခဲ့သော Roadmap for the Establishment of the Food Value Chain in Myanmar(2016–2020) တွင် Food Value Chain ကဏ္ဍဆိုင်ရာ လုပ်ငန်းများစွာ ဆက်လက်လုပ်ဆောင်ရန်ကိစ္စ၊ လယ်ယာထွက်ကုန်များ၏ အရည်အသွေးကောင်းမွန်ရေးနှင့် အန္တရာယ်ကင်းရေး Food Quality and Safety ကို ဦးစားပေးဆောင်ရွက်နေမှု၊ ပိုးသတ်ဆေးခတ်ခွဲခန်းများတွင် skill technicians များ တိုးမြှင့်ထားရှိနိုင်ရေး၊ ဂျပန်နိုင်ငံအစိုးရ၏ ချေးငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးရေး ဝင်ငွေတိုးတက်ရေးစီမံကိန်း ဆောင်ရွက်နေမှုနှင့် စီမံကိန်းအဆင့်(၂) ဖြစ်သည့် ဧရာဝတီတိုင်း ဒေသကြီးတွင် ဆက်လက်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စ၊ ဂျပန်နိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသည့်သူများအတွက် တွေ့ကြုံရသည့် အခက်အခဲများနှင့် ပတ်သက်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန (MAFF)မှ Director နှင့် Negotiator ဖြစ်သူ Mr. Hiromichi Kitada နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Tone Tinnes အား ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညှိနှိုင်းခန်းမ (၁) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မူလလုပ်ငန်းများအပြင် လက်ရှိတာဝန်ယူဆောင်ရွက်နေသော ကော်မတီများနှင့် လုပ်ငန်းတာဝန်များ၊ ပြည်ပသို့တင်ပို့ရန် အလားအလာရှိသည့် ပို့ကုန်အမယ်များ ဈေးကွက်ရရှိရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍတို့တွင် ကြုံတွေ့နေရသော စိန်ခေါ်မှုနှင့်အခွင့်အလမ်းများ၊ တရားမဝင် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများနှင့် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံ အဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

နော်ဝေနိုင်ငံ သံအမတ်ကြီးက နော်ဝေ စီးပွားရေးလုပ်ငန်းရှင်များမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် နော်ဝေနိုင်ငံ၏ နည်းပညာနှင့် အတွေ့အကြုံများ ပြန်လည်မျှဝေနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမား အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်နေမှု၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီမည့် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်းသည့် နမူနာကောင်းများမျှဝေနိုင်ရေး၊ တိုင်းရင်းသားဘာသာစကားများ သင်ကြားနေမှု၊ နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုဖလှယ်ရေး၊ အပြန်အလှန် ကူးလူးဆက်သွယ်သွားလာနိုင်ရေး အခွင့်အလမ်းကောင်းများကို ဖော်ဆောင်မည့်ကိစ္စ၊ အိမ်နီးချင်းနိုင်ငံအနေဖြင့် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူမား အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

*❂ ကျောဖုံးမှ*

ကျော်ဇင်ထက်၊ မောင်မောင်လွင်၊ မောင်မောင်ဝင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း အဆုံးသတ် အားနည်းမှုကြောင့် ပထမပိုင်းတွင် တစ်ဂိုးသာရသောကြောင့် အင်ဒရာအသင်း၏ ချေပဂိုးသွင်းယူမှုကို ခံခဲ့ရကာ အနိုင်ရရန် အားကုန်ထုတ် ကစားခဲ့ရသည်။ ရန်ကုန်အသင်းအတွက် ဦးဆောင်ဂိုးကို ၁၃ မိနစ်တွင် ကောင်းထက်စိုးက သွင်းယူခဲ့ပြီး အင်ဒရာအသင်းအတွက် ချေပဂိုးကို ၃၅ မိနစ်တွင် တိုဆီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

ပထမပိုင်းတွင် သရေသာ ကစားနိုင်ခဲ့သည့် ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် အနိုင်ဂိုးရယူနိုင်ရန် ကြိုးပမ်းခဲ့ပြီး ၆၃ မိနစ်တွင် တိုက်စစ်မှူး အီမန်နျူရယ်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ရာ ၇၇ မိနစ်တွင် လူစားဝင် တိုက်စစ်မှူး သန်းပိုင်က တတိယဂိုး သွင်းယူခဲ့သည်။

ရန်ကုန်အသင်းသည် ပထမ အကျော့က ခြောက်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရထားရာ နှစ်ကျော့ပေါင်းရလဒ် ကိုးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရပြီး ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။ ရန်ကုန်အသင်းသည် အာဆီယံဇုန် အုပ်စု (F) တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ (လာအို) တို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

*❈ ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်းသည် ဇန်နဝါရီ ၂၅၊ ၂၈ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲများ ကစားပြီးနောက် အပြီးသတ်ကစားသမားများ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် ဒီဇင်ဘာ ၂၁ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး နောက်ဆုံးပြင်ဆင်မှုအဖြစ် ထိုင်းအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ပဏာမကစားသမား ၂၆ ဦးမှ ခြောက်ဦး လျှော့ချခဲ့ပြီး ခင်သန်းဝေ၊ ဝေဝေအောင်၊ ဖူးလတ်နဒီ၊ မိုးမိုးသန်း၊ လင်းမြင့်မိုရ်နှင့် နော်ထက်ထက်ဝေတို့ ချန်လှပ်ခံခဲ့ရသည်။

အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ မြန်မာ၊ အုပ်စု (ခ) တွင် ဩစတြေးလျ၊ တရုတ်၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်း ပါဝင်သည့် အုပ်စု (က) ပွဲစဉ်များကို တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၃ ရက်တွင် တောင်ကိုရီးယားအသင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ၂၀၂၀- ၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၉

**၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါစည်းကမ်းဖောက်ဖျက်ပါက အရေးယူနိုင်မည့်နည်းလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အရည်အသွေးစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က အရည်အသွေးစစ်ဆေးတွေ့ရှိချက်များနှင့် သုံးသပ်ချက်များကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်း၊ အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ခင်ကြီး၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဟန်၊ အထက်မြန်မာပြည်ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးနှင့် လုပ်ငန်းရှင်များက ကျောင်းသုံးစာအုပ်များ အရည်အသွေးပြည့်မီစွာ အချိန်မီရောက်ရှိရေး၊ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ တင်ဒါ စည်းမျဉ်းစည်းကမ်းများနှင့် စာချုပ်ပါ ကတိကဝတ်များ လိုက်နာရေးဆိုင်ရာကိစ္စရပ်များနှင့် တင်ဒါအောင်မြင်သည့် ဒုတိယနှင့် တတိယလုပ်ငန်းရှင်များအား တင်ဒါစည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ငန်းဆက်လက်အပ်နှံခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် စာချုပ်ပါ ကတိကဝတ်ဆိုင်ရာများ၊ ကျောင်းသုံးစာအုပ်များ အချိန်မီရိုက်နှိပ်၊ ထုတ်ဝေ၊ ဖြန့်ဖြူးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း
ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ
ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)

Bay of Bengal Initiative for Multi–Sectoral Technical and
Economic Cooperation (BIMSTEC)

ဘင်းမ်စတက် အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲ

ဆုငွေအမေရိကန်ဒေါ်လာ ၃၀၀၀/-

ဒီဇိုင်းများအားပေးပို့ယှဉ်ပြိုင်ရမည့် အချိန်ကာလ -
၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့အထိ

- မြန်မာနိုင်ငံသားမည်သူမဆို တစ်ဦးချင်း/ အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
- မှီငြမ်းနိုင်ရန် BIMSTEC ဆိုင်ရာအချက်အလက်များကို**www.bimstec.org** တွင် လေ့လာနိုင်ပါသည်။
- ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် လျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များအား**http://bimstec.org/?page_id=2600** တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ ရယူနိုင်ပါသည်။
- ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့သို့ သွားရောက်သတင်းရယူ

**မောင်တော ဇန်နဝါရီ ၂၉**

ပြည်တွင်းပြည်ပ သတင်းမီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြပြီး အငှားမော်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် မောင်တောမြို့သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်း ပြည်ပသတင်းမီဒီယာ အဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်နှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ခရိုင်အုပ်ချုပ်ရေးမှူးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ သတင်းမီဒီယာအဖွဲ့တွင် Frontier Myanmar, Black Night Media၊ Al Jazeera English၊ BBC၊ RFA၊ MRTV နှင့် MITV တို့မှ သတင်းသမားများ ပါရှိကြသည်။

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ် မောင်တောဒေသသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ သွားရောက်သတင်းရယူမှုအနေဖြင့် ၃၅ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်(သတင်းစဉ်)**



# မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိ



**မောင်တော ဇန်နဝါရီ ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ငါးခူရပြန်လည်လက်ခံရေးစခန်း၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက မိမိတို့ဆန္ဒအရ ပြန်လည်ဝင်ရောက်လာသည့် နေရပ်စွန့်ခွာသူအိမ်ထောင်စု ကိုးစု ကျား ၁၆ ဦး၊ မ ၁၀ ဦး စုစုပေါင်း ၂၆ ဦးအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

ယင်းသို့ လက်ခံဆောင်ရွက်ရာတွင် ရှေးဦးစွာ လုံခြုံရေး တာဝန်ရှိသူများက သတ်မှတ်နေရာ၌ တစ်ဦးချင်း လုံခြုံရေးဆိုင်ရာ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သည်။ ထို့နောက် လူဝင်မှုကြီးကြပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ စိစစ်မှတ်တမ်းတင်ခြင်းအား ဆောင်ရွက်ရာတွင် အိမ်ထောင်စု ကိုးစုရှိ အသက်(၁၀)နှစ်အထက် ကျား ၁၀ ဦး၊ မ ငါးဦး ပေါင်း ၁၅ ဦးတို့အား NV Card ထုတ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား မွန်းလွဲ ၂ နာရီတွင် ပြီးစီးခဲ့သည်။

ဆက်လက်၍ ငါးခူရပြန်လည်လက်ခံရေးစခန်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်သာမြက လှဖိုးခေါင် ယာယီနေရာချထားရေးစခန်းသို့ လွှဲပြောင်းပို့ဆောင်ပေးရာ လှဖိုးခေါင်စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးရွှေအောင်နှင့် စခန်းတာဝန်ရှိသူများက လွှဲပြောင်း/ လက်ခံဆောင်ရွက်ကြပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မီးဖိုချောင်သုံးပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

**သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံလွှဲပြောင်း**

ထို့နောက် ပြန်လည်ဝင်ရောက်လာသူ အိမ်ထောင်စု ကိုးစု လူဦးရေ ၂၆ ဦးတို့သည် ယခင်နေရပ် မောင်တောမြို့နယ် ဒါးကြီးစား၊ ပဒင်း၊ ဒုညောင်ပင်ကြီး၊ ပေါင်းဇား၊ သရက်အုပ်၊ ရွက်ညိုတောင်၊ မြို့ဦး၊ ရေခပ်ချောင်းခွဆုံရွာတို့မှဖြစ်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ ညနေ ၄ နာရီ ၃၅ မိနစ်တွင် စခန်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ဦးဇော်ဇော်ဆန်း(ခရိုင်ပြန်/ဆက်)**

# မန္တလေးမြို့တွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်စစ်ဆေးကုသရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးအတွက် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းထားသည့် စောင့်ကြည့်စစ်ဆေး ကုသရေး ကြီးကြပ်မှုကော်မတီ Surveillance and Respond Team (SRT) ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



### ညှိနှိုင်းစာများ အမြန်ဆုံးပေးပို့ထားရန် လိုအပ်

အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က အဆိုပါရောဂါအား ကာကွယ်တားဆီးရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ အားလုံးပါဝင်သည့် SRT ကို ဖွဲ့စည်းပြီး အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝူဟာန်မြို့မှ မန္တလေးမြို့သို့ ရောက်ရှိနေသော ခရီးသွား ၇၃ ဦးသည် တံတားဦး လေဆိပ်မှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည့် ဖြစ်စဉ် တစ်ခု ဇန်နဝါရီ ၂၈ ရက်နေ့တွင် ရှိခဲ့ကြောင်း၊ ၎င်းခရီးသွားများ မန္တလေးမြို့တွင် ရှိနေစဉ်ကာလ အတွင်း နေထိုင်သွားလာခဲ့မှုများကို မှတ်တမ်းတင်ထားရန် လိုအပ်ပါကြောင်း၊ ယခုဖွဲ့စည်းထားသည့် SRT တွင် ပါဝင်သင့်သည့်ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ကျန်ရှိနေပါကလည်း ထပ်မံပါဝင်ဖွဲ့စည်းရန် ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မလိုလားအပ်သည့် စိုးရိမ်ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန် ဖြစ်ပွားနေသည့် ဗိုင်းရပ်စ်ရောဂါကာကွယ် တားဆီးရေး လုပ်ငန်း ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြို့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းစာများ အမြန်ဆုံးပေးပို့ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားနေသည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ရန်မဖြစ်နိုင်သည့်အတွက် ဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံပါဝင်သည့် SRT ကို ဖွဲ့စည်းကာ ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် တရုတ်နိုင်ငံ ဝူဟာန်မြို့မှ မန္တလေးမြို့သို့ ရောက်ရှိလာမည့် မြန်မာ ကျောင်းသား ကျောင်းသူ ၆၀ အား ၁၄ ရက်ကြာ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုရန် ထားရှိမည့် ယခင် ကန်တော်နဒီဆေးရုံကိုလည်း အဆင်သင့်ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မလိုလားအပ်သည့် စိုးရိမ်ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန် ယခုအစည်းအဝေးတွင် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား မီဒီယာများမှ ရေးသားဖော်ပြပေးရန် ပြောကြားခဲ့သည်။

### ရောဂါကူးစက်သည့်လမ်းကြောင်းနှင့် ကာကွယ်ရန်နည်းလမ်းများပညာပေး

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်က မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တံတားဦးလေဆိပ်တွင် Thermal Scanner နှစ်လုံးနှင့် ညောင်ဦးလေဆိပ်တွင် Thermal Scanner တစ်လုံးတို့ဖြင့် ဆိုက်ရောက်ခရီးသည်များအား စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်အပြင် ကုန်းလမ်းမှ ဝင်ရောက်လာသူများအား စောင့်ကြပ်ကြည့်ရှုရန်အတွက် ပြင်ဦးလွင်မြို့တွင် ယနေ့မှစ၍ Fever Surveillance လုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့ပြင် မန္တလေးတိုင်းဒေသကြီးနှင့် ဆက်စပ်နေသည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း အပူချိန် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍ ယခုရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြမည့် အဖွဲ့အစည်းများကိုလည်း အဆိုပါရောဂါလက္ခဏာကူးစက်သည့် လမ်းကြောင်းနှင့် ကာကွယ်ရန် နည်းလမ်းများနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းအသီးသီးတို့က ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အကြံပြုချက်များကို တင်ပြကြသည်။

### သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများပူးပေါင်း

ထို့နောက် မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က အစိုးရ၏ဆောင်ရွက်ချက်များသည် ပြည်သူများ၏ စိတ်လုံခြုံမှုကို ဖြစ်စေသဖြင့် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် SRT ကော်မတီမှ အစွမ်းကုန်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မေဓာဝီလမ်းရှိ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် နိုဗယ်ကိုရိုနာ ဗိုင်းရပ်စ် ကာကွယ်ရေး အသိပညာပေး ဟောပြော ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**




ဟောပြောပွဲတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးဆေးရုံအုပ်ကြီး ဒေါက်တာကြည်စိုးက အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ် (၂) ရန်ကုန်ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်ကျော်သူက History and Epidemiology ၊ ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်သူရက Pathophy-siology and Clinical Features၊ ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာ ဆွေဆွေသစ် က Investigation and Diagnosis၊ အဏုဇီဝဌာနမှ ဒေါက်တာ မြင့်သဇင်အောင်က Laboratory Diagnosis And sample collection၊ ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစန်းစန်းဝင်းက Treatment နှင့် ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာသင်းသင်းနွဲ့က Prevention အကြောင်းတို့ကို ဟောပြောကြသည်။

ဆေးတက္ကသိုလ်(၂) ရန်ကုန် ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာသင်းသင်းနွဲ့က "ဒီလို ဟောပြောပွဲတွေ လုပ်ခြင်းအားဖြင့် လက်ရှိဖြစ်ပွားနေတဲ့ အဆုတ်ရောင် ပြင်းထန်ရောဂါကို အများပြည်သူ တွေလည်း သိရှိမယ်။ ကျန်းမာရေး ဝန်ထမ်းတွေလည်း သိရှိမယ်။ ရောဂါ မဖြစ်အောင် ဘယ်လိုကာကွယ်ရမလဲ ဆိုတာလည်း အားလုံးသိစေချင် တာပါ။ ဒီနေ့ဟောပြောပွဲမှာ နိုဗယ် ကိုရိုနာဗိုင်းရပ်စ်ရဲ့ ဖြစ်စဉ်၊ ရောဂါ ဖြစ်တဲ့ လူနာတွေ ရောက်လာရင် ဘယ်လိုကုသရမလဲ၊ ရောဂါတွေ မဖြစ်အောင် ဘယ်လိုကာကွယ် ရမလဲဆိုတာတွေ ဟောပြောပါတယ်။ ဒီရောဂါက မဖြစ်အောင်ကာကွယ် တဲ့ နည်းလမ်းကတော့ လူတိုင်း လုပ်ဆောင်နိုင်ပါတယ်။ ရောဂါဖြစ်တဲ့ သူဆီက မကူးအောင် အဓိကလက်ကို စင်ကြယ်အောင် ဆေးကြောရမယ်။ လူနာကို မကိုင်တွယ်ခင်မှာလည်း လက်ကိုစင်ကြယ် အောင်ဆေးကြော မယ်။ နှာခေါင်းစည်း တပ်ဆင်ထား ရမယ်ဆိုတာ ဟောပြောခဲ့ပါတယ်" ဟု ပြောသည်။

ဆေးတက္ကသိုလ်(၂) ရန်ကုန် ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်ကျော်သူ က "ဒီနေ့ ဆေးပညာဟောပြောပွဲမှာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဝူဟာန်မြို့မှာ စတင်ဖြစ်ပွားခဲ့တဲ့ နိုဗယ်ကိုရိုနာဗိုင်း ရပ်စ်အကြောင်း ဆွေးနွေးပြောပြခဲ့ ပါတယ်။ ဒီဇင်ဘာလကုန်မှာ ဝူဟာန် မြို့မှာ နမိုးရီးယား စပြီးဖြစ်တယ်။ ဆက်ပြီးလိုက်တဲ့အခါ ဇန်နဝါရီလ ထဲမှာပဲ ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် ဖြစ်တယ်ဆိုတာ သူတို့သိလာကြ တယ်။ အဲဒီဗိုင်းရပ်စ်က နိုဗယ် ကိုရိုနာဗိုင်းရပ်စ်ဆိုတာ ဖြစ်လာ တယ်။ ဒီနေ့ဟောပြောပွဲမှာ နိုဗယ် ကိုရိုနာ ဗိုင်းရပ်စ်နဲ့ အရင်ဖြစ်ဖူး တဲ့ ဗိုင်းရပ်စ်ပိုးတွေအကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်" ဟု ပြောသည်။

ယနေ့ ပြုလုပ်သည့် အသိပညာ ပေးဆွေးနွေးပွဲသို့ ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ နှင့် ဆရာဝန်များ၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြု များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-မင်းသစ်(MNA)**

# လွိုင်ဂျယ်နယ်စပ်ဂိတ်များတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုမရှိရေး ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**လွိုင်ဂျယ် ဇန်နဝါရီ ၂၉**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တရုတ်-မြန်မာနယ်စပ် လူဝင်လူထွက်ဂိတ်နှင့် အခြား လူစည်ကားသည့်နေရာများတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအဖွဲ့က ကျန်းမာရေးစစ်ဆေးမှုများကို ကြပ်မတ်ဆောင်ရွက် လျက်ရှိသည်။

"တာဝန်ရှိသူတွေအနေနဲ့ ခရီးသွားတွေ အဆင်ပြေပြေ စွာ သွားလာနိုင်အောင်၊ မြန်မာနိုင်ငံဘက်ကို ကူးစက်မှု မရှိရလေအောင် ကျန်းမာရေးအဖွဲ့တွေနဲ့ ပူးပေါင်း ဆောင်ရွက်ပြီး ဂိတ်အဝင်အထွက်တွေမှာ အားလုံး ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ နှာခေါင်းစည်း တွေကို တပ်ဆင်ပြီး သွားလာဖို့အတွက်လည်း ကျန်းမာ ရေးအဖွဲ့တွေက ညွှန်ကြားထားပါတယ်။ လက်ရှိ အနေအထားအရတော့ လွိုင်ဂျယ်မြို့နယ် အတွင်းမှာ ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ကူးစက်ခံရသူ မရှိသေးပါဘူး။ ကြားလည်းမကြားမိသေးပါဘူး" ဟု လွိုင်ဂျယ်ဒေသခံ စာရေးဆရာ ဦးအုန်းကျော်က ပြောသည်။

တရုတ်-မြန်မာနယ်စပ်ဂိတ်ဖြစ်သည့် အမှတ်(၁) ဂိတ်နှင့် အမှတ်(၂)ဂိတ်တို့တွင် နေ့စဉ်လိုလို နှစ်နိုင်ငံ ဘက်မှ လူဦးရေ ၅၀၀ ကျော် ၆၀၀ ခန့် သွားလာနေခြင်း ဖြစ်ပြီး ယခုလတ်တလောဖြစ်ပွားနေသည့်ရောဂါကြောင့် တရုတ်နိုင်ငံဘက်မှ ဟိုတယ်များ၊ တည်းခိုခန်းများ၊ ဈေးဆိုင်ကြီးများ၊ လူစည်ကားသည့်နေရာများ၊ အရေးကြီးသည့် နယ်စပ်ဂိတ်များကို ယာယီပိတ်ထားသဖြင့် တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ အသွားအလာနည်းနေကြောင်း ဒေသခံများထံမှ သိရပြီး ပူးပေါင်းအဖွဲ့ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နေစဉ် အတွင်းမှာလည်း ရောဂါမသင်္ကာသူတစ်ဦး တစ်ယောက်မျှ မတွေ့ရှိသေးကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)၊ ရင်ငြိမ်းပန်း(လွိုင်ဂျယ်)**

# ဆီးရီးယားအစိုးရတပ်ဖွဲ့က နိုင်ငံအနောက်မြောက်ပိုင်း အချက်အချာမြို့တစ်မြို့ကို ပြန်လည်ရယူ

**ဒမတ်စကတ် ဇန်နဝါရီ ၂၉**

ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် နိုင်ငံအနောက်မြောက်ပိုင်းရှိ မဟာဗျူဟာကျသည့် မြို့တစ်မြို့ကို ဂျီဟတ်စစ်သွေးကြွများနှင့် ၎င်းတို့၏ မဟာမိတ်သူပုန်များလက်မှ ဇန်နဝါရီ ၂၉ ရက် တွင် ပြန်လည်ရယူထိန်းချုပ်လိုက်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ဗုံးကြဲတိုက်ခိုက်မှုများ ရက်သတ္တပတ်အတော်ကြာဖြစ်ပွားပြီးနောက် ယခင်က အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်လေ့ရှိရာ မာရက်အယ်လ်နူမန်မြို့သည် ခြောက်ကပ်တိတ်ဆိတ်သော မြို့အဖြစ် ပြောင်းလဲခဲ့သည်။ အဆိုပါမြို့သည် ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်နှင့် အလက်ပိုတို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းပေါ်တွင် တည်ရှိသည်။

အစိုးရတပ်ဖွဲ့များသည် ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း မာရက်အယ်လ်နူမန်အပါအဝင် ကျေးရွာများနှင့် မြို့နယ်အများအပြားတို့တွင် အကြမ်းဖက်တိုက်ဖျက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြောင်း ဆီးရီးယားအစိုးရတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အစိုးရတပ်ဖွဲ့ဝင်များသည် ယခုအခါ ဆီးရီးယားနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းကို ပြန်လည်ရရှိခဲ့ပြီဖြစ်ပြီး အီဒလစ်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးကို ပြန်လည်ထိန်းချုပ်နိုင်ရေး အလေးပေးကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မာရက်အယ်လ်နူမန်မြို့ကို ပြန်လည်ရယူနိုင်ခဲ့ပြီးနောက် ဆီးရီးယား အစိုးရတပ်ဖွဲ့သည် ဆီးရီးယားမြေပေါ်တွင် အကြမ်းဖက်မှု ကင်းစင်ပပျောက်သွားသည်အထိ အကြမ်းဖက် လက်နက်ကိုင်အုပ်စုများကို လိုက်လံချေမှုန်းလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

လွန်ခဲ့သည့် ၂၀၁၁ ခုနှစ်က အီဒလစ်ပြည်နယ်အနောက်မြောက်ပိုင်းရှိ မာရက်အယ်လ်နူမန်မြို့သည် ဆီးရီးယားအစိုးရကို ဆန့်ကျင်သည့် ပထမဆုံးမြို့တစ်မြို့ ဖြစ်လာခဲ့သည်။

**အေအက်ဖ်ပီ**



ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ရုရှားနိုင်ငံ ယူရယ်လေကြောင်းလိုင်း ဥရောပသို့ ပြေးဆွဲနေသည့် လေကြောင်းဝန်ဆောင်မှုများကို ရပ်နား

**မော်စကို ဇန်နဝါရီ ၂၉**

လူသေဆုံးနိုင်သည့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ရုရှားနိုင်ငံ ယူရယ်လေကြောင်းလိုင်းက ပါရီနှင့် ရောမအပါအဝင် ဥရောပသို့ ပြေးဆွဲနေသည့် လေကြောင်းဝန်ဆောင်မှုများအားလုံးကို ရပ်နားထားကြောင်း ဇန်နဝါရီ ၂၉ ရက်က ပြောကြားခဲ့သည်။

ရေကာတရင်ဘာ့ဂ်တွင် အခြေစိုက်သည့် အဆိုပါ လေကြောင်းလိုင်းသည် မြူးနစ်၊ ပါရီနှင့် ပြင်သစ်နိုင်ငံသို့ ပြေးဆွဲနေသည့် လေကြောင်းခရီးစဉ်များနှင့်အတူ ဂျပန်နိုင်ငံ မြောက်ပိုင်း ဟော့ကိုင်းဒိုးကျွန်း၏ မြို့တော် ဆက်ပ်ပိုရိုသို့ ပြေးဆွဲနေသော လေကြောင်းခရီးစဉ်များကို ယခုနှစ် ဆောင်းရာသီအကုန်အထိ ရပ်နားထားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။



ယူရယ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အဆိုပါလေကြောင်း ခရီးစဉ်များသည် တရုတ်ခရီးသွားများဖြင့် စည်ကားလျက်ရှိသောကြောင့် ဝူဟန်ဗိုင်းရပ်စ်ကူးစက်ခံရမှုမှ ကာကွယ်ရန် ထိုသို့ ရပ်နားလိုက်ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံ၏အကြီးဆုံး လူမှုကွန်ရက်ဖြစ်သည့် ဗွီကွန်တက်တီတွင် ၎င်းလေကြောင်းလိုင်းက ဖော်ပြခဲ့သည်။

အဆိုပါလေကြောင်းလိုင်းသည် အစောပိုင်းကလည်း တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းနှင့် အခြားမြို့များသို့ လေကြောင်းပြေးဆွဲနေမှုကိုလည်း ရပ်နားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် ဗိုင်းရပ်စ်ပျံ့နှံ့ ကူးစက်မှု မရှိသေးသော်လည်း ကြိုတင်ကာကွယ်သည့် အနေဖြင့် ထိုသို့လုပ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရုရှားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရန် ကာကွယ်ဆေးကိုလည်း ဖော်စပ်လျက်ရှိသည်။ ကိုရိုနာဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၁၅ နိုင်ငံကျော်သို့ ပျံ့နှံ့လျက်ရှိပြီး စုစုပေါင်းလူဦးရေ ၆၀၀၀ နီးပါး ကူးစက်ခံနေရပြီဟု သိရသည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံမှ ဆေးဝန်ထမ်း ၆၀၀၀ ခန့်ကို အဆုတ်ရောင်ဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် ဟူဘေးပြည်နယ်သို့ စေလွှတ်

**ပေကျင်း ဇန်နဝါရီ ၂၉**

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို တိုက်ဖျက်ရန်အတွက် တရုတ်နိုင်ငံတစ်ဝန်းမှ ဆေးဝန်ထမ်းပေါင်း ၆၀၀၀ ခန့်ကို ဟူဘေးပြည်နယ်သို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း တရုတ်ကျန်းမာရေးအာဏာပိုင်တစ်ဦးက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ဆေးဝန်ထမ်းအဖွဲ့ပေါင်း ၃၀ ကျော်တို့မှ အဖွဲ့ဝင်ပေါင်း ၄၁၃၀ တို့သည် ယခုအခါ ဟူဘေးသို့ ရောက်ရှိနေပြီဖြစ်ကာ ဗိုင်းရပ်စ်တိုက်ဖျက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်မှ အရာရှိတစ်ဦးဖြစ်သည့် ကျောင်းယာဝေက ပေကျင်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ နောက်ထပ် ဆေးအမှုထမ်း ၁၈၀၀ တို့လည်း ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆေးဝန်ထမ်းပထမအသုတ်ကို ပြီးခဲ့သည့် သောကြာနေ့က ရှန်ဟိုင်းနှင့် ကွမ်တုံပြည်နယ်တို့မှ စေလွှတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးမှုအများဆုံး ဖြစ်ပွားခဲ့သည့် ဟူဘေးပြည်နယ်ရှိ ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများကို အကူအညီပေးရန် အဆိုပါ ဆေးအဖွဲ့သားများကို စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ပြည်နယ်တစ်ဝန်းရှိ ဆေးရုံများတွင် ဇန်နဝါရီ ၂၇ ရက်က လူနာ ၃၁၉၃၄ ဦးခန့်ကို လက်ခံခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗိုက်ဂျီကွန်ရက် ထူထောင်ရာတွင် အကူအညီပေးရန် ဟွာဝေးကုမ္ပဏီကို ဗြိတိန် မီးစိမ်းပြ

**လန်ဒန် ဇန်နဝါရီ ၂၉**

ဗြိတိန်နိုင်ငံအတွင်း ဖိုက်ဂျီကွန်ရက် ထူထောင်ရာတွင် ဟွာဝေးကုမ္ပဏီ၏ အကူအညီရယူရန် ဗြိတိန်အစိုးရက ဇန်နဝါရီ ၂၈ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ရှန်ကျန်းအခြေစိုက် ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုကုမ္ပဏီက ဗြိတိန်အစိုးရ၏ အတည်ပြုချက်ကို ရရှိလိုက်ပြီဖြစ်ရာ ဖိုက်ဂျီကွန်ရက် ဝန်ဆောင်မှုလမ်းကြောင်းပေါ် ဆက်လက်တည်ရှိနိုင်ရေး ဖောက်သည်များနှင့် ဆက်လက်လုပ်ဆောင်သွားနိုင်ရန် စိတ်ချရပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျာမနီအပါအဝင် ဥရောပနိုင်ငံအချို့တို့မှာလည်း ဟွာဝေးကုမ္ပဏီနှင့် လက်တွဲရန် စိတ်ဝင်စားမှု ရှိနေကြောင်း သိရသည်။

**ဆင်ဟွာ**

# ဝူဟန်မြို့တွင် ပိတ်မိနေသော နိုင်ငံခြားသားများကို လေယာဉ်ဖြင့် ပြောင်းရွှေ့မှုများပြုလုပ်

**ပေကျင်း ဇန်နဝါရီ ၂၉**

ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာ ဝူဟန်မြို့တွင် ပိတ်မိနေသည့် အမေရိကန်နှင့် ဂျပန်နိုင်ငံသား ရာကျော်ကို လေယာဉ်ဖြင့် ရွှေ့ပြောင်းကယ်ဆယ်မှုများ ပြုလုပ်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၂၉ ရက်က ဖော်ပြလိုက်သည်။

တရုတ်နိုင်ငံတွင် ကူးစက်ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု ပမာဏသည် ၂၀၀၂-၂၀၀၃ ခုနှစ်က ဖြစ်ပွားခဲ့သော ဆားစ်ရောဂါ ပျံ့နှံ့ဖြစ်ပွားမှု ပမာဏထက် ပိုမိုများပြားလာကြောင်း သိရသည်။ ဆားစ်ရောဂါသည်လည်း လူမှလူသို့ ကူးစက်ပျံ့နှံ့သော အဆုတ်ရောင်ရောဂါတစ်မျိုးဖြစ်သည်။ ဆားစ်ရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် သေဆုံးသူ ၈၀၀ နီးပါးရှိခဲ့ပြီး သေဆုံးသူအများစုမှာ တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်တို့မှဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာ အာဏာပိုင်များသည် ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ဝူဟန်အတွင်းအပြင် အနီးဝန်းကျင် မြို့များပါမကျန် သယ်ယူပို့ဆောင်ရေးများကိုလည်း တားမြစ်ပိတ်ပင်လိုက်ရာ လူဦးရေ သန်းငါးဆယ်ထက်မနည်း ပိတ်မိနေခဲ့ကြောင်း သိရသည်။

မိမိတို့လွတ်လပ်စွာ လှုပ်ရှားသွားလာ၍မရကြောင်း၊ မိမိတို့မှာ နားစွန်နားဖျားသတင်းများသာ သိရကြောင်း ပိတ်မိနေသူများအား လေယာဉ်ဖြင့် ရွှေ့ပြောင်းမှုတွင် ပါဝင်သူတစ်ဦး ဖြစ်သည့် ဂျပန်နိုင်ငံမှ နီပွန်စတီး လုပ်သား တာကဲအိုအိုယာမာက ပြောကြားလိုက်သည်။ ကူးစက်ခံရသူ အရေအတွက်မှာလည်းအတိုင်းအတာတစ်ခုအထိ မြင့်တက်လာပြီဖြစ်ကြောင်း၊ အလွန်စိုးရိမ်စရာ ကောင်းကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံသည် ဗိုင်းရပ်စ်ပျံ့နှံ့မှုကို တားဆီးနိုင်ရေး သာမန်ထက်ထူးခြားသည့် လုပ်ဆောင်မှုများ အားလုံးကို ဆောင်ရွက်နေကြောင်း၊



လေယာဉ်ဖြင့် ပြောင်းရွှေ့မှုပြုလုပ်မည့် ဂျပန်နိုင်ငံသားများက သတင်းထောက်များ မေးမြန်းနေသည်ကို ဖြေကြားနေစဉ်။

အဆိုပါ ဆောင်ရွက်ချက်များတွင် နိုင်ငံရပ်ခြားသို့ အုပ်စုလိုက်ခရီးသွားလာခြင်းကို တားဆီးခြင်း၊ ကျောင်းများကို ပိတ်ထားခြင်း၊ တရုတ်နှစ်သစ်ကူးရက် တိုးမြှင့်သတ်မှတ်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။ ကမ္ဘာ့စိုးရိမ်ပူပန်မှုများ မြင့်တက်လာသည့်အတွက် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် အခြားနိုင်ငံများက သူတို့၏ နိုင်ငံသားများကို တရုတ်နိုင်ငံသို့ ခရီးသွားလာမှု မပြုလုပ်ကြရန် အကြံပြုထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ရေခဲတဲ့ရွာလေး

# ဘားနန်ဒ်ရဲ့ မနက်ခင်း


## Icy Cold Morning in Bernard Village

**Thiha, the Traveller @ သီဟလုလင်**



ရေခဲမှုန်များလွှမ်းနေသည့် ဘားနန်ဒ်ရွာမြင်ကွင်း။

မိုးကုတ်မြို့ကနေ ၄၅ မိနစ်လောက် ကားမောင်းသွားရတဲ့ ပြောင်ခေါင်းဘားနန်ဒ်ရွာလေးမှာ အေးမြတဲ့မနက်ခင်းဆိုရင် ရေခဲတာကို မြင်ရတယ်လို့ ပြောသံကြားရပေမယ့် ကိုယ်တိုင် မကြုံဖူးသေးဘူး။ ပြောင်းခေါင်းစိမ်းကျောက်တွေထွက်တဲ့ ပြောင်ခေါင်းရွာ ဒါမှမဟုတ် ဘားနန်ဒ်ရွာလေးမှာ မိုးသားတိမ်ကင်းတဲ့နေ့တွေ၊ မိုးမရွာထားတဲ့နေ့တွေဆိုရင် အခုလိုအေးမြတဲ့ ဆောင်းနံနက်ခင်းတွေမှာ မြေပြင်တစ်ခုလုံး ရေခဲမှုန်မှုန်လေးတွေ အပြည့် ဖွေးဖွေးလှုပ် ဖုံးလွှမ်းနေတတ်တယ်။ ဒါကို သဘာဝအလှတစ်ခုအနေနဲ့ အပူပိုင်းနဲ့ မြစ်ဝကျွန်းပေါ်က ခရီးသွားတွေ တကူးတက



ဘားနန်ဒ်ရွာအတွင်းမှ နှစ်၁၀၀ ကျော်သက်တမ်းရှိ ယမ်းတိုက်။

လာပြီးကြည့်ကြ၊ မှတ်တမ်းတင်ကြရတယ်လေ။ ကျွန်တော်လည်း ဒီတစ်ခါ မိုးကုတ်မြို့ကိုရောက်တော့ ရေခဲမှုန်လေးတွေ လွှမ်းနေမယ့် ဘားနန်ဒ်ရွာလေးကိုမြင်ရဖို့ အပြေးလာခဲ့ရပြီပေါ့။

### ရိုးစင်းမှုတွေမပျောက်ပျက်သေးတဲ့ ဘားနန်ဒ်ရွာ

မိုးကုတ်နယ်ဟာ လွန်ခဲ့တဲ့ နှစ် ၁၂၀ လောက်က ဗြိတိသျှတွေရဲ့ အခြေချရာနေရာတစ်ခုဖြစ်ခဲ့တယ်။ အဲဒီအချိန်တုန်းကလည်း မိုးကုတ်က ကျောက်သံပတ္တမြားတွေကို စက်အားတွေနဲ့ ထုတ်ယူခဲ့ကြတာပဲ။ ဒီအချိန်မှာ ဒီဘားနန်ဒ်ရွာလေးဟာ ဗြိတိသျှသံအမတ်ကြီး Charles Bernard ရဲ့ အမည်ကို အစွဲပြုလို့ ဘားနန်ဒ်ရွာအဖြစ် ဗြိတိသျှတို့ ခြေကုပ်ယူရာနေရာတစ်ခုဖြစ်ခဲ့တယ်လို့ မှတ်ဖူးတယ်။ အခုတော့ ရွာသာယာလို့ နာမည်ပြောင်းခဲ့ပေမယ့် ဘားနန်ဒ်အနေနဲ့ပဲ ခေါ်ပြောနေကြတုန်းပေါ့။

ရွာသူ ရွာသားတွေက တရုတ်လူမျိုးတွေနဲ့ တူတယ်။ ဝတ်စားဆင်ယင် ပြောဆိုပုံတွေဆင်တယ်။ ရိုးလည်းရိုးသားပြီး ပွင့်လင်းကြတယ်။ ကျွန်တော်က ရေခဲနေတာမြင်လို့ သဘောကျကာ ကားရပ်ပြီး ဓာတ်ပုံဆင်းရိုက်တော့ ... အဲဒီနားက အိမ်ထဲက အမျိုးသမီးတစ်ဦးက တအံ့တဩနဲ့ "ဟယ် ဒီလောက်အေးနေတာ၊ မအေးတဲ့အတိုင်းပဲ" လို့ လှမ်းအော်မေးရတဲ့အထိ ရိုးသားအေးဆေးကြတယ်။

### ရေခဲတဲ့ ဆောင်းနံနက်ခင်းမှာ ဘားနန်ဒ်ရွာဆီကို

ရွာလေးဆီကိုသွားဖို့ မနက် ၅ နာရီလောက် မိုးကုတ်မြို့ကနေ စထွက်ရတယ်။ တောင်တက်လမ်းလေးတွေကို ဖိုးဝိုးကားတွေနဲ့ သွားရင် ပိုအဆင်ပြေတယ်။ ဆလွန်းတွေလည်း သွားကြပေမယ့် လမ်းကနည်းနည်းတော့ ကြမ်းတယ်။ လမ်းလည်းကျဉ်းတယ်။ အထူးသတိထားရတာက ဆိုင်ကယ်တွေပါ။ ဆိုင်ကယ်တွေက အမြန်နှုန်းများများနဲ့ လာကြသလို လမ်းအလယ်လောက်ကနေ မောင်းလာတတ်တာမို့ ကိုယ့်ဘက်က တတ်နိုင်သမျှ အရှိန်ထိန်းပြီး သတိထားမောင်းကြရတယ်။ အကွေ့အကောက်များတယ်။ ဘေးမှာ ချောက်နဲ့ တစ်ဖက်မှာ တောင်ရှိတာမို့ ကားကို ဂရုစိုက်မောင်းဖို့လိုပါတယ်။

ဘားနန်ဒ်ရွာမှာတွေ့ရမယ့် ရေခဲမှုန်လေးတွေကို မမြင်ရသေးခင် လေပေါက်ဘုရားနားမှာ မိုးကုတ်မြို့အပေါ်စီး မြင်ကွင်းကျယ်နဲ့ နေထွက်လာတဲ့အလှကို ခံစားနိုင်မယ်။ ညဘက်ဆို ဒီနေရာကနေ မိုးကုတ်အရှေ့ပိုင်းနဲ့ အနောက်ပိုင်း(ကျပ်ပြင်)တို့ကို တစ်ခါတည်း မြင်တွေ့နိုင်မယ့် နေရာမို့ ထူးခြားတယ်ဆိုရမယ်။

ဒီနေရာလေးမှာ နေထွက်ချိန်ကို ခဏခံစားပြီး ခရီးဆက်ခဲ့မယ်ဆိုရင် ဘားနန်ဒ်ရွာကို အလင်းရောင်လည်းထွက်၊ ရေခဲတွေလည်း ကောင်းကောင်းမြင်ရမယ့် အချိန်ကို ရောက်သွားနိုင်တယ်။ ရေခဲဆိုပေမယ့် နိုင်ငံခြားမှာလို နှင်းတွေကျနေတာမျိုးမဟုတ်လို့ နေရောင်လာတာနဲ့ ဒီရေခဲမှုန်လေးတွေက ချက်ချင်း အရည်ပျော်သွားတတ်တယ်။ ဒါကြောင့် ဒီရေခဲမှုန်လေးတွေရှိနေတဲ့ ခဏတာအချိန် တစ်နာရီ၊ နှစ်နာရီလောက်အတွင်းကို သဘာဝအလှခံစားဖို့ အပြေးလာကြရတာပါ။

မနက် မိုးကုတ်ကနေ ထလာကတည်းက ကားပေါ်မှာ ရေခဲလေးတွေ တွေ့လိုက်ရပြီမို့ ဒီမနက် ဘားနန်ဒ်မှာရေခဲတွေ့ရဖို့ သေချာသွားတယ်။ ဘားနန်ဒ်ရွာမရောက်ခင်ကတည်းက တချို့နေရာလေးတွေမှာ သစ်ရွက်နဲ့ ချုံတွေပေါ်တင်ပြီး ခဲနေတဲ့ ရေခဲမှုန်လေးတွေကို သတိပြုမိတော့ ပိုရင်ခုန်လာတယ်။ ဟော... ဘားနန်ဒ်ရွာလည်းဝင်ရော မြင်မြင်သမျှဟာ ရေခဲတွေ ဖုံးလွှမ်းနေတော့တယ်လေ။ အိမ်တွေရဲ့ ခေါင်မိုးတွေမှာ ရေခဲမှုန်ဖြူဖြူတွေ၊ စိုက်ခင်းတွေမှာ၊ မြေပြင်ပေါ်မှာ၊ မြက်တွေပေါ်မှာ အရာတိုင်းဟာ ရေခဲမှုန်ဖြူဖြူတွေ လွှမ်းခြုံပြီး ခဲတောင့်နေကြတယ်။ အရွက်လေးတွေကိုချိုးကြည့်တော့ အတောင့်လိုက်လေးပါလာတယ်။ တချို့နေရာတွေမှာ သွယ်ထားတဲ့ ရေပိုက်လိုင်းက ရေတွေစဉ်ပြီး ရေခဲအချောင်းလိုက်ဖြစ်နေတဲ့ အရွက်နဲ့ အပင်တွေကိုပါ တွေ့လိုက်ရတော့ ဘာတွေပျော်မှန်းမသိ ပျော်သွားခဲ့တယ်။ အလွန်အေးတဲ့ ခံစားမှုကြီးဟာ လူကိုထိုင်းမှိုင်းစေလို့ သိပ်သဘောမကျလှပေမယ့် ဒီမနက်တော့ ကျွန်တော် အလွန်ပျော်ပြီး တက်ကြွနေတယ်။ ဓာတ်ပုံရိုက်လို့ကို မဝနိုင်အောင်ပါပဲ။

### အမေ့လျော့ခံ ဘားနန်ဒ်စစ်သင်္ချိုင်း

ဗြိတိသျှတို့ အခြေချတပ်စွဲရာ ဖြစ်တာမို့ အင်္ဂလိပ်-မြန်မာ စစ်ပွဲတွေအတွင်း ကျဆုံးသွားတဲ့ ဗြိတိသျှစစ်သားတွေရဲ့ စစ်သင်္ချိုင်းတစ်ခုလည်း ဘားနန်ဒ်ရွာမှာ ရှိနေတယ်။ ခါတိုင်းတုန်းကတော့ ချုံတွေမရှင်းလင်းထားတဲ့ စစ်သင်္ချိုင်းဟာ အရေးမပါတဲ့ နေရာတစ်ခုလိုပဲ။ တကယ်တော့ ဒီစစ်သင်္ချိုင်းဟာ တခြားမြို့တွေမှာရှိတဲ့ စစ်သင်္ချိုင်းတွေလိုပဲ ကမ္ဘာလှည့်ခရီးသွားတွေ လာကြည့်ဖို့ ဆွဲဆောင်နိုင်တဲ့ နေရာတစ်ခုအဖြစ် တန်ဖိုးထားရမှာပါ။ ကျွန်တော်ရောက်တဲ့နေ့က ထူးခြားစွာပဲ သန့်ရှင်းရေးလုပ်ထားတဲ့ စစ်သင်္ချိုင်းကို လည်ပတ်လေ့လာခွင့် ကြုံခဲ့ပါတယ်။ အဲဒီအချိန်မှာ နေလည်းထွက်လာပြီမို့ အဲဒီတစ်ဝိုက်က ရေခဲတွေ စပျော်နေပါပြီ။ နေရိပ်ထဲမှာရှိနေသေးတဲ့ မြေပြင်ကရေခဲတွေလည်း ရှိနေတုန်းပဲပေါ့။

### ဘားနန်ဒ်ဈေးနေ့

ဒီရွာမှာလည်းဈေးနေ့နဲ့ ကြုံကြိုက်ခဲ့မယ်ဆိုရင်တော့ ကိုယ်အလည်လာရကျိုးနပ်သထက်နပ်တယ်လို့ ဆိုရမှာပေါ့။ ဘားနန်ဒ်ရွာအဝင်က ဈေးလေးမှာ ဈေးနေ့နဲ့ တိုက်ဆိုင်စွာ ရောက်ခဲ့ရင် စည်ကားသက်ဝင်နေတဲ့ ဈေးရောင်းဈေးဝယ် ရွာသူ ရွာသားတွေရဲ့ ဓလေ့ကို ခံစားလေ့လာနိုင်ဦးမှာပါ။

ဘားနန်ဒ်မှာ ဈေးနေ့ရှိရှိ၊ မရှိရှိ စားကောင်းတဲ့ ခေါက်ဆွဲဆိုင်လေးတွေရှိတယ်။ ရှမ်းခေါက်ဆွဲအရသာတစ်မျိုးမို့ စားခဲ့ဖို့လည်း တိုက်တွန်းချင်ပါတယ်။

### ဘားနန်ဒ်ရွာက ယမ်းတိုက်


ဘားနန်ဒ်ရွာထဲက အိမ်လေးတစ်ခုရဲ့ နောက်ဘက် စိုက်ခင်းအလွန်မှာ နှစ် ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်တဲ့ ယမ်းတိုက်တစ်ခုကို တွေ့ကြရမယ်။ ခပ်သေးသေးပါပဲ။ စိုက်ခင်းလေးတွေနဲ့ အိမ်တွေကြားထဲမြုပ်နေတာ။ အထဲမှာပစ္စည်းတချို့ သိမ်းဆည်းထားတဲ့ ဂိုဒေါင်သာသာဖြစ်နေပေမယ့် သွားပြီးလေ့လာဖြစ်ခဲ့သေးတယ်။ လမ်းညွှန်ရခက်လို့ သွားလည်မယ်ဆိုရင် ဒေသခံတွေကို လမ်းလေး မေးမြန်းသွားစေလိုပါတယ်။

### ဘားနန်ဒ်ရွာမှာ ရေခဲမှုန်တွေလွှမ်းတဲ့အချိန်

ကျွန်တော်ပြောခဲ့သလိုပေါ့။ ဘားနန်ဒ်ရွာမှာ မနက်တိုင်း ရေခဲနေတာမျိုး မဟုတ်ပါဘူး။ အခုလို ဆောင်းကာလ နိုဝင်ဘာမှ ဖေဖော်ဝါရီအတွင်း မိုးမရွာတဲ့၊ တိမ်မထူတဲ့ နေ့တွေမှာ တွေ့မြင်ရတတ်ပါတယ်။ မိုးရွာပြီး ဒါမှမဟုတ် မိုးတိမ်ထူပြီး တစ်ပတ်အတွင်းမှာတော့ ရေခဲလေ့ မရှိဘူးလို့ သိရပါတယ်။ ဒါကြောင့် သွားတိုင်းလည်း ဘားနန်ဒ်မှာ ရေခဲတာနဲ့ ကြုံမယ်လို့ တရားသေတွက်ဆမရဘူးပေါ့ဗျာ။

မိုးကုတ်မြို့ကို ဆောင်းတွင်းကာလ အလည်ရောက်ခဲ့ရင် ရေခဲမှုန်တွေ ဖုံးလွှမ်းတတ်တဲ့ နံနက်ခင်းကို ပိုင်ဆိုင်နေမြဲ ဘားနန်ဒ်ရွာလေးဆီကို အလည်သွား သဘာဝကို ခံစားဖို့ ကျွန်တော်ကလည်း တိုက်တွန်းချင်ပါတယ်ဗျာ။

အားလုံးပဲ အစဉ်ဘေးကင်းလုံခြုံကျန်းမာ ပြည့်စုံပျော်ရွှင်စွာနဲ့ ခရီးသွားနိုင်ကြပါစေ။ ။



ဘားနန်ဒ်ရွာရှိ ဗြိတိသျှစစ်သားများ၏ စစ်သင်္ချိုင်း။

# မင်္ဂလာဒုံ - တညင်းကုန်း လမ်းပိုင်းဖွင့်လှစ်ပြီးဖြစ်၍ မြို့ပတ်ရထားလမ်းပိုင်းစနစ် ပြန်လည်ချိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၂၉**
ရန်ကုန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခရီးသွားလာမှုမြန်ဆန်ချောမွေ့စေရန် မြန်မာ့မီးရထားမှ မြို့ပတ်ရထားလမ်းပိုင်းကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပုရွက်ဆိပ်ကုန်း-ရေကူးဘူတာ အတွင်းလမ်းနှင့် တညင်းကုန်း-မင်္ဂလာဒုံအပြင်လမ်း ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုတို့ ဇန်နဝါရီလကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်၍ တစ်ဆက်တည်း ပိတ်ထားသော မင်္ဂလာဒုံ - တညင်းကုန်း လမ်းပိုင်းဖွင့်လှစ်ပြီး မြို့ပတ်ရထား လမ်းပိုင်းစနစ် ပြန်လည်ချိတ်ဆက်မိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ စတင်၍ အဆင့်မြှင့်တင်ခဲ့ပြီး ပုရွက်ဆိပ် ကုန်း-ရေကူး - ပုဇွန်တောင်ဘူတာ အပြင်လမ်းပိုင်းနှင့် အနောက်ခြမ်းရှိ ကြည့်မြင်တိုင်ဘုရားလမ်း အပြင်လမ်းတို့ကို ဖေဖော်ဝါရီလပထမပတ်မှ စ၍ တညင်းကုန်း-မင်္ဂလာဒုံလမ်းပိုင်းပွင့်သွားခြင်းဖြင့် ယခင်မြို့ပတ်ရထား လမ်းပိုင်းစနစ် ပြန်လည်ချိတ်ဆက်နိုင်ပြီဖြစ်ရာ ရထားပြေးဆွဲသောအချိန်ဇယားများကို အတွင်းလမ်းဖြစ်သော ရန်ကုန်-ပုဇွန်တောင်လက်ဝဲရစ် လမ်းပိုင်းနှင့် အပြင်လမ်းပိုင်းဖြစ်သော ရန်ကုန်-ဘုရားလမ်း ဘူတာလက်ရာရစ် လမ်းပိုင်းပြေးဆွဲမှုတို့ကို ပြန်လည်ရေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

"လက်ရှိမြေပေါ်သွားတဲ့ မြို့ပတ်လမ်းကိုအဆင့်မြှင့်ပြီး ရထားတွဲဆိုင်းအသစ်တွေနဲ့ပြေးဆွဲမယ်။ စီမံကိန်း မစတင်မီ မြို့ပတ်ရထားခရီးသွား ကိုးသောင်းနီးပါးရှိပြီး အဆင့်မြှင့်တင်နေတဲ့အချိန်မှာ ခရီးသွား ငါးသောင်းပဲရှိပါတယ်။ ဒီမြို့ပတ်ရထားလမ်းစီမံကိန်းပြီးသွားရင် ခရီးသွား နှစ်သိန်းခွဲပို့ဆောင်နိုင်ဖို့ ရည်မှန်းပြီး ဆောင်ရွက်နေတာပါ" ဟု အမှတ် (၇) ရန်ကုန်တိုင်းဒေသကြီး လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုတွင် တညင်းကုန်း-အင်းစိန်လမ်းပိုင်း၊ အင်းစိန်-ကြည့်မြင်တိုင်လမ်းပိုင်းတို့ ပြီးစီးခဲ့ပြီး ထိုအနောက်ခြမ်းတွင် ကြည့်မြင်တိုင်-ဘုရားလမ်းဘူတာအတွင်း လမ်းပိုင်း ပြီးစီးကာ အပြင်လမ်းပိုင်းပြီးစီးပါက ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အနောက်ခြမ်းအားလုံး အဆင့်မြှင့်တင်မှုအားလုံး ပြီးစီးမည်ဖြစ်သည်။

ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပုရွက်ဆိပ်ကုန်း-ရေကူး-ပုဇွန်တောင် အပြင် လမ်းပိုင်းကို ဆက်လက်အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။

**သန်းထိုက်**



အဆင့်မြှင့်တင်လျက်ရှိသော ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ-သန်းစိုး



# မန္တလေးခရိုင်တရားရုံး မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆက်စပ်အဖွဲ့အစည်းများ ရှင်းလင်းဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၂၉**
မန္တလေးခရိုင်တရားရုံး၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆက်စပ်အဖွဲ့အစည်းများ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်က မန္တလေးမြို့ မန္တလေးခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၊ ၂၀၁၅-၂၀၁၇ကို (၁၇-၁၂-၂၀၁၄)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါမဟာဗျူဟာစီမံကိန်းအရ နှစ်အလိုက်လုပ်ငန်း အစီအစဉ်များရေးဆွဲပြီး ၂၀၁၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှလည်း တရားရုံးအသီးသီးတွင် သတ်မှတ်ထားသည့် ကာလအတွင်း ရာဇဝတ်မှုများ စစ်ဆေးပြီးပြတ်နိုင်ရေးအတွက် မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေးနှင့် ဆက်စပ်အဖွဲ့အစည်းများ ဖြစ်သည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် မိမိလက်အောက်ဦးစီးဌာနများသို့လည်း အလေးထားလိုက်နာဆောင်ရွက်ကြရန်အတွက် ကြပ်မတ်ညွှန်ကြားရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ သို့အတွက် တရားရုံးအသီးသီးတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဆက်စပ်ဌာနအဖွဲ့အစည်းအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ ရှင်းလင်းပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးခရိုင်တရားသူကြီးက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြရာ ခရိုင်တရားသူကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီးနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။**တင်မောင်(မန်းကိုယ်ပွား)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက် ရှိသည်။

ဖေဖော်ဝါရီ ၁ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကျောင်းသားလူငယ်များ ငယ်စဉ်အခါ၌ ပညာကို ဂရုတစိုက် သင်ကြားသင့်ပုံ အကြောင်းကို တင်ဆက်ထားသည့် ဆရာဇလွန်ကျော်ဦး၏ "ဘဝတန်ဖိုး" မျက်နှာဖုံးကာတွန်း၊ လူများဖြစ်လေ့ဖြစ်ထရှိသော ဖြစ်ရပ်အချို့ကို ဇာတ်သုတဖြစ်ဖွယ်ရေးဖွဲ့ထားသည့် "ရွှေသွေးသုတ" သုတဆောင်းပါး၊ မိမိ၏ ပစ္စည်းဥစ္စာပင် ဖြစ်သော်လည်း သူတစ်ပါးအား ပေးကမ်းသောအခါ၌ စိတ်ကောင်းစေတနာကောင်းဖြင့် ပေးကမ်းသင့်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "တွန့်တိုမှု၏နောက်ဝယ်" နှစ်မျက်နှာကာတွန်းနှင့် သူတစ်ပါးပြောဆို သောစကားကို မိမိ၏ ပညာဉာဏ်ဖြင့် မချင့်ချိန်ဘဲ ယုံစားမိသည့် ကောသလပြည့်ရှင် ကောသလမင်းကြီး အကြောင်းကို ရေးဖွဲ့တင်ဆက်ထားသည့် ကလေးပုံပြင်အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်းကဏ္ဍ ကဗျာစုံလင်စွာဖြင့် ရေးဖွဲ့ထားသည့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




# သိမ်ဇရပ်မြို့၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

**ကျိုက်ထို ဇန်နဝါရီ ၂၉**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ရွှေလာမြိုင်ရပ်ကွက် ဆဋ္ဌပုညကာရီဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သင်တန်းနည်းပြ လက်ထောက်အင်ဂျင်နီယာ ဦးသက်နောင်နောင်ဦးက အမှာစကားပြောကြားပြီး စာတွေ့၊ လက်တွေ့တစ်လကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ သင်တန်းသား ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အခမဲ့ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၉၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၀၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၁၀ | ကျပ် | ၉၀၅/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၂၅ | ကျပ် | ၉၂၀/၉၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၅ | ကျပ် | ၈၄၀/၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၈၀/၉၂၅ | ကျပ် | ၉၆၅/၉၇၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၇ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၄ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၇၉ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၁၀ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၅ . ၀ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၀၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၄ . ၄၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၉ . ၅၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၃၅၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၁၅၃၂ | ၁၆၈၅၂၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၀၀ | ၄၃၉၀ | ၁၇၃၃၃၄၅၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၅၀၀ | ၂၃၀၀၀ | ၇၄၇ | ၁၇၅၃၁၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၆၁၉ | ၁၇၆၄၁၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၄၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှေးမြန်မာတို့၏ စက်မီး၊ စက်ဒုံးများနှင့် စက်ကြိုးယန္တရားများ (အပိုင်း-၂)

## သိပ္ပံစာရေးဆရာ ကိုကိုအောင်

**ရှေးကပန်ထွာပြည်ဟုခေါ်ဆိုသော ပျူမြို့တော်ဗိဿနိုးသည် အေဒီတစ်ရာစုကပင် စည်ပင်ထွန်းကား ထင်ရှားခဲ့သည်။ ဗိဿနိုးမြို့ကို ရစ်ခွေလျက် ရန်ပယ်ချောင်းက စီးဆင်းလျက်ရှိရာ မြို့ကျုံး မြို့ရိုးကဲ့သို့ ရှိခဲ့သည်။ ထိုမြို့ကို စိုးမိုးအုပ်ချုပ်သော ပန်ထွာမင်းသမီးတွင် သိကြားမင်းကဆက်သသော အတုလစည်တော်ရှိပြီး ထိုစည်ကိုတီးလိုက်ပါက ရန်ပယ်ချောင်းမှ ရေများ ရုတ်တရက်လျှံတက်လာသဖြင့် ရန်သူတို့သည် မြို့အနီးသို့ မချဉ်းကပ်နိုင်၊ မထိပါးနိုင်ရှိသည်ဟု ရာဇဝင်ကျမ်းက ဆိုသည်။ စိတ်ကူးယဉ်ဆန်သည်၊ ဒဏ္ဍာရီဆန်သည်ဟု ဆိုချင်စရာကောင်းလှသည်။**

သို့သော် လက်တွေ့ကျကျဆင်ခြင်ပါက ဗိဿနိုးခေတ်က ပျူတို့သည် ချောင်းရေကို အလွယ်တကူပိတ်နိုင် လွှတ်နိုင်သော ရေတံခါးကို ကောင်းစွာလုပ်တတ်ကြကြောင်း ကောက်ချက်ချနိုင်သည်။ ပျူတို့သည် ရန်ပယ်ချောင်းတွင် ရေတံခါးတပ်ဆင်ထားပြီး ရေစီးရေလာကို ထိန်းထားသည်။ ရန်သူများချဉ်းကပ်လာသည်ကို မြင်လျှင်အစောင့်မျှော်စင်စသည့် တစ်နေရာရာမှ စည်တီး၍ အချက်ပေးလိုက်သောအခါ ထိုရေတံခါးကို ဖွင့်လိုက်ခြင်းအားဖြင့် ရန်ပယ်ချောင်းတွင် ရေများ တစ်ဟုန်ထိုးစီးဆင်းကာ ရေလျှံသွားစေပြီး ဤနည်းဖြင့် ရန်သူကို တားဆီးခဲ့သည်ဟု ယူဆနိုင်သည်။

ဗိဿနိုးမြို့ဟောင်းနေရာမှ တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းတို့တွင် ပျူတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကိုပြသော ပစ္စည်းအများအပြားကို တွေ့ရှိရသည်။ လက်သုံးကိရိယာ သို့တည်းမဟုတ် လက်မှုပညာအဆင့်အတန်း မနိမ့်ကြောင်းကိုဖော်ညွှန်းသော သံမှုကြီးများနှင့် သံပစ္စည်းများလည်း ပါဝင်သည်။ တံခါးကြီးများ၌ ယခုခေတ်ကဲ့သို့ ပတ္တာကိုမသုံးဘဲ တံခါးရွက်နှင့် တံခါးတိုင်ကို ဆုံလည်သဘောဖြင့်တွဲသော သံတုံးသံကွင်းကြီးများကို ထောက်ရှု၍ အလွယ်တကူ ဖွင့်နိုင် ပိတ်နိုင်သော ရေတံခါးများကို ဆောက်လုပ်နိုင်ခဲ့ကြမည်ဟု ခန့်မှန်းရသည်။

### ရှေးမြန်မာခေတ်က စက်ယန္တရားများ

ခေတ်အဆက်ဆက်က မြန်မာမင်းများသည် မိုးနည်းသော မြန်မာနိုင်ငံအလယ်ပိုင်းတွင် စိုက်ပျိုးရေးအတွက် ဆည်မြောင်းများဖောက်လုပ်၍ ကန်ကြီးများကို တူးဖော်ပြုပြင်ခဲ့ကြသည်။ ကုန်းဘောင်ခေတ်လယ် ဗဒုံမင်းလက်ထက်တွင် အောင်ပင်လယ်ကန်၊ မောင်းမကန်၊ မိတ္ထီလာကန်များကို ဆည်ဖို့ပြုပြင်ရာ၌ ရေလွှတ်ပြွန်ကို ခိုင်ခံ့စွာပြုလုပ်၍ ရေကိုအလိုရှိသလို လွှတ်နိုင် ထိန်းထားနိုင်ရန် ရေတံခါးကို ယန္တရားစက်နှင့်တွဲ၍ တပ်ဆင်ထားသည်ဟု ဆိုသည်။

အောင်ပင်လယ်ကန်ကို မြန်မာသက္ကရာဇ် ၁၁၅၀ ပြည့်နှစ်တွင် ဆည်ဖို့ပြုပြင်ရာ၌ အဝ ၁၀ တောင်၊ အနက် ၁၅ တောင်၊ အလျား ၁၀ တာ (အတောင် ၇၀) ရှိသော ရေပြွန်တလားကို အုတ်ရိုးအင်္ဂတေဖြင့် သေချာကောင်းမွန်အောင် လုပ်ဆောင်ပြီးလျှင် အဖွင့်ကို ယန္တရားစက်နှင့် ထားရှိသည်။ ထို့အတူ အလောင်းစည်သူမင်းတည်လုပ်ခဲ့သော မောင်းမကန်ကို ဆည်ဖို့ပြုပြင်ရာ၌ အဝ ၂ တာ (၁၄ တောင်)၊ အနက် ၁၅ တောင်၊ အလျား ၁၀ တာ (အတောင် ၇၀) ရှိသော ရေပြွန်တလားကို အုတ်ရိုး အင်္ဂတေများဖြင့် ကောင်းမွန်သေချာစွာ လုပ်ဆောင်ပြီး အဖွင့်ကို ယန္တရားစက်နှင့် ထားတော်မူကာ နန္ဒာကန်ဟု ကမ္ပည်းစိုက်တော်မူသည်ဟု ရာဇဝင်ကျမ်းက မှတ်တမ်းတင်ခဲ့သည်။

မိတ္ထီလာကန်ကို မြန်မာသက္ကရာဇ် ၁၁၅၈ ခုနှစ်တွင် ဆည်ဖို့ပြုပြင်ရာ၌ ပို၍ပင် သိပ္ပံနည်းကျသေးသည်ဟု ပြောရမည်ဖြစ်သည်။ ရေပြွန်တလားတည်ဆောက်ထားပုံကို မိတ္ထီလာကန်တော် မော်ကွန်းများ၌ **“ရေပြွန်တလား၊ ကျောက်တံခါးနှင့် နဂါးခွေပတ်၊ ညီနောင်နတ်တို့၊ လက်တတ်ဆရာ၊ ဗိသုကာထင်ပေါ်၊ ဆရာကျော်လည်း၊ မြော်မြော်တင်းတင်း၊ အနှုံးထွင်း၍၊ မယွင်းမချွတ်၊ မရွတ်မယိုင်၊ ခိုင်စေလသေး၊ ကျောက်လေးအုတ်ချပ်၊ ထပ်ထပ်ဖြည့်သား၊ မျှော့ဘားသံရွက်၊ မှိုဝန်းနက်၍၊ ဘွဲ့ရှက်ယန္တရား၊ စက်ဖြင့်ထားလျက်”** ဟူ၍လည်းကောင်း၊ တွင်းသင်းတိုက်ဝန် မဟာစည်သူက **“သံမှိုမျှော့ကပ်၊ မြဲသိုကြပ်သား၊ ပျဉ်ထပ်တလား၊ ယန္တရားနှင့်၊ ခွန်အားပြင်းသုန်၊ ဂဠုန်ပျံလွှား၊ ချီသယ်စားလည်း၊ နှစ်ပါးညီနောင်၊ နံတောင်နှစ်ဘက်၊ ဘွဲ့ရှက်ရစ်ထပ်၊ ကျောက်နှုတ်တပ်လျက်၊ အုတ်ချပ်သံကျောက်၊ ပြွန်ပေါက် ယဉ်ထွေ၊ ရေတီးပြည့်လျှမ်း”** ဟူ၍လည်းကောင်း ဖွဲ့ဆိုထားခဲ့ကြသည်။ ဤအဖွဲ့အဆိုတို့သည် နဂါး၊ ဂဠုန်၊ ယန္တရားစက်ဟူသော ဝေါဟာရများကြောင့် ဒဏ္ဍာရီဆန်သကဲ့သို့ ရှိသော်လည်း စင်စစ်အားဖြင့် သိပ္ပံနည်းကျသော လုပ်ဆောင်ချက်များ ဖြစ်ကြသည်။ အနက်အဓိပ္ပာယ် မှာကား–

မိတ္ထီလာကန်၏ ကျောက်တလားရေပြွန်မှာ အဝ ၁ တာ (၇ တောင်)၊ အစောက် ၁၀ တောင်၊ အလျား ၅ တာ (၃၅ တောင်) ရှိပြီး အုတ်ရိုးအင်္ဂတေနှင့် ကောင်းမွန်သေချာအောင် လုပ်ဆောင်ထားသည်။ ဒု ၁ မိုက်၊ ဖြက် ၁ တောင်၊ အလျား ၁၂ တောင်ရှိသော ပျဉ်ကိုစီ၍လည်း ညှပ်နှင့် သံမှိုစွဲပြီးလျှင် အဖွင့်ကို ယန္တရားစက်နှင့် ထားသည်။ ထို့ပြင် ပြွန်ဝဝဲယာတစ်ဖက်တစ်ချက်တွင် နဂါးတစ်ကောင်စီ လုပ်ထားသည်။ ထိုနဂါး ညီနောင်သည် ရေချိန်ရေမှတ်ဖြစ်ပြီး နဂါးရေသောက်လျှင် စိုးရိမ်ရေမှတ်သို့ရောက်သည်ဟု အမှတ်ထားသည်။ ထို့ကြောင့် နဂါးခံတွင်းဝက လွန်သမျှရေကို စည်သူလွှဲက ထုတ်ရသည်။ နဂါးခံတွင်းဝသို့ ရေရောက်လျှင် မြောင်းမ ၃၀၀၊ မြောင်းငယ် ၂၅၀ က ရေထုတ်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် တာတစ်သောင်းစီ သုံးနှစ်သုံးသီး လုပ်ဆောင်နိုင်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ကန်များတွင် ဆောက်လုပ်ထားသော ရေပြွန်တလားတို့၏ ပမာဏကို ထောက်ရှု၍လည်းကောင်း၊ အသုံးပြုထားသော ကျောက်၊ အုတ်၊ အင်္ဂတေ၊ သံမှိုနှင့် ဒုတစ်မိုက်ရှိပျဉ်ချပ်များ စသည်တို့ကို ထောက်ရှု၍လည်းကောင်း၊ အဖွင့်ရေတံခါးကို သာမန်လူတို့၏ စွမ်းအားဖြင့် မည်သည့်နည်းနှင့်မျှ ဖွင့်ရန် ပိတ်ရန် လွယ်ကူမည်မဟုတ်ကြောင်း သိသာလှသည်။ ထို့ကြောင့်ပင် ယန္တရားစက်နှင့် ထားသည်ဆိုသည့် အချက်ကိုလက်ခံရမည် ဖြစ်သည်။

> **“ခေတ်အဆက်ဆက် ရှေးမြန်မာစာပေများ၌ တွေ့ရှိရသော စက်များ၊ စက်ယန္တရားများ၊ စက်လက်နက်များသည် သာမန်အားဖြင့် စိတ်ကူးယဉ်ဆန်၊ ဒဏ္ဍာရီဆန် နေသကဲ့သို့ ရှိသည်။ မီးအား၊ ရေနွေးငွေ့အားဖြင့် လှုပ်ရှားလည်ပတ်သော အင်ဂျင်စက်များ၊ machine စက်များ မဟုတ်ကြစေကာမူ ခြေခြေမြစ်မြစ် တွေးတောဆင်ခြင်ပါက သိပ္ပံနည်းကျကြောင်း၊ သိပ္ပံပညာ အခြေခံပါရှိကြောင်း သိမြင်နိုင်သည်”**

ကုန်းဘောင်ခေတ်လယ် ဗဒုံမင်းလက်ထက်အရောက်တွင် မြန်မာတို့သည် မီးအားဖြင့်လည်ပတ်သော အင်ဂျင်စက်များ၊ စက်ကိရိယာများနှင့် မစိမ်းကြတော့ဘဲ ကြားဖူးနားဝရှိလာကြပြီဟု ယူဆရသည်။ ထို့ကြောင့် ရေပြွန်တံခါးကို စက်ယန္တရားနှင့် ထားသည်ဟုဆိုရာ၌ engine၊ machine တို့ မဟုတ်စေကာမူ ရူပဗေဒပညာအရ ရိုးရိုးစက်များဖြစ်သော ဘီး၊ စက်သီး၊ စက်ကြိုး၊ ကုတ်၊ မောင်းတံ စသောလက်သုံးကိရိယာတို့၏ စွမ်းအားကို ပိုင်နိုင်စွာ အသုံးချတတ်နေသည်မှာ သိသာသည်။

### ကာလကတ္တားက စက်အသစ်အဆန်းများ

ထိုကာလများအတွင်းမှာပင် မြန်မာတို့သည် မီးအား၊ ရေနွေးငွေ့အား၊ လျှပ်စစ်ဓာတ်အားတို့ဖြင့် လည်ပတ်သော စက်များကို သိမြင်ခွင့် ရရှိလာခဲ့ကြသည်။ ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲအပြီးတွင် ရန္တပိုစာချုပ်ပါ လိုအပ်ချက်အရ မေဂျာဘားနေသည် မြန်မာမင်းနေပြည်တော်၌ အင်္ဂလိပ်သံကိုယ်စားလှယ်အဖြစ် လာရောက်နေထိုင်ခဲ့သည်။ ထို့အတူ မြန်မာတို့ဘက်ကလည်း မင်းကြီးမဟာစည်သူနှင့် အဖွဲ့ကို ၁၈၃၀ ပြည့်နှစ်တွင် အိန္ဒိယသို့သံတမန်အဖြစ် စေလွှတ်ခဲ့သည်။ မြန်မာသံအဖွဲ့ခေါင်းဆောင် မင်းကြီးမဟာစည်သူက အိန္ဒိယ၌ တွေ့ခဲ့မြင်ခဲ့ရသော အသစ်အဆန်းများကို ဘင်္ဂလားသွား စာတမ်းအမည်ဖြင့် မှတ်တမ်းရေးခဲ့သည်။

မြန်မာသံအဖွဲ့သည် ကာလကတ္တား (ကိုးလ်ကတ္တား) ရှိ စက်ရက်ကန်းစင်ကို သွားရောက်ကြည့်ရှု လေ့လာရာ၌ တိုက်ခေါင်မိုးရှိ ခေါင်းလောင်းသည် လူကမထိုးဘဲ စက်အားဖြင့်ထိုး၍ အသံမြည်ကြောင်း၊ ဝါကြိတ်စက်၊ ဗိုင်းလိပ်ဗိုင်းထောင့်လုပ်သောစက်၊ ချည်ဆွဲသောစက်၊ ရက်ဖောက်ယောက်သောစက်၊ အထည်ရက်သောစက်များကို တွေ့မြင်ရကြောင်း၊ လွန်းအသွားအပြန်နှင့် လက်ခတ်ရိုက်စက်၊ ခြေနင်းစက်များကလည်း လျှပ်ပြက်သကဲ့သို့ လျင်မြန်သည်ကို တွေ့မြင်ခဲ့ရကြောင်း၊ ထိုပြင် ဒင်္ဂါးခတ်လုပ်သောစက်များ၊ မီးစက်ဖြင့် မြစ်ရေကို မြို့တွင်းသို့ သွင်းကာ မီးပန်းမီးပွင့်ကဲ့သို့ သံရေပြွန်ငယ်မှ ရေပန်းဖြာလျက် အထက်သို့တက်ပုံတို့ကို တွေ့မြင်ရကြောင်း မှတ်တမ်းတင် ဖော်ပြထားခဲ့သည်။ အပြန်ခရီးတွင် ပင့်ဆောင်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်ကြီးကို သင်္ဘောပေါ်သို့ စက်ဖြင့်တင်ကြောင်းကိုလည်း ဖော်ပြထားသည်။

ကာလကတ္တား (ကိုးလ်ကတ္တား) ကျုံးတံခါးနင်းကြမ်း အကြောင်းနှင့် ပတ်သက်၍ –

“နင်းကြမ်းမှာ သံကို ကောင်းမွန်သေချာစွာ လုပ်ဆောင်ခင်းထားသည်။ ၎င်းခင်းသည့် နင်းကြမ်းတွင်လည်း အနားတစ်ဖက်တစ်ချက် သံကြိုးကြီးချည်၍ ၎င်းသံကြိုးကို အုတ်ရိုးသို့ ဖောက်ပြီးလျှင် အတွင်းတံခါးအဝင်ဝ တစ်ဖက်တစ်ချက်တွင် စက်နှင့် ထားသည့် သံတုံးကြီးနှစ်တုံး၌ ချည်သည်။ တစ်ဖက်ရန်သူရောက်၍ အရေးရှိလျှင် ရအောင် တံခါးနှင့် သံတုံးကို စက်ဆင်ထားသည်။ ဆင်ထားသည့် စက်ကိုဖြုတ်က သံတုံးက မြို့တွင်းသို့လိမ့်၍ ဆင်းသည်။ နင်းကြမ်းလည်း တံခါးပိတ်သကဲ့သို့ ပိတ်ဆို့နေသည်” ဟု ရှင်းလင်းဖော်ပြထားသည်။

ကမ္ဘာ့စက်မှုတော်လှန်ရေး၏ ပထမပိုင်းကို အင်္ဂလန်တွင် ၁၇၇၀ မှ ၁၈၂၅ ခုနှစ်အတွင်းက တွေ့ရပြီး ဥရောပ၌မူ ၁၈၁၅ ခုနှစ် နောက်ပိုင်းကျမှသာ စတင်ခဲ့သည်။ ကျောက်မီးသွေးကို မီးမြှိုက်ပြီး သံရည်ကျိုခြင်းကို ၁၇၅၀ ပြည့်နှစ် ဝန်းကျင်ရောက်မှ နားလည်ကာ ရေနွေးငွေ့အားကို ၁၇၈၅ ခုနှစ် နောက်ပိုင်းရောက်မှ ကောင်းစွာအသုံးချနိုင်ခဲ့ကြသည်။ ထို့ကြောင့်ပင် ဗြိတိသျှပိုင် ကာလကတ္တား (ကိုးလ်ကတ္တား) မြို့၏ နင်းကြမ်းတံခါးကို ၁၈၃၀ ပြည့်နှစ်၌ စက်နှင့် ဆင်ထားသည်ဟုဆိုသော်လည်း သံကြိုးကို သံတုံးတွင်ချည်၍ ဘီးတွင်ရစ်ထားကာ အတင်အချပြုလုပ်ခြင်းသာ ဖြစ်ကြောင်းသိသာသည်။ ရှေးမြန်မာတို့၏ အသုံးအနှုန်းအတိုင်း ဘီးကိုစက်ဟုဖော်ပြခြင်းဖြစ်ရာ ၁၇၉၆ ခုနှစ်ဝန်းကျင်က တည်ဆောက်သော မြန်မာတို့၏ ရေတံခါးများကို အထင်မသေးသင့်ပေ။ ကာလကတ္တား (ကိုးလ်ကတ္တား) ကျုံးနင်းကြမ်းတံခါးနှင့် သဘောတရားတူမည်ဟု ယူဆနိုင်သည်။ စက်ယန္တရားနှင့် တပ်ဆင်ထားသည်ဆိုသောအချက်ကို ဒဏ္ဍာရီဆန်သည်ဟု ပေါ့တန်စွာ မှတ်ချက်မချသင့်ပေ။

တနင်္သာရီကော်မရှင်နာ ဘလန်ဒယ်သည် ၁၈၃၅ ခုနှစ်တွင် အခွန်ဝန်မောင်ရွှေထွန်းနှင့် အဖွဲ့ကို ကာလကတ္တား (ကိုးလ်ကတ္တား)သို့ ခေါ်သွားခဲ့သည်။ ထိုစဉ်က တနင်္သာရီနှင့် ရခိုင်တို့သည် အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်နေပြီ ဖြစ်သည်။ အိန္ဒိယတွင် အင်္ဂလိပ်တို့ ဘုန်းမီး နေလတောက်ပနေပုံ၊ ခမ်းနားကြီးကျယ်နေပုံ၊ အင်အားကြီးမားပုံတို့ကို ပြသလိုသောကြောင့် တစ်နည်းဆိုရသော် ဝါဒဖြန့်လို၍ မောင်ရွှေထွန်းတို့ကို ခေါ်သွားခဲ့ခြင်းဖြစ်သည်။ ဤတွင် အောက်မြန်မာနိုင်ငံသား မောင်ရွှေထွန်းနှင့် အဖွဲ့သည် ကာလကတ္တား (ကိုးလ်ကတ္တား) ၌ ရှေးက မမြင်ဖူးသော၊ မသိခဲ့သောစက်များကို တွေ့မြင်ခွင့်ရခဲ့ကြသည်။ တွေ့မြင်ခဲ့ရသော အထူးအဆန်း အံ့သြဖွယ်ရာတို့ကို မောင်ရွှေထွန်းက **ကာလကုတသွားရာဇဝင်စာ** အမည်ဖြင့် မှတ်တမ်းရေးသား ဖော်ပြခဲ့သည်။

မြန်မာတို့က အရှိန်ဖြင့်တစ်သမတ်တည်း လည်ပတ်သောဘီးကို စက်ဟုခေါ်တွင်သောကြောင့် အမြောက်၊ သေနတ် သွန်းလုပ်သောတိုက်တွင် တွေ့မြင်ရသည်တို့ကို မောင်ရွှေထွန်းက ဖော်ပြရာ၌ စက်ကြီး ၂၄ စက်ရှိကြောင်း၊ တစ်စက်လျှင် စက်အရန် ၁၀၀ ခန့် ရှိကြောင်း ၊ ထိုစက်တို့ကို လှည့်ပတ်ရအောင် မီးစက်ကြီးတစ်စက် ဆင်ထားကြောင်း ဖော်ပြခဲ့သည်။ ၎င်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထား သောမှု၌ –

> 24 large wheels, each large wheel turns about one hundred other, all the wheels are turned by one steam engine

ဟု တွေ့ရှိရသည်။ ထို့ကြောင့် ဘီးသည်ရိုးရိုးစက်ဖြစ်၍ မီးစက်သည် ဘီးစက်ကိုလည်စေသော အင်ဂျင်စက်ဖြစ်ကြောင်း သိရှိရသည်။

မောင်ရွှေထွန်းတို့ အဖွဲ့သည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော စက်ရုံသို့လည်း သွားရောက်ကြည့်ရှုခဲ့ကြရသည်။ ထိုစက်ရုံတွင် လျှပ်စစ်ဓာတ်ထုတ်လုပ်ပုံကို တွေ့မြင်ကြရပြီးနောက် “မောင်ရွှေထွန်းတို့ကို တစ်ယောက်လက်တစ်ယောက်ဆွဲကိုင်စေကာ စီတန်းရပ်နေစေသည်။ ရှေ့ဆုံးက မောင်ရွှေထွန်းကို ရေထည့်ထားသော အင်တုံငယ်ထဲသို့ လက်တစ်ဖက်ကို နှစ်ထားစေပြီးလျှင် လျှပ်စစ်ဓာတ်လွှတ်လိုက်သည်။ ထိုအခါ လက်ချင်းဆွဲထားကြသော လူအများတို့၏ အကြောသည် တစ်ကိုယ်လုံးတွန့်ကြသည်” ဟု လျှပ်စစ်ဓာတ်လိုက်မှု ကိုယ်တွေ့ခံစားရပုံကို အလွန်အံ့သြစွာဖြင့် ရေးသားဖော်ပြခဲ့သည်။ ထိုစက်ကို မောင်ရွှေထွန်းတို့က မိုးကြိုးစက်ဟု ဖော်ပြခဲ့သည်။ ထို့ကြောင့်ပင် ကုန်းဘောင်ခေတ်နှောင်း မြန်မာစာပေများတွင်တွေ့ရသော မိုးကြိုးစက်သည် လျှပ်စစ်ဓာတ် သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးစက်ကို ဆိုလိုခြင်း ဖြစ်သည်ဟု ယူဆရသည်။

မောင်ရွှေထွန်းတို့အဖို့ မိုးကြိုးစက်ကို ၁၈၃၅ ခုနှစ်ကျမှမြင်ဖူးကြသော်လည်း လျှပ်စစ်ဓာတ်ထုတ်နိုင်သော ကစားစရာ မိုးကြိုးစက်ငယ်တစ်ခုမှာ ၁၇၉၅–၉၆ ခုနှစ်ခန့်ကပင် ဗဒုံမင်း၏ နန်းတော်အတွင်း၌ ရှိနေခဲ့သည်။ ဗဒုံမင်း၏ မြေးတော် နောင်တွင် စစ်ကိုင်းမင်း ဖြစ်လာမည့် ၁၁ နှစ်အရွယ် မင်းသားငယ်သည် လျှပ်သိုအိုး (Leyden Phial) တပ်ဆင်ထားသော ထိုမိုးကြိုးစက်ငယ်ဖြင့် လျှပ်ရိုက်၊ လျှပ်ပွင့်၊ လျှပ်ကူးအထူးအဆန်းများကို လုပ်ဆောင်ကာ ကစားခဲ့သည်။

### ခေတ်မီလာသော ရတနာပုံခေတ်

အမြောက်၊ သေနတ်လုပ်သောစက်၊ သံရည်ကျိုစက်၊ ရက်ကန်းစက်၊ ဝါကြိတ်စက်၊ ဆန်ကြိတ်စက်၊ လွစက်၊ ဒင်္ဂါးလုပ်စက် စသောစက်များ တည်ထောင်ပေါ်ထွန်းခဲ့သော ရတနာပုံခေတ်၏ မြန်မာစာပေများ၌မူ သမားရိုးကျ စက်ယန္တရားများသာမက မီးအား၊ ရေနွေးငွေ့အားဖြင့် ခုတ်မောင်းသောအင်ဂျင်စက်၊ ဖောက်စက်၊ လွန်စက်၊ တွင်စက်၊ ပွတ်စက်၊ ဝန်ချီစက်များအကြောင်းကို မြင်ကြတွေ့ကြရသည်။ ထို့အတူ တချက်ချက်မြည်ကာ စက်အားဖြင့် အလိုအလျောက်လည်ပတ်နေသော စက်နာရီကြီးငယ်များ၊ တေးသံစုံသေတ္တာ၊ ငှက်တွန်သံမြည်သော သံစုံသေတ္တာ၊ စက်ပါမျောက်ရုပ်၊ စက်ယန္တရား တပ်ဆင်ထားသော ဆင်ရုပ်၊ မြင်းရုပ်၊ ကျားရုပ်စသော ကစားစရာစက်ရုပ်များ (Mechanical Toys) နှင့် အပ်ချုပ်စက်များအကြောင်းကိုလည်း တွေ့ရှိရသည်။ ရတနာပုံခေတ်စာပေတွင် တွေ့ရှိရသော စက်များနှင့် စက်ယန္တရားများသည်ကား အနောက်နိုင်ငံများ၌ စက်မှုတော်လှန်ရေးအပြီး တိုးတက်ပေါ်ထွန်းလာသော ခေတ်မီစက်များဖြစ်ကြကာ ဒဏ္ဍာရီဆန်သောစက်များ မဟုတ်ကြတော့ပေ။

ခေတ်အဆက်ဆက် ရှေးမြန်မာစာပေများ၌ တွေ့ရှိရသော စက်များ၊ စက်ယန္တရားများ၊ စက်လက်နက်များသည် သာမန်အားဖြင့် စိတ်ကူးယဉ်ဆန်၊ ဒဏ္ဍာရီဆန် နေသကဲ့သို့ ရှိသည်။ မီးအား၊ ရေနွေးငွေ့အားဖြင့် လှုပ်ရှားလည်ပတ်သော အင်ဂျင်စက်များ၊ machine စက်များ မဟုတ်ကြစေကာမူ ခြေခြေမြစ်မြစ် တွေးတောဆင်ခြင်ပါက သိပ္ပံနည်းကျကြောင်း၊ သိပ္ပံပညာအခြေခံပါရှိကြောင်း သိမြင်နိုင်သည်။ ရှေးမြန်မာစာပေများ၌ တွေ့ရသော စက်တို့သည် ဝန်းဝိုင်းသည်။ အရှိန်ပြင်းစွာဖြင့် မရပ်မနား လည်ပတ်သည်။ တိတိပိုင်းပိုင်း လှီးနိုင်ဖြတ်နိုင်သည်။ စွမ်းအားကြီးမားသည်ဟူသော အနက်များကို ဆောင်သည်။ စက်ယန္တရားဟု ဆိုရာ၌လည်း ဘီး၊ စက်သီး၊ စက်ကြိုး၊ မောင်းတံ၊ ကုတ်စသော ရိုးရိုးစက်များ၊ လက်သုံးကိရိယာ တန်ဆာပလာများကို ရည်ညွှန်းသည်။

ရူပဗေဒပညာအရ ထိုတန်ဆာပလာများသည် ရိုးရိုးစက်များ ဖြစ်ကြသည်။ ထို့ကြောင့်ပင် ဘီးနှင့် စက်သီးကိုသိသော သုံးတတ်သော ရှေးမြန်မာများမှာ စက်ကို အသုံးပြုတတ်ခဲ့ကြသည်ဟု ဆိုရမည်ဖြစ်သည်။ လက်သုံးကိရိယာများဖြစ်သော ရိုးရိုးစက်များကို အသုံးပြုကာ ရှေးမြန်မာတို့က ရေစီး၊ ရေလာနှင့် ရေအလျဉ်ကို တားဆီးထိန်းချုပ်နိုင်သော ရေတံခါးများအား ဆောက်လုပ်နိုင်ခဲ့ကြသည်။ လေးလံသော ပစ္စည်းကြီးငယ်တို့ကို သယ်နိုင်၊ မနိုင်၊ တင်နိုင်၊ ချနိုင်၊ ရွှေ့ပြောင်းနိုင်ခဲ့ကြသည်။ ယမ်းကို ကျွမ်းကျင်စွာကိုင်တွယ် အသုံးပြုကာ ယနေ့ခေတ် ဒုံးပျံတို့၏ အခြေခံဟုဆိုနိုင်သည့် စက်မီး၊ စက်ဒုံး အမျိုးမျိုးကို ရှို့လွှတ်နိုင်ခဲ့ကြသည်။ ဘူတဝါဟနခေါ် စက်ရုပ်ယန္တရားရုပ်များ လုပ်နိုင်ခဲ့ကြကြောင်းကိုလည်း ရှေးမြန်မာစာပေများက ဖော်ပြခဲ့ကြသည်။ ရတနာပုံခေတ် စာပေများ၌မူ မြန်မာစက်ယန္တရားများသည် ခေတ်မီအင်ဂျင်စက်များ၊ machine စက်များ ဖြစ်လာကြောင်း တွေ့ရှိနိုင်သည်။ ။

## ကရင်ပြည်နယ်အစိုးရအဖွဲ့ စုကလိမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ဘားအံ ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် ဇန်နဝါရီ ၂၆ ရက်က မြဝတီခရိုင် စုကလိမြို့ ဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စုကလိမြို့ စခန်းသစ်ကျေးရွာ ကော့လားငြိမ်းချမ်းရေးခန်းမတွင် ကျေးရွာဒေသခံများနှင့် တွေ့ဆုံပြီး ဒေသခံများ တောင်းဆိုသော ကျေးရွာရေရရှိရေး၊ ကျန်းမာရေး ဆေးပေးခန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာတွင်းလမ်းနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်ရေး၊ ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ဆရာ ဆရာမနှင့် ကျောင်းဆောင်သစ်များ လိုအပ်ချက်များကို တင်ပြတောင်းဆိုကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များ၊ နှစ်နှစ်အောက် ကလေးငယ်များအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့သည့် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ထောက်ပံ့ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စုကလိမြို့ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများနှင့် နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းခန်းမတွင် တွေ့ဆုံခဲ့ရာ စုကလိမြို့နှင့် ဆုံဆည်းမြိုင်ကျေးရွာတို့ရှိ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၁၅ ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၆၆၅ ခုကို လည်းကောင်း၊ စုကလိမြို့အတွင်း ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ် အောက်ကလေးငယ်များအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့သည့် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီကို လည်းကောင်း၊ အခြေခံပညာကျောင်းများ၊ ရဲစခန်းနှင့် ဆုံဆည်းမြိုင်ဆေးရုံတို့အတွက် ဆိုလာမီးများ၊ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအတွက် အာဟာရရှိအစားအစာများကို လည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့်တာဝန်ရှိသူများ ကျောင်းဆောင်သစ်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြစဉ်။

## ပွင့်ဖြူမြို့နယ် လယ်မကျေးရွာ (အ.ထ.က-ခွဲ) ကျောင်းဆောင်သစ်ဖွင့်လှစ်

**ပွင့်ဖြူ ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စု လယ်မကျေးရွာ(အ.ထ.က-ခွဲ)တွင် ဂျပန် - မြန်မာ ချစ်ကြည်ရေးအစီအစဉ်ဖြင့် ဆောက်လုပ်လှူဒါန်းသည့် အာစီနှစ်ထပ်စာသင်ကျောင်းဆောင်သစ် အဆောက်အအုံဖွင့်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာ (အ.ထ.က-ခွဲ) ကျောင်း၌ ကျင်းပရာ ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးကိုယ်စားလှယ် Ms. Suzumi Sekine၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်း၊ မင်းဘူးခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးရဲနိုင်နှင့် ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက ပြည်မြန်မာသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးကိုယ်စားလှယ် Ms. Suzumi Sekine က ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးက မကွေးတိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ ပြည်သူများ စုပေါင်းပြီး ကျောင်း ဆောင်သစ် ဆောက်လုပ်လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းကျောင်းကို ဂျပန်နိုင်ငံရှိ ပြည်သူများက တန်ဖိုးငွေကျပ် အမေရိကန်ဒေါ်လာ ၁၃၂၂၄ လှူဒါန်း၍ အလျား ပေ ၁၁၂ ၊ အနံ ပေ ၃၀ အာစီနှစ်ထပ် သွပ်မိုး၊ အုတ်ကာစာသင်ကျောင်းဆောင်သစ်အား ဂုဏ်ရှိန်ကြယ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် (၇၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၆ ရက် ညပိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးဇော်ဆွေက အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူ ၁၂၀ တို့အား မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန် ကူးမှုအန္တရာယ်၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြော ဆောင်ရွက်စဉ်။

၀၀၇

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကွမ်းလုံမြို့နယ်ရှိ ပြည်သူများနှင့် တွေ့ဆုံ

**ကွမ်းလုံ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ် မြောက်ပိုင်း ကွမ်းလုံမြို့နယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနား၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က အမှာစကားပြောကြားပြီး မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက "အမှိုက်စွန့်ပစ်ရန် မြေနေရာနှင့် သုသာန်မြေနေရာတို့ကို သစ်တောကြိုးဝိုင်းမြေမှ စွန့်လွှတ်ပေးနိုင်ရေး၊ ကွမ်းလုံ မြို့နယ်အတွက် ခန်းမဆောင် အဆောက်အအုံတစ်လုံး ခွင့်ပြုဆောင်ရွက်ပေးရန်၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လမ်း/တံတားလုပ်ငန်းများ အပြည့်အဝ ခွင့်ပြုပေးနိုင်ရေး၊ ကွမ်းလုံမြို့နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ရေလုံလောက်စွာရရှိရေးအတွက် ခွင့်ပြုဆောင်ရွက်ပေးနိုင်ရေး၊ ကွမ်းလုံ - မန်ပြိန်း- ခမ်းဒိန် - ဝဆုတ်- ပန်တန်ကျေးလက်လမ်းအား အဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းများအတွက်ပေးလျော်ရန် ကျန်ရှိသည့် မြေယာသီးနှံလျော်ကြေးများအား ခွင့်ပြုပေးနိုင်ရေး၊ မြို့နယ်အတွင်း မူးယစ်ဆေးဝါးလျော့နည်းပပျောက်စေရေး ကူညီဆောင်ရွက်ပေးရန်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်လျက်ရှိသည့် ရန်ပုံငွေအား ခွင့်ပြုပေးနိုင်ရေးနှင့် လားရှိုး - သိန်းနီ - ကွမ်းလုံ - ချင်းရွှေဟော် ပုံမှန်ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် ကြံသယ်ယာဉ်များဖြင့် ယာဉ်ကြောရှုပ်ထွေးပိတ်ဆို့မှုများ ဖြစ်ပွားလျက်ရှိသည့်အတွက် ကွမ်းလုံကြိုးတံတားအား (၂၄) နာရီ ဖြတ်သန်းခွင့်ပြုပေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး ဆောက်လုပ်မှုအပြီးသတ်နိုင်ရေး ရန်ပုံငွေကူညီ ထောက်ပံ့ပေးရန် တင်ပြချက်အပေါ် ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**မိုင်းခိုင်ဇော်(ပြန်/ဆက်)**



ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာအုပ်စု မေတ္တာကျေးရွာခန်းမ၌ ဇန်နဝါရီ ၂၇ ရက်တွင် ကွမ်းခြံကုန်းမြို့မစခန်းမှူး ဒုရဲမှူး ညီညီက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှထွန်းနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများအား မှုခင်း အသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် ကျေးရွာနေပြည်သူများ၏ သိရှိလိုသည့် မှုခင်းပိုင်းဆိုင်ရာ မေးမြန်းမှုများအား ရှင်းလင်းဆွေးနွေးစဉ်။

ရဲပြန်ကြား

## ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း

**လွိုင်ကော် ဇန်နဝါရီ ၂၉**

ကယားပြည်နယ်၏ အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်ရပ်နားစခန်းသစ် အကောင်အထည်ဖော်နိုင်ရေးနှင့် ကန္တရဝတီအထိမ်းအမှတ် ဥယျာဉ်မြေနေရာတွင် အဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းတည်ဆောက်နေမှုများ၊ သတ္တုသန့်စင်စက်ရုံတည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်အား သက်ဆိုင်ရာကုမ္ပဏီများက ရှင်းလင်းတင်ပြခြင်းကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဇင်ယော်စံကုမ္ပဏီမှ တာဝန်ရှိသူများက ယာဉ်ရပ်နားစခန်းတည်ဆောက်ရန် ဆောင်ရွက်ထားသည့်အစီအမံများ၊ အဆောက်အအုံ အင်ဂျင်နီယာဒီဇိုင်းရေးဆွဲဆောင်ရွက်ထားရှိမှုအခြေအနေ၊ လွိုင်ကော်မြို့ ကန္တရဝတီအထိမ်းအမှတ်ဥယျာဉ်အတွင်း၌ ရုပ်ရှင်ရုံ နှစ်ရုံ၊ စားသောက်ဆိုင်တန်း၊ ပုဂ္ဂလိကဆေးရုံနှင့် အခြားသော ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများကို ဆန်းမြတ်ထွန်းကုမ္ပဏီက ရှင်းလင်းတင်ပြ ခြင်း၊ Globth South Industrial Co .,Ltd. မှ လွိုင်ကော်မြို့ စက်မှုဇုန်(၂) ဧရိယာအတွင်း သတ္တုသန့်စင်စက်ရုံလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စက်ရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက ယာဉ်ရပ်နားစခန်းများအား သတ်မှတ်ထားသည့် နှစ်နှစ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ ယာဉ်ရပ်နားစခန်းတည်ဆောက်ရေးလုပ်ငန်းပြီးစီးသည်နှင့် ယာဉ်လိုင်းများ အားလုံးရွှေ့ပြောင်းဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးက စနစ်တကျ စီမံသွားရန်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် သတ်မှတ်မူဘောင်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများအား သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

**ထွန်းလေး**

# လေးကျွန်းစကြာ ထိုင်တော်မူရုပ်ပွားတော် တည်ဆောက်ရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေ

**ယင်းမာပင် ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ (၇) ရပ်ကွက် မဟာမုနိစီသီးပင်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူမည့် လေးကျွန်းစကြာ အေးချမ်းအောင်မြင် ဆုတောင်းပြည့်ဘုရား ထိုင်တော်မူ ရုပ်ပွားဆင်းတုတော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ လက်ရှိအချိန် ဇန်နဝါရီ ၂၈ ရက်တွင် ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဘုရားကြီးအား ဦးစီးတည်ဆောက်လျက်ရှိသော ပန်းတော့ပညာရှင် ဦးခင်မောင်စိုးထံမှ သိရသည်။

အဆိုပါ ရုပ်ပွားတော်ကြီးကို ၂၀၁၉ ခုနှစ် မေ ၁၈ ရက်က ပန္နက်တော်တင်မင်္ဂလာ ကျင်းပကာ ထိုင်တော်မူရုပ်ပွားဆင်းတုတော်၏ ပလ္လင်တော်မှစတင်၍ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ "တည်ဆောက်ရေးလုပ်ငန်းတွေကို တစ်ရက်ကို အလုပ်သမား ၃၀ ကျော်နဲ့ လုပ်ခဲ့ပါတယ်။ ထိုင်တော်မူရုပ်ပွားဆင်းတုတော်နဲ့ ပလ္လင်တော်တို့ကတော့ ကိုးလလောက်အကြာမှာ ပြီးသလောက် ဖြစ်သွားပါပြီ၊ ပလ္လင်တော်အတွင်းမှာ လိုဏ်ပါတော့ အတွင်းပိုင်းပြင်ဆင်မှုတွေ လုပ်နေတာပါ၊ အပြင်ပိုင်းမှာ ရုပ်ပွားတော်ကြီး ရောင်တော်ဖွင့်တာတွေလည်း လုပ်တော့မယ်၊ ဘုရားကြီးကို လာရောက်ဖူးမြော်နိုင်ဖို့ရန်အတွက် ရင်ပြင်တော် တည်ဆောက်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်နေပါတယ်။ လုပ်ငန်းအားလုံးကိုတော့ လာမယ့် တပေါင်းလ(မတ်လ)အတွင်း ပြီးစီးမှာဖြစ်ပါတယ်" ဟု ပန်းတော့ပညာရှင် ဦးခင်မောင်စိုးက ပြောသည်။

လေးကျွန်းစကြာ အေးချမ်းအောင်မြင် ဆုတောင်းပြည့်ဘုရား ထိုင်တော်မူ ရုပ်ပွားတော်ကြီးသည် ဒူးခွင်တော်အကျယ် ၃၅ ပေ၊ ဉာဏ်တော် ၄၁ ပေ ၆ လက်မ၊ ပလ္လင်တော်အမြင့် ၁၃ ပေ၊ စုစုပေါင်း ဉာဏ်တော်အမြင့် ၅၄ ပေ ၆ လက်မရှိပြီး ပလ္လင်တော်အတွင်းရှိ လိုဏ်ထဲတွင် ထိုင်တော်မူ ဆင်းတုတော် ကိုးဆူနှင့် ရပ်တော်မူရုပ်ပွားတော် လေးဆူတို့အား ထားရှိပူဇော်သွားမည်ဖြစ်ကြောင်း၊ ရုပ်ပွားတော်နှင့်အတူ အရှေ့အနောက် တစ်ဖက်လျှင် အရှည်ပေ ၁၅၀၊ တောင်နှင့်မြောက် တစ်ဖက်လျှင် အရှည် ၁၂၅ ပေရှိ ရင်ပြင်လည်း ပါရှိမည်ဖြစ်ကြောင်း သိရသည်။



လေးကျွန်းစကြာ ထိုင်တော်မူရုပ်ပွားတော်ကြီး

လေးကျွန်းစကြာ အေးချမ်းအောင်မြင် ဆုတောင်းပြည့်ဘုရားကြီး တည်ထားကိုးကွယ်နိုင်ရန် ဗုဒ္ဓဝတ္တကမြေကို မဟာမုနိစီသီးပင်ကျောင်းဆရာတော် ဦးဝိစက္ခဏမှ လှူဒါန်းပြီး ဘုရားကြီး တည်ဆောက်ရေးအတွက် ကုန်ကျစရိတ်များကို ဦးလှိုင်မြင့် မိသားစုတို့က လှူဒါန်းပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# မြန်မာနိုင်ငံအကြောင်း ၂၀၂၀ ပြည့်နှစ် အစီအရင်ခံစာတွင် စီးပွားရေးဆိုင်ရာစည်းမျဉ်းများချမှတ်ရေး ရှေ့တန်းတင်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

နိုင်ငံတကာသုတေသနနှင့် အတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်သည့် Oxford Business Group (OBG) မှ ထုတ်ပြန်ခဲ့သော အစီရင်ခံစာသစ်တွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးအားကောင်းလာသည့် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး(GDP) နှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့အပေါ် အခြေခံ၍ မြန်မာနိုင်ငံအနေဖြင့် စည်းမျဉ်းနှင့်အညီဆောင်ရွက်သော စီးပွားရေးကို ချဲ့ထွင်သွားနိုင်ရန် ကြိုးပမ်းအားထုတ်မှုများရှိကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါ The Report: Myanmar 2020 အစီရင်ခံစာကို ရန်ကုန်မြို့ရှိ Melia Hotel ၌ “Getting Ready for the Digital Age” ခေါင်းစဉ်ဖြင့် အထူးအခမ်းအနားတစ်ခု ကျင်းပကာ ဇန်နဝါရီလ ၂၆ ရက်က မိတ်ဆက်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(YRYEA)နှင့်အတူ ပူးပေါင်းကျင်းပခဲ့သော အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ထိပ်တန်းကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနား၏ အဓိက ဟောပြောသူများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး နှင့် OBG ၏ အာရှဒေသပိုင်းဆိုင်ရာ အယ်ဒီတာ Patrick Cooke တို့ ပါဝင်ခဲ့သည်။

The Report: Myanmar 2020 သည် ၂၀၁၉ ခုနှစ် ဥပဒေပြဋ္ဌာန်းချက်များအနက် အဓိကပြဋ္ဌာန်းချက်နှစ်ခုဖြစ်သော ဝင်ငွေရလမ်းမပြနိုင်သည့် သို့မဟုတ် စည်းကြပ်မှုမပြုလုပ်ခဲ့သည့် နိုင်ငံသားများအတွက် တစ်နှစ်တာ အခွန်သက်သာခွင့်ကို မိတ်ဆက်လိုက်သော ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် မှတ်ပုံတင်ခြင်း ပိုမိုများပြားလာစေရန် ရည်ရွယ်ချက်ဖြင့် မိတ်ဆက်လိုက်သော အခွန်စီမံခန့်ခွဲမှုဥပဒေများ အကြောင်းကိုလည်း မီးမောင်းထိုးပြခဲ့သည်။ လုပ်ငန်းအုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများ မြင့်မားလာစေရန်ကြိုးပမ်းမှုနှင့်အတူ ဤပြုပြင်ပြောင်းလဲရေးများသည် စည်းမျဉ်းနှင့်အညီဆောင်ရွက်သော စီးပွားရေးဈေးကွက်တွင်းသို့ ငွေကြေးများ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မောင်းနှင်အားကို တိုးမြှင့်ပေးလျက်ရှိသည်။

ထို့အပြင် The Report: Myanmar 2020 တွင် မြန်မာ့စီးပွားရေးကို ဈေးကွက်ပြိုင်ဆိုင်မှုနှင့် နိုင်ငံခြားသားပိုင်ဆိုင်မှုတို့ထံ ပိုမိုဖွင့်ဟပေးလိုက်ကြောင်းနှင့်စပ်လျဉ်း၍လည်း အသေးစိတ် ဆွေးနွေးထားသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ မူဝါဒများ ဖြေလျှော့ပေးခဲ့မှုကြောင့် ဈေးကွက်အတွင်း ခြေလှမ်းစိပ်လာသော အာမခံလုပ်ငန်းကဏ္ဍအကြောင်းကို လေ့လာထားပြီး မြန်မာနိုင်ငံတွင်းရှိ ပြည်ပဘဏ်များကို လက်လီဝန်ဆောင်မှုပေးအပ်ခွင့်ပြုလိုက်သည့်အကြောင်းကိုလည်း ခွဲခြမ်းစိတ်ဖြာ သုံးသပ်ထားသည်။ OBG ၏ ဤအစီရင်ခံစာတွင် ပြည်တွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားအာမခံလုပ်ငန်းများမှ အမှုဆောင်များ၏ စကားဝိုင်းဆွေးနွေးပွဲ ကောက်နုတ်ချက်များလည်း ပါဝင်သည်။




ရန်ကုန်မြို့ Melia Hotel ၌ အစီရင်ခံစာ မိတ်ဆက်ပွဲ ဇန်နဝါရီ ၂၆ ရက်က ကျင်းပစဉ်

မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည်လည်း The Report: Myanmar 2020 အစီရင်ခံစာတွင် အလေးပေးဖော်ပြခြင်းခံရသော ကဏ္ဍတစ်ခုဖြစ်သည်။ စက်မှုကိရိယာများနှင့် ရယူရန်လွယ်ကူသော ဘဏ္ဍာရေးဝန်ဆောင်မှုများမှတစ်ဆင့် မြန်မာ့စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရေး ကြိုးပမ်းမှုများအကြောင်းကိုလည်း အဆိုပါအစီရင်ခံစာတွင် ဆန်းစစ်ထားသည်။

အခြေခံအဆောက်အအုံစီမံကိန်းများနှင့် စက်မှုဇုန်များ အကောင်အထည်ပေါ်လာမှုကြောင့် ပိုမိုကျယ်ပြန့်လာသော ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်အကြောင်း အပြင် ရင်းနှီးမြှုပ်နှံမှုမူဘောင်များ ပိုမို ပွင့်လင်းမြင်သာမှုရှိလာစေရေးနှင့် ပုဂ္ဂလိက-အစိုးရ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ (public-private partnerships) ပိုမိုများပြားလာစေရေးတို့အတွက် ဆောက်လုပ်ရေးကဏ္ဍ၏ ကြိုးပမ်းမှုများကိုလည်း OBG က စာရင်းဇယားပြုစုထားသည်။

သတ္တုတူးဖော်ရေးလုပ်ငန်းတွင် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ နည်းပါးနေခြင်းနှင့် တရားမဝင်လုပ်ဆောင်မှုများရှိနေခြင်းတို့ အပါအဝင် အခြားသောအခက်အခဲများစွာ ကြုံတွေ့နေရသော်လည်း သတ္တုသည် မြန်မာနိုင်ငံပို့ကုန်၏ ၁၂ ရာခိုင်နှုန်းအထိပင် ရှိသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းနှင့် တူးဖော်ခွင့်လိုင်စင်သစ်များ ထုတ်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများရှာဖွေကာ သတ္တုတူးဖော်ရေးကဏ္ဍ မြှင့်တင်ရေး တိုးတက်မှုလမ်းစဉ်များကိုလည်း OBG က မှတ်တမ်းတင်ထားသည်။

နည်းပညာသစ်တစ်ခုဖြစ်သည့် 5G ကွန်ရက်ဖြန့်ကြက်ရန် ပြင်ဆင်မှုများ စတင်အကောင်အထည်ပေါ်လာခြင်းမှတစ်ဆင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် startup လုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ ပေါ်ပေါက်လာနိုင်သည့်အကြောင်းကိုလည်း ဤအစီရင်ခံစာတွင် ထည့်သွင်းစဉ်းစားထားသည်။

The Report: Myanmar 2020 တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သုံးသပ်မှုအမြင်များနှင့် ရင်းနှီးမြှုပ်နှံလိုသူများအတွက် ကဏ္ဍအလိုက် အသေးစိတ် လမ်းညွှန်ချက်များလည်း ပါဝင်သည်။ ထို့အပြင် ဤအစီရင်ခံစာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ CDC Group ၏ CEO ဖြစ်သူ Nick O’Donohoe၊ Marga Group ၏ ဥက္ကဋ္ဌ Stephen Suen နှင့် Japan International Cooperation Agency ၏ ဥက္ကဋ္ဌ Shinichi Kitaoka တို့အပြင် အခြားသော ထိပ်သီးပုဂ္ဂိုလ်များ၏ အင်တာဗျူးများကိုလည်း ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ပင်ကိုအားသာချက်များဖြစ်ကြသော အစဉ်ပြောင်းလဲနေသည့် ပြည်တွင်းဈေးကွက်များရှိခြင်း၊ သယံဇာတပေါကြွယ်ဝခြင်း၊ ပထဝီအနေအထားအရ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့အကြား အရေးပါသည့်နေရာတွင် တည်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာစီးပွားရေးရပ်ဝန်းကို ကမ်းလှမ်းချက်များ မြောက်မြားစွာ ပြုလုပ်နိုင်ကြောင်း OBG ၏ အယ်ဒီတာချုပ် Oliver Cor- nock က အဆိုပါ The Report: Myanmar 2020 အစီရင်ခံစာ မိတ်ဆက်ပွဲအခမ်းအနားမတိုင်ခင်က မှတ်ချက်ပေးခဲ့သည်။

“မြန်မာနိုင်ငံရဲ့ အားသာချက်တွေကြောင့် လာရောက်ရင်းနှီးမြှုပ်နှံဖို့ စောင့်ကြည့်နေသူများအနေနဲ့ အခြေခံအဆောက်အအုံ ကွာဟချက်တွေ၊ အရည်အချင်းမြှင့်တင်ဖို့ လိုအပ်နေသေးတဲ့ အလုပ်သမားကိစ္စတွေလို အခြားဖွံ့ဖြိုးဆဲဈေးကွက်တွေမှာ ကြုံတွေ့ရလေ့ရှိတဲ့ အခက်အခဲတွေကိုတော့ မလွဲမသွေကြုံတွေ့ကြမှာပဲဖြစ်ပါတယ်” ဟု Oliver Cornock က ပြောကြားခဲ့သည်။

“ဒါပေမယ့်လည်း မြန်မာနိုင်ငံရဲ့ ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်လျှောက် တိုးတက်မှုမှတ်တမ်းနဲ့ လာမယ့်နှစ်တွေမှာ အာဆီယံဒေသတွင်း အကြီးထွားဆုံးစီးပွားရေး ဖြစ်လာနိုင်တယ်ဆိုတဲ့ ခန့်မှန်းချက်တွေကြောင့် ကာလရှည်အခွင့်အလမ်းတွေရှာဖွေနေတဲ့ ကုမ္ပဏီတွေအတွက်တော့ မြန်မာနိုင်ငံဟာ အလားအလာကောင်းပြီး စိတ်လှုပ်ရှားဖွယ်ရာ ဈေးကွက်တစ်ခုဖြစ်လို့နေပါတယ်”ဟုလည်း ၎င်းကဆိုသည်။

OBG ၏ အာရှဒေသပိုင်းဆိုင်ရာ အယ်ဒီတာ Patrick Cooke က ပြည်တွင်းစီးပွားရေး၏ အစိတ်အပိုင်းတချို့ကို ပြည်ပမှ ပူးပေါင်းပါဝင်မှုအတွက် ဖွင့်ဟပေးခဲ့သည့် ကနဦးလုပ်ဆောင်ချက်များသည် ယခုအခါတွင် ရလဒ်များပေါ်မြင်နေရပြီဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

“ပြည်တွင်းနဲ့ ပြည်ပကရင်းနှီးမြှုပ်နှံသူတွေအတွက် အာမခံလုပ်ငန်းနဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှု ဈေးကွက်တွေကို ဖွင့်လှစ်ပေးလိုက်တဲ့အပြင် ဘဏ်လုပ်ငန်းကြီးတစ်ခုလုံးကို စည်းစနစ်ချပြီး လူတိုင်းအသုံးပြုနိုင်တဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုတွေပေးနိုင်ဖို့ မူဝါဒပိုင်းဆိုင်ရာ လျှော့ပေါ့ပေးမှုတွေကြောင့် နိုင်ငံတကာက လုပ်ငန်းကြီးတွေ ပြည်တွင်းကိုရောက်ရှိလာပြီး မြန်မာ့ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဟာလည်း အရှိန်အဟုန်နဲ့ ပြောင်းလဲတိုးတက်လျက်ရှိပါတယ်”ဟု ၎င်းကဆိုသည်။ “မောင်းနှင်အားပြင်းပြင်းနဲ့တိုးတက်နေတဲ့ ပုဂ္ဂလိကကဏ္ဍရဲ့ အရေးပါမှုကို ချဲ့ထွင်ရင်း မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုရဲ့ နောက်အဆင့်တွေကို လေ့လာသုံးသပ်သွားဖို့ စောင့်မျှော်နေပါတယ်”ဟု ၎င်းက ပြောကြားခဲ့သည်။

The Report: Myanmar 2020 အစီရင်ခံစာတွင် Oxford Business Group မှ သုတေသနအဖွဲ့၏ ၁၂ လကျော် ပြုလုပ်ထားသည့် လေ့လာဆန်းစစ်ချက်များလည်း ပါဝင်သည်။ အဆိုပါ ထုတ်ပြန်ချက်တွင် macroeconomics၊ အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်းနှင့် အခြားသော ကဏ္ဍအလိုက်တိုးတက်မှုများ အပါအဝင် စီးပွားရေးကဏ္ဍတစ်ခုလုံး၏ ဦးတည်ချက်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ခန့်မှန်းချက်များ ပါဝင်ပါသည်။

The Report: Myanmar 2020 အစီရင်ခံစာကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ EY နှင့် Kelvin Chia ဥပဒေအကြံပေးကုမ္ပဏီတို့နှင့်အတူ ပူးတွဲထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

**သွန်းဝဿန်**

## ဝမ်းတွင်းမြို့နယ်၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

ဝမ်းတွင်း ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာအုပ်စု ရွှေတောင်ဓမ္မာရုံ၌ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းများလျော့နည်းကျဆင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ ရွှေတောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ယဉ်ထွေး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်စွာဟိန်းနှင့် တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါး သုံးစွဲရောင်းချမှုများ ပပျောက်စေရေး၊ သက်ငယ်မုဒိမ်းမှုအပါအဝင် မှုခင်းများ ကင်းဝေးစေရေးအတွက် သိကောင်းစရာများကို ဟောပြောခဲ့ကြကာ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဒေသခံပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့သည်။

**ကိုရဲ**

# ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(စ) ရှေ့နေပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများ ကြီးမှူးကျင်းပခြင်းနှင့် ရှေ့နေပညာရပ်များ ဖလှယ်ခြင်း၊

(ဆ) ရှေ့နေလိုက်သူများ စောင့်ထိန်းလိုက်နာရမည့် ရှေ့နေကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်း၊ ယင်းတို့ကို စောင့်ထိန်းလိုက်နာကြစေရန် အသိပညာဖြန့်ဝေခြင်း၊

(ဇ) ရှေ့နေကျင့်ဝတ်သိက္ခာနှင့်မညီသော တရားလွှတ်တော် ရှေ့နေများအား သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး စီမံခန့်ခွဲရေးအရ အရေးယူခြင်း၊

(ဈ) ရှေ့နေကျင့်ဝတ်သိက္ခာနှင့်အညီ တရားမျှတမှုအတွက် အမှုလိုက်ပါဆောင်ရွက်ခြင်း ပြုသည့် တရားလွှတ်တော်ရှေ့နေများ၏ အခွင့်အရေးများနှင့် ကင်းလွတ်ချက်များကို အကာအကွယ်ပေးခြင်း၊

(ည) တည်ဆဲဥပဒေများကိုသုံးသပ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းရေးအတွက် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းတို့ပြုနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြံပြုခြင်း၊

(ဋ) ဒေသဆိုင်ရာ ရှေ့နေများ ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း၊ ယင်းကောင်စီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ခြင်းတို့ ပြုရာတွင် ဖြစ်နိုင်သမျှ တစ်ပြေးညီဖြစ်စေရေးအတွက် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပေးခြင်းနှင့် ယေဘုယျကြီးကြပ်ခြင်း၊

(ဌ) အကြောင်းတစ်စုံတစ်ရာကြောင့် ဒေသဆိုင်ရာရှေ့နေများ ကောင်စီတစ်ခုခုကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပနိုင်ခြင်း မရှိသည့်အခါ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် အထူး ကော်မရှင်ဖွဲ့စည်းပြီး အဆိုပါဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပစေခြင်း၊

(ဍ) ဒေသဆိုင်ရာ ရှေ့နေများကောင်စီများက တောင်းခံလာသည့် ဥပဒေရေးရာနှင့် ရှေ့နေကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးတို့အတွက် အကြံဉာဏ်ပေးခြင်း၊

(ဎ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့ အစည်းများနှင့် အများပြည်သူတို့ ဥပဒေရေးရာ သိကောင်းစရာများကို အသိပညာပေးခြင်း၊

(ဏ) ပြည်သူများအား ဥပဒေရေးရာ အထောက်အကူပေးရေးအတွက် ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(တ) သက်ဆိုင်ရာ ပညာရေးဥပဒေနှင့်အညီ ပုဂ္ဂလိကတို့မှ ဖွင့်လှစ်သည့် ဥပဒေပညာ သင်ကြားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်သိပ္ပံတို့မှ သင်ကြားသော သင်ရိုးညွှန်းတမ်းများအား စိစစ်ပြီး အကြံပြုခြင်းနှင့် ယင်းတို့မှ ချီးမြှင့်သည့် ဘွဲ့ဒီဂရီနှင့် ဒီပလိုမာများကို အသိအမှတ်ပြုခြင်း၊

(ထ) မသန်စွမ်းသော၊ နွမ်းပါးသော သို့မဟုတ် မကျန်းမာသော တရားလွှတ်တော်ရှေ့နေများအား မြန်မာနိုင်ငံရှေ့နေများကောင်စီ ရန်ပုံငွေမှ သင့်လျော်သောထောက်ပံ့ငွေများ ချီးမြှင့်ခြင်း၊

(ဒ) ဝါရင့် တရားလွှတ်တော်ရှေ့နေများက အလုပ်သင်ရှေ့နေများအား ဥပဒေပညာသင်တန်းများကိုပေးရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဓ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေသို့ တရားလွှတ်တော် ရှေ့နေများက ပေးသွင်းရမည့် ဝင်ကြေးနှင့် နှစ်စဉ်ကြေးများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(န) ဥပဒေပညာရပ်ဆိုင်ရာ ပညာပေးစာအုပ်၊ စာစဉ်၊ ဂျာနယ်နှင့် စာစောင်များပြုစုရေးနှင့် ပုံနှိပ်ဖြန့်ချိရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊

(ပ) ဥပဒေပညာ ပြန့်ပွားရေးအတွက် ပြည်တွင်းပြည်ပ ဥပဒေပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများနှင့် စာစောင်များစုဆောင်းပြီး စာကြည့်တိုက်တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ဥပဒေပညာရပ်ဆိုင်ရာ စာကြည့်တိုက်ကို ရှေ့နေလိုက်သူများ အသုံးပြုသည့် အလေ့အကျင့်များ တိုးပွားစေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ဖ) နိုင်ငံခြားရှိ ဥပဒေပညာရပ်ဆိုင်ရာ တက္ကသိုလ်တစ်ခုခုမှ ချီးမြှင့်သော ဥပဒေဘွဲ့၊ ဒီဂရီတစ်ခုခုကို နှစ်နိုင်ငံ သဘောတူညီချက်အရ သတ်မှတ်ချက်များနှင့်အညီ အပြန်အလှန် အသိအမှတ်ပြုခြင်း၊ မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ဗ) နိုင်ငံတကာ ဥပဒေပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ရှေ့နေအသင်းများ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဘ) ဤဥပဒေအရ ပေးအပ်သော အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဒေသဆိုင်ရာရှေ့နေများကောင်စီဖွဲ့စည်းခြင်း

၁၃။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှေ့နေများကောင်စီကို ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီး တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရှေ့နေလိုက်သူများ က ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ အနည်းဆုံး ၃ ဦးမှ အများဆုံး ၉ ဦး | အဖွဲ့ဝင်များ |
| (ဃ) | ပုဒ်မခွဲ(ဂ) အရရွေးချယ်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေတစ်ဦး | အတွင်းရေးမှူး |
| (င) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၁၄။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် နေပြည်တော်ကောင်စီနှင့် ညှိနှိုင်းပြီး အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် နေပြည်တော်ကောင်စီ ရှေ့နေများကောင်စီကို ဖွဲ့စည်းရမည် –

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသည့် ညွှန်ကြားရေးမှူးချုပ်တစ်ဦး | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စု တရားသူကြီးချုပ်က တာဝန်ပေးသည့် ညွှန်ကြားရေးမှူးချုပ် တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရှေ့နေလိုက်သူများက ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ အနည်းဆုံး ၂ ဦးမှ အများဆုံး ၅ ဦး | အဖွဲ့ဝင်များ |
| (ဃ) | ပုဒ်မခွဲ (ဂ) အရ ရွေးချယ်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေတစ်ဦး | အတွင်းရေးမှူး |
| (င) | ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသည့် ဥပဒေအရာရှိ | တွဲဖက်အတွင်းရေးမှူး |

၁၅။ ဒေသဆိုင်ရာရှေ့နေများကောင်စီ၏ အဖွဲ့ဝင်အဖြစ် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) အရ ရွေးချယ်တင်မြှောက်ခြင်းခံရမည့်သူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် –

(က) ပုဒ်မ ၅၊ ပုဒ်မခွဲ (က) မှ (င) အထိ ပါရှိသောအချက်များ၊

(ခ) တရားလွှတ်တော်ရှေ့နေအဖြစ် ရှေ့နေလုပ်သက် အနည်းဆုံး ၅ နှစ်ရှိသူဖြစ်ရမည်။

၁၆။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ပဋိညာဉ်ချုပ်ဆိုပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ ရယူပိုင်ဆိုင်ခွင့်၊ ဆောင်ရွက်ပြီး လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ ဆက်ခံပိုင်ခွင့်၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ ဆက်ခံပိုင်ခွင့်၊ မိမိအမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆို ခံနိုင်ခွင့်တို့ ရှိသည်။

၁၇။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များအနက် ရာထူးအလျောက် ခန့်အပ်တာဝန်ပေးခြင်းခံရသူများမှအပ ကျန်ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များ၏ ရာထူးသက်တမ်းသည် စတင်ဖွဲ့စည်း တာဝန်ပေးသည့်နေ့မှ တစ်ကြိမ်လျှင် (၃/၄/၅) နှစ် ဖြစ်သည်။

၁၈။ ဒေသဆိုင်ရာရှေ့နေများကောင်စီဝင်များအနက် ရာထူးအလျောက် ခန့်အပ်တာဝန်ပေးခြင်းခံရသူများမှအပ ကျန်ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင်များသည် –

(က) ရာထူးသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိ တာဝန်ထမ်းဆောင်နိုင်ခွင့်ရှိသည်။

(ခ) ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကျင့်သုံးဆောင်ရွက်ခြင်းအတွက် နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက ပြည်ထောင်စု ရှေ့နေချုပ်၏သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၁၉။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီဝင် တစ်ဦးဦးအား ရာထူးရပ်စဲခြင်း၊ လစ်လပ်သည့် ရာထူးနေရာတွင် အစားထိုးခန့်အပ်ခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းနှင့် အစားထိုးတာဝန်ပေးခြင်းခံရသူ၏ ရာထူးသက်တမ်းတို့သည် ပုဒ်မ ၁၀ နှင့် ၁၁ ပါအတိုင်းဖြစ်သည်။

## အခန်း (၆)
## ဒေသဆိုင်ရာ ရှေ့နေများကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၀။ ဒေသဆိုင်ရာရှေ့နေများကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားမှုများကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရခွင့်ပြုပါက အထက်တန်းရှေ့နေအဖြစ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊

(ဂ) အထက်တန်းရှေ့နေများ၏ မှတ်ပုံတင်စာရင်းနှင့် မှတ်တမ်းများကို ပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း၊

(ဃ) မိမိ၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မိမိကောင်စီဝင် အနည်းဆုံး ၃ ဦးမှအများဆုံး ၅ ဦးအထိ ပါဝင်သည့် အောက်ပါလုပ်ငန်းကော်မတီများ (နှင့် ခုံရုံး)ကို ဖွဲ့စည်းပြီး တာဝန်ပေးခြင်း –

(၁) အထက်တန်းရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ/ ခုံရုံး)၊

(၂) အထက်တန်းရှေ့နေများအား စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊

(၃) ဒေသဆိုင်ရာ ဥပဒေအထောက်အကူပေးရေး ညှိနှိုင်းမှုလုပ်ငန်းကော်မတီ၊

(၄) ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊

(၅) လိုအပ်သော အခြားလုပ်ငန်းကော်မတီများ။

(င) ရှေ့နေပညာ အဆင့်မီ တိုးတက်ရေး၊ ရှေ့နေများ အရည်အသွေးပြည့်ဝရေးနှင့် မွန်မြတ်သော ရှေ့နေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးတို့အတွက် ပြည်တွင်းမှ ဥပဒေဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ရှေ့နေပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများ ကြီးမှူးကျင်းပခြင်းနှင့် ရှေ့နေပညာရပ်များ ဖလှယ်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် ရှေ့နေကျင့်ဝတ်သိက္ခာများနှင့်အညီ ရှေ့နေလိုက်သူများ စောင့်ထိန်းလိုက်နာကြစေရန် အသိပညာ ဖြန့်ဝေခြင်း၊

(ဇ) ရှေ့နေ ကျင့်ဝတ်သိက္ခာနှင့်မညီသော အထက်တန်းရှေ့နေများအားသတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး စီမံခန့်ခွဲရေးအရ အရေးယူခြင်း၊

(ဈ) ရှေ့နေ ကျင့်ဝတ်သိက္ခာနှင့်အညီ တရားမျှတမှုအတွက် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုသည့် အထက်တန်းရှေ့နေများ၏ အခွင့်အရေးများနှင့် ကင်းလွတ်ချက်များကို အကာအကွယ်ပေးခြင်း၊

(ည) တည်ဆဲဥပဒေများကို သုံးသပ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းရေးအတွက် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းတို့ပြုနိုင်ရန် မြန်မာနိုင်ငံ ရှေ့နေများကောင်စီသို့ အကြံပြုခြင်း၊

(ဋ) ဒေသဆိုင်ရာ ရှေ့နေလိုက်သူများက တောင်းခံလာသည့် ဥပဒေရေးရာနှင့် ရှေ့နေကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးတို့အတွက် အကြံဉာဏ်ပေးခြင်း၊

(ဌ) ဒေသဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အများပြည်သူတို့ ဥပဒေရေးရာသိကောင်းစရာများကို အသိပညာပေးခြင်း၊

(ဍ) ပြည်သူများအား ဥပဒေရေးရာ အထောက်အကူပေးရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဎ) ဝါရင့်တရားလွှတ်တော်ရှေ့နေများက အလုပ်သင်ရှေ့နေများအား ဥပဒေပညာသင်တန်းများကို ပေးရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဏ) ဒေသဆိုင်ရာ ရှေ့နေများကောင်စီရန်ပုံငွေသို့ အထက်တန်းရှေ့နေများက ပေးသွင်းရန် သတ်မှတ်ထားသည့် ဝင်ကြေးနှင့် နှစ်စဉ်ကြေးများကို ကောက်ခံခြင်းနှင့် မှန်ကန်စွာပေးသွင်းစေရန် ကြီးကြပ်ခြင်း၊

(တ) ဥပဒေပညာရပ်ဆိုင်ရာ ပညာပေးစာအုပ်၊ စာစဉ်၊ ဂျာနယ်နှင့် စာစောင်များပြုစုရေးနှင့် ပုံနှိပ်ဖြန့်ချိရေးတို့ကို စီစဉ်ဆောင်ရွက်ခြင်း၊

